www.burmeseclassic.com



# ရွှေဒဂုံ

## ချစ်ဦးညို

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၁၃၀၇၀၄၀၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၃၀၆၀၆၀၇

အဖုံးဒီဇိုင်း - ကိုသန်း

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၇၃)
အမှတ် ၁၃၊ ၁၈၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၈၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။


အတွင်းဖလင် - အောင်မင်းလွင်

စာအုပ်ချုပ် - ကိုသန်းဌေး

ပုံနှိပ်ခြင်း - ၂၀၀၀ ခုနှစ်၊ ဇူလိုင်လ။
ပထမအကြိမ်။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၀၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com

"ဘာပြောတယ် ကိုလတ်၊ ကိုလတ်နဲ့ သိဂီတို့ လမ်းခွဲကြရအောင် ဟုတ်လား"

မမျှော်လင့်သောစကား ကြားလိုက်ရတာကြောင့် ကန်တော်ကြီးမျက်နှာပြင်ကို မျက်နှာမူလျက် ရပ်နေရာမှ သိဂီဗျာခနဲ လှည့်ကာမေးသည်။

သူက အေးဆေးတည်ငြိမ်စွာဖြင့် ခေါင်းညိတ်၏။

"ဟုတ်တယ် သိဂီ၊ ခုဆို ကိုယ်တို့နှစ်ယောက်ကြားမှာ ဘာခံစားချက်မှ မရှိတော့ဘူးလို့ ထင်တယ်၊ ဒီအတွက် ရှေ့ဆက်တွဲနေလည်း ကိုယ်တို့အတွက် ပျော်ရွှင်စရာမရှိမယ့်အတူတူ စောစောက လမ်းခွဲကြတာ ကောင်းမယ်မဟုတ်လား"

"ဘာခံစားချက်မှ မရှိတော့ဘူးဆိုတဲ့စကားက ကိုလတ်





ဘက်က မဟုတ်လားဟင်၊ သိဂီဘက်ကတော့ ကိုလတ်အပေါ်မှာ"

"ဟိုး...တော်ပါတော့ သိဂီ၊ ဟိုတစ်နေ့က မင်းနဲ့ကျော်သူရ ရုပ်ရှင်ရုံထဲက အတူတွဲထွက်လာတာ ကိုယ်မြင်ပါတယ်"

"တင်"

သူ့စကားကြောင့် သိဂီမျက်နှာ ပျက်သွား၏။ သူက ခပ်လွှန့်လွှန့်ပြုံးသည်။

"မအံ့သြပါနဲ့ သိဂီ၊ အဲဒီအတွက်လည်း ကိုယ် သိဂီကို စိတ်မဆိုးပါဘူး၊ ဒါပေမယ့် ခံစားချက်မရှိတဲ့ ကိုယ်တို့ ဟန်ဆောင်ဆက်တွဲမယ့်အစား လမ်းခွဲကြတာ အကောင်းဆုံးမဟုတ်လား သိဂီ"

အနိုင်ရသူတစ်ယောက်လို သူပြောသမျှ သိဂီမှာ နှုတ်ခမ်းလေး တင်းတင်းစေ့ထားမိ၏။

"ဒီကိစ္စမှာ သိဂီကိုချည်း အပြစ်မတင်ပါနဲ့ ကိုလတ်၊ တကယ်တမ်းမှာ ကိုလတ်ကိုယ်တိုင်ကလည်း သိဂီကို ငြီးငွေ့နေပြီ မဟုတ်လား၊ အဟင်း နောက်ဆုံးတော့ ကိုလတ်ရဲ့အကျင့်အတိုင်း



www.burmeseclassic.com

မိန်းမတစ်ယောက်ကို အရွှန်းဖောက်တာ နှစ်လ သုံးလပဲပေါ့”

သူ့ကို ချစ်ရှုရှုး ကြည့်၍ နှုတ်ခမ်းလေးမှုကာ သိဂီ ရှက်ရွှေကြောင်၏။ မခိုးထွန်းသည်။

“ဒါပေမယ့် သိဂီ ကံကောင်းပါတယ်။ ကိုယ်တွဲသမျှ မိန်းကလေးတွေထဲမှာ သိဂီဟာ ကြာရှည်ဆုံးပဲ”

“ရှင် ရှင်”

ရှက်စွာ ခုံရေတ်မာန်ဖြင့် သိဂီမျက်နှာလေး နီသွားသည်။ နေရှုတော့ အဲ့လေးကြိမ်တစ်

“အဲ့ဒီမရေးဘော ရှင်တ ဒီအချိန်မှာ ပြောအားရှိနေတဲ့ လူတစ်ယောက်ပါ ကိုနောင်လတ်၊ ရှင့်ရဲ့ချောမောတဲ့ ရုပ်ရည်၊ [illegible] ဖြည့်စုံအယ်ဆိုတဲ့ [illegible] အားတွေနဲ့ မိန်းကလေးတွေရဲ့ အသည်းကိုခွဲပြီး [illegible] ရှင်အောင်မြင် [illegible] ကိုနိုလတ်”

ပြုံး၍ [illegible] သိဂီက [illegible] လှည့်ထွက်ခဲ့၏။ [illegible]



ကိုထုတ်ကာ အေးဆေးစွာ မီးညှိသောက်နေလိုက်၏။

စီးကရက်မီးခိုးငွေ့များကို တစ်ချက်မှုတ်ထုတ်ရင်း စိမ်းပြာသော [illegible] အခိုးငွေ့ [illegible] ကြည့်မိသည်။

တကယ်တော့ သူ့ဘဝသည် [illegible] သည့် [illegible] ပြည့်စုံသေးမယ့် [illegible] ဖြစ်ပြီး သူ့ရင်ထဲမှာ [illegible] ဘယ်သူမှမသိပေ။

[illegible] ခေါင်း [illegible]

အသက်နှစ်ဆယ့်ငါးနှစ်ဝန်းကျင်ရှိ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ မျက်ခုံးမျက်လုံးကောင်းကောင်းနှင့် ချောမောသော ရုပ်ရည်ပိုင်ရှင် [illegible] မိန်းကလေးတွေကြားမှာ [illegible]

သူ့ရုပ်သူ့ရည်၊ သူ့ပကာသနဂုဏ်တို့ကြောင့် [illegible] သည် [illegible] ဖြစ်၏။ [illegible]”

www.burmeseclassic.com



သို့သော်...

သူက ထိုမိန်းကလေးတွေကို ခဲဆာတာ အမျှော်တွဲရုံကလွဲ၍ ရင်ထဲနှလုံးသားထဲမှာ ဘာမှလေးလေးနက်နက်မရှိ။

အမှန်ပြောရလျှင် သူ့အတွက် အချစ်စစ်၊ အချစ်မှန်ဆိုတာ ဘယ်အရာမှန်း မသိအောင်ပင်။

"ကိုယ်က တက္ကသိုလ်ကျောင်းသား တစ်ဦးလည်း မဟုတ်တော့ဘူး နောင်လတ်၊ မင်းအနေနဲ့ ကိုယ့်ဂုဏ်သိက္ခာနဲ့အညီ မိန်းကလေးတစ်ယောက်ကို တည်တည်တံ့တံ့ တွဲသင့်ပြီ"

သူ၏ အရင်းနှီးဆုံး သူငယ်ချင်း စိုးလှိုင်က သတိပေးလာသည်။

"တည်တည်တံ့တံ့ ဟုတ်လား၊ တည်တည်တံ့တံ့ တွဲတယ်ဆိုတာ ကိုယ့်ရင်ထဲက တကယ်ချစ်တဲ့ မိန်းကလေးမျိုးမှ ဖြစ်မှာပေါ့ စိုးလှိုင်၊ သေချာတာက ခုချိန်ထိ ကိုယ့်မှာ အဲဒီလို မိန်းကလေး မရှိသေးဘူး"

"မရှိတာမဟုတ်ပါဘူး နောင်လတ်၊ မင်းအနားမှာ





ပန်းလှလှတွေများနေတော့ ဘယ်ပန်းကို ရွေးချယ်ရမှန်းမသိတာပေါ့ ကွာ"

သည်တစ်ချက်တော့ စိုးလှိုင်ပြောတာ ဟုတ်နိုင်၏။ သူက မစရဘဲ အခွင့်အရေးကမ်းလှမ်းလာတဲ့ လက်သွယ်သွယ်လေးတွေကို အလိုက်သင့် ဆုပ်ကိုင်မိတာကလွဲ၍ နှလုံးထဲမှ ခံစားချက်မပါပေ။

"ကိုယ်လည်း မင်းပြောသလို ကိုယ့်ရင်ထဲ နှလုံးသားထဲက သိပ်ချစ်ရတဲ့ မိန်းကလေးမျိုးတွေ့ချင်ပါတယ်၊ စိုးလှိုင် ခက်တာက ကိုယ့်နှလုံးသားဟာ မိန်းမတွေအပေါ်မှာ မလှုပ်ရှားတတ်တော့ဘူးထင်တယ်"

သေချာတာကတော့ မိန်းကလေးတွေနဲ့ ပတ်သက်လျှင် သူ့နှလုံးသား အေးစက်လွန်းတော့ပင်။

သူပြောတော့ စိုးလှိုင် ခေါင်းခါယမ်းသည်။

"မင်းရဲ့နှလုံးသားက အေးစက်နေတာမဟုတ်ဘူး၊ တကယ့်အချစ်စစ်ကို မတွေ့သေးလို့ပါ၊ တစ်နေ့ မင်းနှလုံးသားတွေ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဖြင်းဖြင်းထန်ထန် လှုပ်ရှားလာဦးမှာပါ”

“ကိုယ်လည်း အဲဒီနေ့ကို စောင့်နေပါတယ် စိုးလှိုင်”

အကယ်လည်း အချစ်စစ်နှင့် တွေ့မည့်နေ့ကို သူစောင့်နေစေချင် ယနေ့ချိန်ထိ ပေါ်မလာပါ။

သီဂီကတော့ သူ့နောက်ဆုံးတွဲသည့် မိန်းကလေးဟု ဆိုရသည်။ သီဂီသည် လူပသူတစ်ဦးဖြစ်ပေမယ့် သူ့နှလုံးသားကို ချန်အောင် မစွမ်းဆောင်နိုင်ပေ။

ယခုတော့ သီဂီလည်း သွားပြီ။ သူတစ်ယောက်တည်း။

အမှန်း သီဂီသွားလို့ လွမ်းရမည့်အစား ပခုံးမှ ဝန်ထုပ်ကြီးကပို၍ ပေါ့ပါးလွတ်လပ်သွားသလို ခံစားရ၏။

သီဂီသာ ဒီအကြောင်းသိလျှင် သူ့ကို ဘယ်လောက်များ မုန်းတီးလိုက်မလဲ။

ထိုစဉ်

“သားသားနော်-အဲဒီ အကြော်တွေမ ရှားရှားဆိုတော”

အေးမြကြည်လင်သာယာသော အသံလေးတစ်ခုကြောင့် သူ မျက်ခုံးနဲ့ လှည့်ကြည့်လိုက်တော့…





“မောင်”

အသက်သုံးနှစ်အရွယ်ရှိ အနီရောင်ဝတ်စုံလေးနှင့် အသားဖြူဖြူ၊ တုတ်တုတ်ခဲခဲလေးနှင့် ချစ်စရာကောင်းသော ချာတိတ်နောက်မှာ အသက်အားဖြင့် နှစ်ဆယ်ကျော်ဝန်းကျင်ရှိ စကားဝါရောင်ဖျော့သို့ ဝင်းနှစ်သော အသားအရေ၊ မြင့်လွန်း နိမ့်လွန်းသောအရပ်မှာ ကျစ်လစ်သွယ်လျ အချိုးကျသော ကိုယ်ခန္ဓာ၊ ဝိုင်းမယောင်နှင့် သွယ်သော မျက်နှာလေးတွင် အမှုအထက်ဟူ၍ တစ်ခုလေးမှမရှိဘဲ စင်ရော်တောင်မျက်ခုံးနက်နက်၊ မျက်တောင်ကော့ကော့၊ လှပသောမျက်ဝန်းများ၊ ချွန်မြသော နှာတံစင်းစင်းလေးအောက်မှာ နှင်းဆီပွင့်ဖတ်လေးသို့ နီထိသော နှုတ်ခမ်းတစ်စုံ။ ချောမော့ချောက်ပွင့်မရှိ ဆေးရှုံးသောလည်းတိုင်။

ပိုးသွားကဲ့သို့ နက်မှောင်တောက်ပသော ဆံနွယ်တို့ကိုနောက်တွဲလေးထုံးလျက် ကျောက်စိမ်းရောင် ရင်ဖုံးအင်္ကျီလေးတို့အားကို အနက်ပေါ်တွင် ကျောက်စိမ်းရောင် ပွင့်ကြဲရိုက်ဝါသော လုံချည်ရှည်အိအိခြေဖျားနှင့် တွဲဝတ်ထားသည်။

လှပတယ်ဆိုတာထက် မဟာဆန်သော့ဆေးမွှင်း ကြည်ကြည်အေး



www.burmeseclassic.com

www.burmeseclassic.com



ရှိ ချောမောသော မိန်းကလေးကို တွေ့လိုက်ရခိုက် သူမျက်ဝန်းတို့ ဝေအန်ဖြစ်သွားလျက် နှလုံးသားက ထူးခြားစွာ တထိတ်ထိတ်ရင် ခုန်လာရ၏။

ကြည့်စမ်း ဒါဟာ ဘယ်လောက်များ ထူးဆန်းလိုက်လဲ။

အမြဲတမ်း တည်ငြိမ်နေသော သူ့နှလုံးသားက ဒီမိန်းကလေးနှင့်ကြမှ ထူးထူးခြားခြား ရင်ခုန်လာတာ။

"ဟာ ကလေး"

"အို သား"

သူကြည့်နေစဉ်မှာ ကုန်းအတိုင်း ရှေ့မှပြေးလာသော စောစောက ချာတိတ်ကလေး လဲကျမည့်ဟန်ကြောင့် သူပြေးထိန်းပေးလိုက်၏။

စိုးရိမ်စိတ်နှင့် သူမကလည်း အနားသို့ ဖျတ်ခနဲ ရောက်လာသည်။

"သားသား ဘာဖြစ်သွားသေးလဲဟင်"

လန့်သွားဟန်ဖြင့် မျက်လုံးဝိုင်းလေးနှင့် ဖြစ်နေသော ကလေးကို သူမမေးသည်။





"ချာတိတ် ဘာမှမဖြစ်ပါဘူး၊ အချိန်မီ ထိန်းလိုက်လို့လေ"

ကြားထဲမှ သူဝင်ပြောလိုက်၏။

သည့်တော့မှ သူမမျက်နှာက စိုးရိမ်မှုလေး ပျောက်သွားလျက်...,

"ကျေးဇူးပါပဲရှင်၊ သားသားက သိပ်ဆော့တာပဲ၊ သား ဒီကဦးဦးကို ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်"

သူမျက်နှာကို တည်ငြိမ်စွာ ကြည့်လျက် သူမပြောသည်။

ချာတိတ်လေးက

"ကျေးဇူးတင်ပါတယ် ဦးဦး"

"ရပါတယ်ကွာ၊ နောက်တစ်ခါ မလဲအောင် သတိထား ဟုတ်လား"

ချစ်စရာကောင်းသော ကလေးငယ်၏ ပါးဖောင်းဖောင်းကို လက်ညှိုးလက်မနှင့် အသာဖျစ်၍ သူပြောလိုက်သည်။

"ကျွန်မတို့ကို ခွင့်ပြုပါဦးရှင်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဓါတ်လိုက်ကို ဆွဲ၍ သူမဂေဟ ထွက်သွားသည်။ သူမ ထွက်သွားရာကြည့်ရင်း သူ့ရင်ထဲ လစ်ဟာသွားသလို ခံစားရ၏။

ဘာကြောင့်လဲ။ တာကယ်ဆို သူလိုလူတစ်ယောက်က ဒီလိုဖြစ်ရမှာတဲ့လား။

"သိပ်ကိုလှပပြီး ကျက်သရေရှိတဲ့ မိန်းကလေးပဲ"

သူ့နှုတ်မှ ခပ်တိုးတိုး မှတ်ချက်ချမိသည်။

"သူတို့သားအမိပဲလား၊ ကလေးရဲ့အဖေကော မပါဘူးလား"

ပထမဆုံးအကြိမ် မိန်းမတစ်ယောက်နှင့် ဖတ်သက်ပြီး သူစိတ်ဝင်စားခြင်းပါ။

တာကယ်ဆို ဒီလိုမဖြစ်သင့်ပါ။ သူမဟာ ကလေးမိခင် တစ်ယောက်ပဲ။

သို့သော် . . သို့သော် . .



www.burmeseclassic.com

www.burmeseclassic.com

"စိုးလှိုင်ရေ ကိုယ်တော့ခက်ပြီထင်တယ်"

"ဘာဖြစ်လာတာလဲ နောင်လတ်"

မျက်စိမျက်နှာ ပျက်ယွင်းစွာနဲ့ ရောက်လာသော သူ့ကို စိုးလှိုင် အကဲခတ်ကြည့်ပြီး မေး၏။

သူသက်ပြင်းချကာ...

"စိုးလှိုင် မင်းပြောတဲ့တစ်နေ့ ကိုယ့်နှလုံးသားတွေ ခုန်တဲ့နေ့ ရောက်လာမှာဆိုတာလေ"

"ဘာလဲ အခုရောက်လာပြီလား နောင်လတ်"

"အင်း"

သူ လေးတွဲစွာ ခေါင်းညိတ်တော့ စိုးလှိုင် မျက်မှောင်ကြွတ်၏။





"ဘယ်လိုဖြစ်တာလဲ နောင်လတ်၊ အချစ်စစ် အချစ်မှန်ကို မင်းတွေ့လာပြီပဲ၊ ဒါ ဝမ်းသာရမှာ မဟုတ်ဘူးလား"

"ကိုယ် ဘယ်လိုဝမ်းသာနိုင်မှာလဲ စိုးလှိုင်၊ ကိုယ်တွေ့လာတဲ့ အချစ်စစ်က ကိုယ်နဲ့ဘယ်လိုမှ ပတ်သက်လို့မရဘဲ"

"ဘာ ဘာဖြစ်လို့လဲ နောင်လတ်"

စိုးလှိုင် နားမလည်သလိုမေးတော့ သူ ခေါင်းခါယမ်း၏။

"ကိုယ်တကယ် ကံမကောင်းဘူး စိုးလှိုင်၊ ကိုယ်တွေ့ခဲ့တဲ့ ရင်ခုန်သံက ပိုင်ရှင်နဲ့ကွ"

"ဟေ"

ယခုမှ စိုးလှိုင် မျက်လုံးပြူးတော့၏။ ဒါကြောင့် အင်မတန် ပျော်ပျော်နေတတ်သော နောင်လတ် မျက်စိမျက်နှာ ပျက်လာတာကိုး။

"ရင်ထဲမှာ တကယ်ခံစားရတယ် စိုးလှိုင်၊ ကိုယ် လုံးဝ သူ့ကို မေ့လို့မရဘူး ဖြစ်နေတယ်"

"ဟင် အဲဒီလောက်တောင် မင်းဖြစ်သွားရအောင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမိန်းကလေးမျိုးလဲ နောင်လတ်"

မိန်းကလေးများစွာနှင့် တွဲလာသော သူလိုလူအတွက် တော်ရုံနှင့်ဖြင့် ဆွဲဆောင်နိုင်မည်မဟုတ်ဆိုတာ စိုးလှိုင်သိ၏။

ထို့ကြောင့် စိတ်ဝင်စားစွာ မေးမိသည်။ နောင်လတ်က မျက်လုံးများ တစ်ဖျပ်ဖျပ် တောက်ပလာလျက်···

"ကိုယ် တွေ့ဘူးသမျှ မိန်းကလေးတွေထဲမှာ ကျက်သရေ အရှိဆုံး၊ မဟာဆန်ဆန်နဲ့ ချောမောလှပတာပဲ စိုးလှိုင်"

"နေပါဦး၊ အဲဒီ မိန်းကလေးကို ပိုင်ရှင်ရှိမှန်း မင်းက ဘယ်လို သိတာလဲ နောင်လတ်"

"သိတာပေါ့ကွာ၊ ကိုယ်နဲ့သူဆုံတာ ကန်တော်ကြီးထဲမှာ သူက ··· သူက သူ့သားလေးနဲ့လာတာကွ"

"ဟော့ ··· ဟုတ်လား ဒါဆို အဲဒီမိန်းကလေးဟာ ကလေးအမေပေါ့ ဟုတ်လား"

"အင်း"

စိုးလှိုင်က ခေါင်းခါယမ်းပြီး သူ့ပခုံးကို ဖွဖွပုတ်သည်။





"နောင်လတ် နောင်လတ် မင်းလည်း မိန်းကလေး အများကြီးနဲ့ တွဲဖူးတာပဲ၊ ဒါပေမယ့် ပိုင်ရှင်ရှိကိုတော့ ရှောင်ရမယ်လေ၊ မင်းလည်း ပညာတတ်တစ်ယောက်ပဲ သိမှာပါ"

"သိပါတယ် စိုးလှိုင်၊ ငါဟာ မိန်းကလေးတွေနဲ့ တွဲတယ်ဆိုပေမယ့် လူလွတ်ချင်းသာ တွဲခဲ့တာပါ၊ ဒီလို ပိုင်ရှင်ရှိတဲ့ မိန်းကလေးမျိုးကို ယောင်လို့တောင် စိတ်မကူးခဲ့ဘူး၊ ကိုယ့်အကျင့် တရားကိုတော့ ကိုယ်ထိန်းသိမ်းတာ မင်းလည်း အသိပါ စိုးလှိုင်"

သူ့ အမှန်ပြောခြင်းဟု စိုးလှိုင်နားလည်သည်။ နောင်လတ်သည် မိန်းကလေးတွေနှင့် တွဲတယ်ဆိုပေမယ့် သူများသားမယား ကိုတော့ မကျူးလွန်ခဲ့ပါ။

အပျိုစင်လေးတွေနှင့်သာ အချင်းချင်းတွဲခဲ့ကြတာမို့ ဒီ တစ်ချက်မှ ဘာဖြစ်သွားတယ်မသိ။

"အေးလေ ဒီလို ကိုယ်ကျင့်တရား ထိန်းခဲ့တဲ့ မင်းက ခုလိုကလေးအမေတစ်ယောက်ကို ဘာအကြောင်းနဲ့မှ ရင်မခုန်သင့် ဘူး မဟုတ်လား နောင်လတ်"



www.burmeseclassic.com

www.burmeseclassic.com



"တိုယ်လည်း ကြိုးစားပါတယ်၊ ဒါပေမယ့် ကိုယ့်နှလုံးသားဟာ သူတို့မြင်မြင်ခြင်း ထူးထူးခြားခြား လှုပ်ရှားသွားလိုက်တာ၊ ကိုယ့်ဘာသာ အံ့ဩမိတယ် စိုးလှိုင်"

လေးနက်သောဟန်ဖြင့် သူပြောနေတော့ စိုးလှိုင် မျက်မှောင်တွန့်သွား၏။

"မဟုတ်သေးဘူး နောင်လတ်၊ မင်းက အပျိုစင်လေးတွေနဲ့ ငြီးငွေ့သွားလို့ ဆန်းကြယ်တဲ့ အရာမျိုး ရှာချင်တာဖြစ်မှာပါ"

"မင်းထင်တာ လုံးဝ မဟုတ်ဘူး စိုးလှိုင်၊ ငါ ... ငါ တကယ်ပဲ သူ့ကိုစွဲလမ်းသွားတာ"

သူမကို မိခင်တစ်ယောက်ဟု သိလိုက်ရချိန်မှာပဲ ကြိုးစားမေ့ပျောက်ဖို့လုပ်ခဲ့သည်။

သို့သော်

မေ့ပျောက်ဖို့ကြိုးစားလေ ပို၍ သတိရလေပါပဲ။ တစ်ခါမြင်ဖူးရုံနဲ့ ဒီလောက်စွဲလမ်းသွားစေကာ ဘယ်ဘဝက ရေစက်လဲ။

"တော်တော့ နောင်လတ်၊ ငါတို့ဟာ ဗုဒ္ဓဘာသာ လူမျိုး





တွေကွ၊ သူတစ်ပါးသားမယားကို စိတ်နဲ့တောင် မကျူးလွန်သင့်ဘူးလေ၊ ပညာရှိ သတိဖြစ်ခဲ့တယ်ကွ၊ မင်းစိတ်ထဲက အဲဒီမိန်းမကို ဆွဲထုတ်ပစ်လိုက်"

စိုးလှိုင်က အမိန့်ဆန်ဆန်ပြောလိုက်၏။ အမြဲတမ်းမိန်းမတွေနဲ့ပတ်သက်ပြီး ခေါင်းမော့ခဲ့သော နောင်လတ် ယခုတော့ အသံပျော့လေးဖြင့်

"အေးပါကွာ ငါ့စိတ်ထဲ ခံစားရလွန်းလို့ မင်းကို ပြောပြမိတာပါ၊ လာကွာ ငါတို့သွားသောက်ရအောင်"

သည်ကောင်စိတ်ညစ်လျှင် စားသောက်ဆိုင်သို့ သွား၍ ကာရာအိုကေဆိုတတ်၏။

မစွဲလမ်းသင့်တာကို ပယ်ဖျောက်စေဖို့ အဖော်အဖြစ် စိုးလှိုင်လိုက်ခဲ့သည်။

"အဟွန်း !.ဟွန်း ကိုယ့်အဖြစ်က ရယ်စရာတော့ ကောင်းတယ်နော်၊ ကိုယ့်အတွက် ရင်ခုန်သံပေးနိုင်စွမ်းသူဟာ ဘာကြောင့် လွတ်လွတ်လပ်လပ်ထဲက မဖြစ်ရတာပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



မချိုပြုံးဖြင့် ရင်နာသလိုသူပြော၏။

“နှလုံးသားဆိုတဲ့ အရာကလည်း ထူးဆန်းတယ်ကွ၊ သူ ရင်ခုန်ချင်တဲ့လူမှ ရင်ခုန်တာ နောင်လတ်၊ ဒါပေမယ့် နှလုံးသား ရဲ့အလိုကို ဦးနှောက်က မလိုက်သင့်ဘူးလေ၊ ကိုယ်တို့ လူတွေ ဆိုတာ ပတ်ဝန်းကျင်နဲ့နေတာမဟုတ်လား”

“အေးကွာ ကိုယ့်နှလုံးသားကလည်း ရင်မခုန်သင့်တဲ့ အရာကို ရင်ခုန်ရတယ်လို့၊ ကြည့်ရတာ စိုးလှိုင် ငါတော့ ဝဋ်လည် ပြီထင်တယ်”

စားသောက်ဆိုင်ရောက်တော့ သူက ဘီယာတစ်ခွက်ပြီး တစ်ခွက်သောက်၏။ သီဂီက သူ့ကို ပြောသွားတယ် မဟုတ် လား။

“မိန်းကလေးတွေရဲ့ အသည်းကိုခွဲတဲ့ ရှင်က တစ်နေ့ တော့ ကောင်းကောင်းဝဋ်လည်မှာပါတဲ့”

အချိန်မဆိုင်း ချက်ချင်းအကျိုးပေးပုံများ ရယ်စရာ။

“အေး … ဘယ်လောက်ပဲ လည်ချင်တဲ့ဝဋ်ဖြစ်ဖြစ်





ဒီလိုဝဋ်မျိုးတော့ မလည်သင့်ဘူး နောင်လတ်”

“ကိုယ် သူ့ကို မေ့မရင် ဘယ်လိုလုပ်မလဲ စိုးလှိုင်”

“ဒု သ န သော ဆိုတာ သတိရပေါ့၊ နောင်လတ် မင်းက စိတ်ခိုင်မာတဲ့ လူပဲကွာ၊ အပိုတွေလျှောက်မပြောစမ်းပါနဲ့”

ဘယ်သူ့ကိုမှ မချစ်ခဲ့သော သူ့ကို စိုးလှိုင် အထင်ကြီးစွာ ပြော၏။

မချစ်ခဲ့တာ စိတ်ခိုင်လို့မှမဟုတ်ဘဲ နှလုံးသားကချစ်လို့ မရလို့လေ။

သူစိတ်ညစ်တာတွေ ပျောက်အောင် သီချင်းဆိုမိ၏။ သို့ သော် သူဆိုမိတဲ့သီချင်းက ခင်မောင်တိုးရဲ့ “မဟာဆန်သူ” တဲ့ လေ။

သီချင်းဆိုရင်း သူ့မျက်စိထဲမှာ ဝင်းနှစ်သော အသားအရေ နှင့် သူမပုံရိပ်ကိုသာ မြင်ယောင်နေမိသည်။

“မေ့ဖို့ကြိုးစားလေ ပိုသတိရလေ ဆိုတာ ဖြစ်နေပြီ စိုးလှိုင်”



www.burmeseclassic.com

www.burmeseclassic.com



သီချင်းကို အဆုံးသတ်ချိန်မှာ စိတ်မသက်သာဟန်နှင့် သူပြောမိသည်။ တကယ့်ကို ခံစားချက်နှင့် သီဆိုခဲ့သော သူ့ပုံစံကို နိုးလှိုင်ကိုယ်တိုင်မြင်ရတော့ စိတ်ထဲ ထူးဆန်းနေ၏။

"နေပါဦး နောင်လတ် မင်းတကယ်ပဲ အဲဒီမိန်းကလေးကို ခွဲလမ်းသွားတာလား"

"မခွဲလမ်းသင့်တာကို ခွဲလမ်းမိတဲ့ ငါ့အပြစ်ပါ စိုးလှိုင်"

ရင်မှာရှက်ခြင်းနှင့်အတူ သူဝန်ခံလိုက်၏။ စိုးလှိုင် သက်ပြင်းချသည်။

"ငါကတော့ မင်းလိုလူတစ်ယောက်က ဒီလိုဖြစ်တာကို တကယ် အံ့ဩမိတယ် နောင်လတ်၊ မင်းလို လူတစ်ယောက်အတွက် ချစ်စရာကြိုက်စရာ မိန်းကလေးတွေ ဒီလောက်အများကြီးရှိတဲ့ ကြားကမှ ဘယ်လိုမှ ဆက်စပ်လို့မရတဲ့ မိန်းမတစ်ယောက်ကို ခွဲလမ်းရတယ်လို့ကွာ"

သူတကယ်ခံစားနေရမှန်းသိတော့ စိုးလှိုင် စိတ်မကောင်းစွာပြော၏။





"ကိုယ့်ကံပေါ့ကွာ၊ ကဲ သွားစို့ စိုးလှိုင်"

စားသောက်ဆိုင်ထဲမှ သူတို့ပြန်ထွက်လာစဉ်…

"ဟင်"

"ဘာလဲ နောင်လတ်"

စိုးလှိုင်က မေးရင်း ကြည့်လိုက်တော့ ခရမ်းရင့်ရောင် ဝတ်စုံလေးနှင့် နဖူးမှာ ဆံစတချို့ ဝဲကျလျက် နောက်တွဲဆံထုံးလေးဖြင့် အဖြူရောင်ဝမ်းဆက် ဝတ်ထားသည့် သုံးနှစ်အရွယ် ကလေးတစ်ယောက်ကို လက်တွဲလျက် ဝင်လာသော အမျိုးသမီး ခပ်ငယ်ငယ်တစ်ဦးကို တွေ့လိုက်ရ၏။

"သားသားကြိုက်တဲ့ပီဇာက ဒီဆိုင်ကကွယ့်၊ ကဲ ပြောစမ်း သားသား ဘယ်လောက်စားမှာလဲ"

အမျိုးသမီးငယ်က သားဖြစ်သူကို ချစ်မြတ်နိုးစွာ ကြည့်လျက် အပြုံးဖြင့် မေးလိုက်ဟန်မှာ မိခင်တစ်ယောက်၏ မေတ္တာ အပြည့်အဝနှင့် ဖြစ်သည်။

"နှစ်ခုစားမယ်"



www.burmeseclassic.com

www.burmeseclassic.com



**ချွန်စွယ်** တလေးကလည်း လက်ညှိုးလေးနှစ်ချောင်း ထောင်ပြတာကြောင့် ကြည့်မြင်ရသည့် သူတို့အတွက် ကြည်နူးစရာ မြင်ကွင်းပါ။

"မင်းပြောတာ သူလားနောင်လတ်"

"အင်း"

သူတို့နှားမှ ဖြတ်ကျော်သွားစဉ် သင်းပျံ့လတ်ဆတ်သော ရနံ့က လေမှာစွဲကျန်ခဲ့၏။ လွန်သွားမှ စိုးလှိုင်မေးခြင်းပါ။ သူခေါင်း ညိတ်လိုက်တော့ စိုးလှိုင်နှုတ်ဖျားမှ

"ဒါဆိုရင်တော့ မင်းကို အပြစ်မတင်ချင်ပေမယ့် ဦးနှောက်နဲ့သာ ထိန်းချုပ်ပါတော့ နောင်လတ်ရာ"

သည်မျှ ချောမောလှပ ကျက်သရေရှိသော မိန်းကလေးမျိုး ကို စိုးလှိုင်ကိုယ်တိုင်လည်း ဒါ ပထမဆုံး တွေ့ဖူးတာမဟုတ်လား။

✤▯✤



www.burmeseclassic.com

www.burmeseclassic.com

ဆီဒိုးနားဟိုတယ်သို့ သူရောက်ချိန်တွင် မင်္ဂလာဆောင်မှာ တားတွေပြည့်နေပြီ။ သည်နေ့ သူ၏သူငယ်ချင်းဖြစ်တဲ့ ဒေါက်တာ မြတ်ဇံနှင့် တက္ကသိုလ်မှ ဆရာမလေး ဝေဝေလွင်တို့ လက်ထပ်ပွဲ ဖြစ်သည်။

သူ့ကို ဖိတ်ကြားထားတာမို့ ဒီလိုအခမ်းအနားမျိုးတွေ တက်ရန် ဝါသနာမပါပေမယ့် သူငယ်ချင်းဖြစ်၍ လာခဲ့ခြင်းပါ။

ခန်းမထဲ သူဝင်လိုက်တာနှင့် သတို့သားနဲ့ သတို့သမီးက ညှိသည်တွေကို ကြိုဆိုနှုတ်ဆက်နေ၏။

"ဟော နောင်လတ် နောက်ကျလှချည်လားကွ"

သတို့သားဖြစ်တဲ့ မြတ်ဇံက သူ့ကိုနှုတ်ဆက်ရင်း မေး၏။ သူပြုံးလိုက်ရင်း...





"ဆေးရုံကွာ အိပ်ရာထနောက်ကျသွားလို့၊ အဟွန်း ဒီနေ့ တော့ မင်းက တယ်ခန့်ညားနေပါလား မြတ်ဇံ၊ မဝေကလည်း လှတယ်ဗျာ"

သည်တော့ မြတ်ဇံနှင့် ဝေဝေလွင်တို့က ပြိုင်တူပြုံးကြ ရင်း

"ချီးကျူးတာတော့ ကျေးဇူးပါပဲကွာ၊ ဒါပေမယ့် မင်းလို လူက ချီးကျူးတော့ ခပ်ရှက်ရှက်ပဲ၊ အဟဲ ငါခန့်ညားတယ်ဆိုတာ မင်းအိမ်နေရင်း အိပ်သလောက်ပဲ ရှိတယ်လေ နောင်လတ်"

အညာသားမြတ်ဇံမှာ အသားညိုသူတစ်ဦးဖြစ်သည်။ ကျောင်းတုန်းကတော့ မြတ်ဇံကို တောကျီးကန်းဟု နာမည်ပြောင် ပေးထားကြ၏။

သူကတော့ အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် ချောမောသူ မို့ ကျောင်းမှာ ကင်းတဲ့။ မြတ်ဇံက ထိုသို့ကွာခြားတာကို ရည်ညွှန်း ပြောလိုက်ခြင်းပါ။

"ဘယ်နှယ့် ကိုယ့်ကိုယ်ကို နှိမ်ချနေရတာလဲ မြတ်ဇံ၊



www.burmeseclassic.com

www.burmeseclassic.com



ဟောဒီက မဝေမျက်စိထဲမှာ မင်းက အချောဆုံး အခန့်ဆုံးပဲ၊ မဟုတ်ဘူးလား မဝေ”

“အဟင်း…ဟင်း ဒါပေါ့ရှင်”

တစ်ချိန်လုံး ပြုံးရယ်နေသော မဝေက ယခုမှပဲ အသံထွက်လာ၏။ မဝေသည်လည်း အသားညိုညိုလေးနှင့် ချစ်စရာကောင်းသူပါ။

ထိုစဉ်

“ဟော မွန်”

မဝေ့နှုတ်ဖျားမှ တစ်စုံတစ်ယောက်ကို ခေါ်လိုက်သံကြောင့် သူလှည့်ကြည့်လိုက်တော့…

“ဟင်”

လုံးဝမျှော်လင့်မထားသော သူ၏စိတ်ကူးယဉ်ထဲက အိမ်မက်မင်းသမီးလေး မဟာဆန်သူ ဖြစ်နေပါလား။

သူမက ပုလဲဖောက်ရောင် အဖြူဝမ်းဆက်လေးနှင့် ထုံးစံအတိုင်း ဆံပင်ကို နောက်တွဲလေးထုံးလျှက် အဖြူရောင် ပဝါပါး





ထပ်ခြုံထားပုံလေးက မျက်စိထဲ စိန်တုံးစိန်နှစ်တစ်ခုကို တွေ့လိုက်ရသလိုပါပဲ။

“နောက်ကျလိုက်တာ မွန်ရယ်”

“ဆေးရုံးပဲ ဝေရယ်၊ သားကို စောစောကမှ ကျောင်းပို့ခဲ့ရလို့ကွယ်”

အနားရောက်ရှိလာသော သူမကို မဝေက အပြစ်လေးတင်ရင်း နှုတ်ဆက်၏။ သူမနှုတ်ဖျားမှ သားဆိုသော စကားသံကြောင့် သူ မျက်နှာတစ်ချက်ပျက်သွားရသည်။

“ကဲ နောက်ကျတဲ့သူချင်း တစ်စားပွဲတည်း အတူထိုင်လိုက်ကြတော့၊ နောင်လတ် ဒါက မဝေရဲ့သူငယ်ချင်း မအိမ်မွန်တဲ့”

“မွန် ဒါ ကိုဖုံးသူငယ်ချင်း ဒေါက်တာနောင်လတ်ပဲ”

မြတ်ဖုံးနှင့် မဝေက သူတို့နှစ်ဦးကို မိတ်ဆက်ပေးလိုက်၏။ သူပြုံးလိုက်ရင်း

“ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ် ဆရာမ”

သူမက သူ့ကို ဒီတော့မှ တစ်ချက်ကြည့်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ညင်သာစွာ ခေါင်းညိတ်ပြ၏။

ထို့နောက် သူနှင့်သူမတို့ စားပွဲဝိုင်းတစ်ခုတည်း ထိုင်လိုက်ကြသည်။

"ကဲ မင်းတို့အချင်းချင်း ညှိခဲ့ဦး၊ တို့ တခြားညှိသည်တွေ သွားနှုတ်ဆက်လိုက်ဦးမယ်"

"ရပါတယ်ကွာ၊ မင်းတို့ ညှိခဲ့စရာရှိတာ ညှိခဲ့ကြပါ"

"ဟုတ်ပါတယ် ဝေ၊ မွန့်ကို အားမနာပါနဲ့"

ရိုးသားကြည်လင်သော စကားပြောဟန်လေးနှင့် သူမပုံစံက နူးညံ့သိမ်မွေ့လိုက်ဖက်လွန်းလှ၏။

ကြည့်စမ်း ကံတရားဟာ ဘယ်လောက်များ ထူးဆန်းလိုက်လဲ။

သည်ရက်ပိုင်းမှာ သူ့အနေဖြင့် သူမနှင့်အတူ ဒီလိုမျက်နှာချင်းဆိုင် ဆုံစည်းရလိမ့်မည်ဟု မထင်ခဲ့ပေ။

"ဆရာမက မဝေနဲ့သူငယ်ချင်းဆိုတော့ လက်ရှိမှာလည်း တစ်ကျောင်းတည်းမှာပဲလားခင်ဗျ"





မျက်လွှာလေးချကာ ငြိမ်နေသော သူမကို သူမေးလိုက်၏။ သည်တော့မှ သူမ မျက်တောင်ကော့များ ပင့်လာလျက်

"ဟုတ်ကဲ့ အတူတူပါပဲ ဒေါက်တာ"

"သြော်"

တိုးလျညင်သာစွာ ဖြေပြီး သူမ မျက်လွှာပြန်ချသွား၏။

တကယ့်ကို ဣန္ဒြေရှင် မိန်းကလေးတစ်ယောက်ပါပဲ။ ကလေးတစ်ယောက်၏ မိခင်ဟု မထင်ရလောက်အောင် သူမပုံစံက ညင်သာသိမ်မွေ့လွန်းလှသည်။

အနီးကပ်မြင်ရလေ သူမ၏ အပြစ်ဆိုစရာမရှိသော အလှတွေ ပို၍ပေါ်လာသလိုပါပဲ။

အင်္ကျီရင်ဖုံး၊ နောက်တွဲဆံထုံးလေးနှင့် ဘယ်လိုပဲ ရင့်ကျက်ဟန်ဆောင်ထားပေမယ့် သူမ၏ နုနယ်ပို့မျစ်သော ရုပ်ရည်ကတော့ ဖျောက်မသွားပါ။

"အတွေ့နောက်ကျလေခြင်း"

ဟု သူ့ကံကိုသာ အပြစ်တင်မိရ၏။ သည်လို ...



www.burmeseclassic.com

www.burmeseclassic.com



ကြည်လင်တဲ့ မိန်းကလေးမျိုး သူ့ဘဝမှာ ဒါ ပထမဆုံး တွေ့ဖူး ခြင်းဖြစ်၏။

ထိုစဉ်

“ဟာ နောင်လတ် မင်းက ဒီရောက်နေတာကိုးကွ၊ တို့မှာ ရှာလိုက်ရတာ လက်စသတ်တော့ မင်းက ကိုယ့်အတွဲနဲ့ကိုယ် လာတာကိုး”

“ဟာ”

“အို”

ဆူဆူညံညံ အသံနှင့်ရောက်လာကာ သူ၏သူငယ်ချင်း ကျော်စိုးဖြစ်နေသည်။ ကျော်စိုးစကားကြောင့် သူမမျက်နှာလေး နီသွားစဉ်

“ဆရာမ တောင်းပန်ပါတယ်၊ ဒါ ကျွန်တော့်သူငယ်ချင်း ခေါက်တာကျော်စိုးပါ၊ သူမသိလို့ပြောတာ ခွင့်လွှတ်ပါဗျာ”

ကမန်းကတန်း သူတောင်းပန်တော့ ကျော်စိုးက နားမ လည်သလို ကြည့်၏။





“ဘာဖြစ်တာလဲ နောင်လတ်”

“ကျော်စိုး အမြန်တောင်းပန်လိုက်၊ ဒါ မစေရဲ့သူငယ်ချင်း ဆရာမ မအိမ်မွန်တဲ့၊ တို့ ဒီမှာလာဆုံတာပဲ”

အခြေအနေကို သူ အမြန်ရှင်းပြလိုက်သည်။ သည်တော့မှ ကျော်စိုး သဘောပေါက်သွားကာ

“ဟဲ ဟဲ ကျွန်တော်မသိလို့ နောင်လတ်ကို နောက်မိတာ ခွင့်လွှတ်ပါဗျာ၊ ဆရာမကို တောင်းပန်ပါတယ်”

သူမက တည်ငြိမ်သော မျက်နှာလေးဖြင့်၊

“ခေါက်တာတို့က ကလေးတွေမှမဟုတ်ဘဲ၊ ကိုယ့်အချင်း ချင်း နောက်ပြောင်တယ်ဆိုပေမယ့် တစ်ပါးသူ အနှောင့်အယှက် မဖြစ်ဖို့ လိုမယ်ထင်ပါတယ်ရှင်၊ ကဲ ကျွန်မကို ခွင့်ပြုပါဦး”

ပြောပြောဆိုဆို နှုတ်ဆက်ပြီး သူမက နေရာမှ ထွက်သွား သည်။ သူ ဖျတ်ခနဲ နေရာမှထကာ လိုက်ခေါ်မိမလို ဖြစ်ပြီးမှ ပြန်ထိုင်လိုက်၏။

“ဆရာမတော့ စိတ်ဆိုးသွားပြီထင်တယ် ကျော်စိုး ပြော



www.burmeseclassic.com

www.burmeseclassic.com



ယည်း အနောက်လွန်တာကိုးကွ"

"ဟာ…ငါလည်း မင်းနဲ့အတူ ထိုင်နေတာဆိုတော့ မင်းရဲ့ ဝါတနာပဲထင်တာပေါ့ နောင်လတ်၊ ဒါပေမယ့် စိတ်ထဲကတော့ ဒီလောက်တည်ငြိမ် ကျက်သရေရှိတာလေး မင်းဘယ်က ရှာလာသလဲလို့ အထင်သားပဲ၊ ဘာကြောင့်လဲဆိုတော့ မင်းတွဲသမျှ မိန်းကလေးတွေအားလုံးက ပေါ့ရှော့တွေလေ"

"တော်စမ်းပါကွာ"

သူစိတ်ညစ်သလို ပြောလိုက်သည်။ ကျော်စိုးက သူ့ကို အံ့ဩသလိုကြည့်ကာ

"မင်းဘာဖြစ်နေတာလဲ နောင်လတ်၊ ဘာလဲ မြတ်စံ မင်္ဂလာဆောင်တာကို အားကျနေပြီလား၊ ဒါဆို မင်းလည်း စဉ်းစားတော့လေ နောင်လတ်"

သည်တော့ သူက ကျော်စိုးကို မျက်ခုံးကြည့်၏။

"ငါက ဘာကိုစဉ်းစားရမှာလဲ ကျော်စိုး၊ လက်ထပ်တယ် ဆိုတာကို မင်းက ကလေးကစားစရာ မှတ်နေလား၊ ကိုယ်တကယ်





ချစ်တဲ့သူနဲ့မှ လက်ထပ်ဖို့ စဉ်းစားရမှာ ကျော်စိုး"

"အေးလေ ခုချိန်ထိ မင်းမှာ တကယ်ချစ်ရတဲ့သူ မတွေ့သေးဘူးလား နောင်လတ်၊ စောစောက ဆရာမ မအိမ်မွန်လို အမျိုးသမီးလေးဆို ဘယ်လောက် မြန်မာဆန်ပြီး ကျက်သရေရှိ ချောမောလဲကွဟင်၊ ငါတောင် စောစော အိမ်ထောင်ကျသွားလို့ ပေါ့ကွာ"

သူ့ကို ရှေး(ကိုး)များနေတဲ့ လူအဖြစ် မြင်၍ ကျော်စိုး ပြောခြင်းပါ။ သူ သက်ပြင်းချကာ

"မအိမ်မွန်လို မိန်းကလေးဆိုရင်တော့ ငါဘာပြောစရာ လိုလဲကွာ၊ ခုတော့ သူက"

"သူက ဘာဖြစ်နေလို့လဲ နောင်လတ်"

"အဟွန်း ငါကံဆိုးတယ် ကျော်စိုး၊ အချစ်နဲ့ပတ်သက်ပြီး ငါ့စိတ်တွေ တည်ငြိမ်လေးနက်လာပြီဆိုမှ တွေ့တော့ မအိမ်မွန်က ပိုင်ရှင်နဲ့လေ"

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com

၁

ကျော်စိုး အံ့သြသွားလျက် အရင်ကလို ရွှင်ပျသောမျက်နှာမျိုးသည် သူ့ကို သနားစရာသတ္တဝါတစ်ကောင်လို ဆန်းကြယ်စွာ ကြည့်နေ၏။

❖▯❖

---

မိုးမိုး ၁ တလေ

www.burmeseclassic.com

www.burmeseclassic.com

မြစံ၏ ဘတ်ချ်လာနိုက်အတွက် ခင်မင်ရင်းနှီးသော သူငယ်ချင်းများစု၍ ဟိုတယ်တွင် စားသောက်ကြသည်။ အားလုံး လူရင်းတွေမို့ နောက်နောက်ပြောင်ပြောင်။

အထူးသဖြင့် သတို့သားထက် ပိုမူးအောင် သောက်တာ က သူဖြစ်နေ၏။

"ဘယ်လိုလဲ နောင်လတ် ဒီပွဲမှာ ခင်ဗျားသောက်လှချည်လားဗျ၊ အများကြီးသောက်ရမှာက တစ်ယောက်ပါဗျ"

တစ်ယောက်တစ်ခွက် ဝိုင်း၍ဂုဏ်ပြုရင်း မူးရမည့်သတို့သားလောင်းမြစံပါ။ သို့သော် ဒီနေ့ သူ့အတွက် ရင်ထဲ နာကျင်စရာနှင့် တွေ့လိုက်ရသလိုဖြစ်တာမို့ အရက်နှင့် ဖြေဖျောက်ပေမယ့်

"ကိုမြစံလား အပျွန်း ဒီလူ မူးအောင်သောက်တာက





ပျော်လို့၊ ကျုပ်ကတော့ ရင်နာလို့ဗျို့"

ရေချိန်လေးတက်လာတော့ သူက ရင်ထဲမှ ကြိတ်တည်းနေရသည့် ခံစားချက် ပေါက်ကွဲချင်လာရ၏။

ဘယ်နှယ့် သူ့ဘဝမှာ မိန်းမတစ်ယောက်နှင့်ပတ်သက်ပြီး ဒီလိုခံစားရလိမ့်မည်ဟု ဘယ်တုန်းကမှ မထင်ခဲ့ပေ။

"နေပါဦး ခင်ဗျားက သူများတွေ ပျော်နေတဲ့အချိန် ဘာကြောင့် ရင်နာရတာလဲ ကိုနောင်လတ်"

အကြောင်းမသိသော တခြားမိတ်ဆွေတွေက မေးပေမယ့် ကျော်စိုးကတော့ သူ့ဘာဖြစ်နေတယ်ဆိုတာ ကောင်းစွာသိထားပြီ။

"ဒီလူဗျာ မင်္ဂလာဆောင်မှာ သူစွဲလမ်းနေတဲ့ မိန်းကလေးနဲ့ မျက်နှာချင်းဆိုင် တွေ့ကြတယ်လေ"

"ဘာ ဘယ်လို၊ နောင်လတ် စွဲလမ်းတဲ့မိန်းကလေးဟုတ်လား ကျော်စိုး"

အရေးကြီးသော အော်ပရေးရှင်းရှိတာကြောင့် မင်္ဂလာဆောင်သို့ မလာဖြစ်လိုက်သည့် လှိုင်ဦးက ကျော်စိုးကို စိတ်ဝင်စား

www.burmeseclassic.com

ရွာ ေခး၏။

“ဟုတ်တယ် လှိုင်ဦး၊ မအိမ်မွန်တဲ့၊ တကယ်လှတဲ့ မိန်းက လေးပါပဲ၊ အင်း လှတယ်ဆိုတာထက် မဟာဆန်ဆန်နဲ့ ကျက်သရေ ရှိတယ် ပြောရမလားပဲ”

မဟာဆန်ဆန်နဲ့ဆိုသော အညွှန်းပါလာတော့ လှိုင်ဦး ရိပ်မိ လိုက်ပြီ။

နောင်လတ် တွေ့ခဲ့ရသော မိန်းကလေးက ပိုင်ရှင်ရှိသူ လေးဝင် ဖြစ်မည်။

“နောင်လတ် မင်း တကယ်ပဲ သူနဲ့တွေ့ခဲ့တာလား”

သေချာစေရန် လှိုင်ဦးက မေးသည်။ မချိပြုံးဖြင့် သူ ခေါင်းညိတ်၏။

“အဟွန်း ဘယ်လောက်တိုက်ဆိုင်လဲဗျာ၊ သူနဲ့ကျွန်တော် က စားပွဲဝိုင်းတစ်ခုတည်းလေ လှိုင်ဦး”

“အင်း ဒီလိုဆိုရင်တော့ ထူးဆန်းတဲ့ တိုက်ဆိုင်မှုပဲ နောင်လတ်၊ ဒါပေမယ့် သူ့ကိုတွေ့လိုက်ရလို့ မင်းဒီလိုမဖြစ်သင့်





ဘူးလေ”

အကြောင်းသိနေသော လှိုင်ဦးက နားချ၏။ ကျော်စိုးက လည်း

“အေးဗျာ ဒီလူ တကယ်ချစ်မိသွားတဲ့ မိန်းကလေးက အိမ်ထောင်ရှင်ဖြစ်နေတာ စိတ်မကောင်းစရာပဲ”

သူတို့ပြောသမျှ မူးနေပြီဖြစ်သော သတို့သားမြဖဲက စိုက် နားထောင်၏။ ထို့နောက် အနည်းငယ် လေးလံနေသော မျက်လွှာကို ပင့်ကာ

“နေ နေပါဦး ခင်ဗျားတို့ ဘယ်သူ့အကြောင်း ပြောနေတာ လဲဗျ ဟင်”

“မဝေရဲ့သူငယ်ချင်း မအိမ်မွန်ကြောင့် ဒီကောင် ခံစားနေ ရတာလေ မြဖဲ”

ကျော်စိုးအပြောကြောင့် မြဖဲ မျက်လုံးအနည်းငယ် ကျယ် လာလျက်

“ဘာ ဘယ်သူ့ကြောင့် နောင်လတ် ခံစားရတယ်


www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုး"

"အင်း…မင်းလည်း အတော်မူးနေပြီပဲ မြဖံ၊ နောင်လတ် အခုခံစားနေရတာ မဝေရဲ့သူငယ်ချင်း မအိမ်မွှန်ကြောင့်ပါဆို"

"နေပါဦး သူက မအိမ်မွှန်အတွက် ဘာကြောင့် ခံစား နေရတာလဲ"

ထိုအမေးကြောင့် လှိုင်ဦးနဲ့ ကျော်စိုးက မြဖံကို ဒီလောက် နားဝေးရန်ကောဟု ကြည့်မိကြသည်။

"ဘာကြောင့်ခံစားရမှာလဲ မြဖံ၊ နောင်လတ်က မိန်းမ တစ်ယောက်ကို အတည်ချစ်ဖို့ ခဲယဉ်းတဲ့လူ၊ အဲဒီလိုလူက တကယ် ချစ်မိသွားတဲ့ မိန်းမဟာ ပိုင်ရှင်ရှိ မိန်းမ ဖြစ်နေတယ်လေ၊ ဒါကြောင့် ဒါကြောင့်ဗျို့"

စိတ်မရှည်သလို ကျော်စိုး၏ စကားအဆုံး မြဖံ မျက်မှောင် တွန့်သွားသည်။

"ပိုင်ရှင်ရှိတဲ့ မိန်းမဟုတ်လား၊ ဘယ်သူက ပိုင်ရှင်ရှိတဲ့ မိန်းမလည်း ကျော်စိုး"





"ဟာ ဒီလူ ခုပဲပြောနေတယ်၊ မဝေရဲ့သူငယ်ချင်း မအိမ် မွှန်ကိုပါဆို"

"ဘာဗျ…မအိမ်မွှန်၊ မအိမ်မွှန်မှာ ပိုင်ရှင်ရှိတယ်ဆိုတာ ဘယ်သူပြောလဲဗျာင်၊ နောင်လတ် မင်းဘယ်က ကြားခဲ့ရတာလဲ"

မြဖံ၏အမေးကြောင့် နောင်လတ် ရီဝေသောမျက်လုံးများ ဖြင့် ခေါင်းခါယမ်းသည်။

"ဘယ်သူမှပြောတာမဟုတ်ဘူး မြဖံ၊ ငါကိုယ်တိုင် ယောဒီမျက်လုံးကြီးနဲ့ မြင်ခဲ့ရတာ"

နောင်လတ်က သူ့မျက်လုံးကို ဘာသာလက်ညှိုးနှင့် ထိုးပြ ရင်း ပြော၏။

"နေပါဦး မင်းက ဘာကိုမြင်လာတာလဲ နောင်လတ်"

"ကျွတ် တယ်ခက်ပါလား၊ သူ့ကို သူ့သားနဲ့အတူ တွေ့ခဲ့ ရတာဟေ့၊ လှိုင်ဦးလည်း ငါနဲ့အတူ တွေ့ခဲ့တာပဲ မြဖံ"

သည့်တော့မှ မြဖံ မျက်လုံးတွေက လှိုင်ဦးထံ ရောက်သွား ၏။

www.burmeseclassic.com

www.burmeseclassic.com



"နောင်လတ်ပြောတာ ဟုတ်သလား လှိုင်ဦး"

"အင်း ဟုတ်တယ် မြစံ၊ မအိမ်မွန်တို့ သားအမိကို ငါလည်း ကိုယ်တိုင်တွေ့ခဲ့တာ"

ထိုစကားကြောင့် မြစံက ခေါင်းခါယမ်းသည်။

"မဟုတ်သေးဘူးထင်တယ်၊ ငါသိသလောက်တော့ မအိမ်မွန်ဟာ လက်ထပ်ထားတယ်လို့ မကြားဘူး နောင်လတ်"

"ဟား ဟား မင်းတကယ်မူးနေပြီ မြစံ၊ မအိမ်မွန်မှာ လက်ထပ်ရုံမကဘူး သုံးလေးနှစ်အရွယ် သားငယ်တစ်ယောက် တောင် အတူရှိနေတာကွ"

လှိုင်ဦးက မြစံ မူးနေပြီဟုထင်ကာ ရယ်၍ပြောလိုက်ခြင်း။ သို့သော်

"ဒီမှာ လှိုင်ဦး၊ ငါ ဒီလောက်မမူးသေးဘူးကွ၊ မဝေနဲ့ မအိမ်မွန်ဟာ အရင်းနှီးဆုံးသူငယ်ချင်းတွေပဲ၊ မအိမ်မွန်ကို လက်ထပ်ပြီးသားလို့ တစ်ခါမှ မပြောခဲ့ဘူးဗျ"

မြစံအပြောကြောင့် နောင်လတ် ခေါင်းထောင်သွား၏။





လှိုင်ဦးကလည်း မြစံကို နားမလည်သလို ကြည့်သည်။

"မြစံ မင်း မင်း မူးလို့လျှောက်ပြောနေတာလားဟင်"

နောင်လတ်က သေချာအောင်မေး၏။ မြစံ ခေါင်းညိတ်ကာ

"ငါသိထားတာတော့ မအိမ်မွန်ဟာ လက်မထပ်ရသေးဘူးဆိုပဲ"

"နောင်လတ် ဒါမဖြစ်နိုင်ဘူးကွ၊ မအိမ်မွန်တို့ သားအမိကို ငါတို့ကိုယ်တိုင် တွေ့ခဲ့တာပဲ"

လှိုင်ဦး ဝင်၍သတိပေး၏။ သူတို့စကားတွေ နားထောင်နေသော ကျော်စိုးက ကြားထဲမှ အဆုံးအဖြတ်ဝင်၍ ပေးသည်။

"ဒီမှာ မင်းတို့အားလုံး အငြင်းအခုန် ဆက်မလုပ်နဲ့၊ ဒီအဖြေ သေချာအောင်လို ငါတို့အားလုံး မဝေကို လိုက်မေးကြည့်ရင် မကောင်းဘူးလား"

"အေး ကျော်စိုးပြောတာမှန်တယ်၊ မဝေကို မေးလိုက်ရင် အဖြေမှန်ရမှာပဲကွ"

www.burmeseclassic.com



ကျောက်စိုးစကားကို လှိုင်ဦးက ဝင်၍ထောက်ခံ၏။

"ဘယ်လိုလဲ မြဇံ၊ သူတို့အကြံကို လက်ခံမှာလား"

နောင်လတ်က ကာယကံရှင်ဖြစ်တဲ့ မြဇံကို လှည့်၍မေးသည်။

"မင်းတို့က ငါ့စကားကို မယုံတော့ လိုက်ခဲ့ကြကွာ၊ ခုပဲ သေချာအောင် သွားမေးကြမယ်"

စိတ်မြန်စွာဖြင့် မြဇံ နေရာမှထသည်။ ထို့နောက် သူတို့ ကားဖြင့်ထွက်ခဲ့ကြ၏။

နောင်လတ်ရင်ထဲမှာတော့ ခုန်နေပြီ။ မြဇံစကားဟာ တကယ်ပဲ မှန်နေခဲ့လျှင် လောကမှာ သူ့လောက် ကံကောင်းတဲ့လူ မရှိတော့။

သို့သော်

"ဟင်း ဒီကောင်မြဇံ မူးလို့လျှောက်ပြောနေတာပါ၊ ငါကိုယ်တိုင် မအိမ်မွှန်တို့သားအမိကို တွေ့ခဲ့တာပဲ"

လက်ရှိအဖြစ်မှန်ကို စဉ်းစားမိတော့ မဝေဆီသွားနေရတဲ့





အဖြစ်ကိုပင် ရှက်ချင်သလိုလို။ သူတို့အဖြစ်က လူငယ်လေးတွေလို ဖြစ်နေပြီ။

ဒါပေမယ့် တကယ်တမ်း မဝေဆီရောက်ချိန်မှာတော့

"ဝေ ပြောပြလိုက်စမ်းပါ၊ မအိမ်မွှန်ဟာ အပျိုလား အိမ်ထောင်ရှင်လားဆိုတာ"

အိမ်ရောက်တာနှင့် စောင့်ကြိုနေသော မဝေကို မြဇံက သိချင်တာ တိုက်ရိုက်ပြောချလိုက်၏။

"အို ကိုဇံ ဘာတွေပြောနေတာလဲ၊ မအိမ်မွှန်ကို ဘာကြောင့် အိမ်ထောင်ရှင်လို့ မေးရတာလဲ၊ ဒီစကားဟာ မအိမ်မွှန်ရဲ့ အပျိုသိက္ခာကို ဘယ်လောက်ထိခိုက်စေတယ်ဆိုတာ သိရဲ့လားဟင်"

"ဗျာ ဒါ ဒါဆို မအိမ်မွှန်ဟာ အပျိုပေါ့၊ ဟုတ်လား မဝေ"

သေချာစွာ ကြားနေရသည့် စကားဖြစ်ပေမယ့် မယုံသလို ထပ်မေးလိုက်တာက နောင်လတ်။



www.burmeseclassic.com

www.burmeseclassic.com



"အို ရှင်တို့ ဘာဖြစ်နေတာလဲ၊ မှန်ဟာ အပျိုတစ်ယောက်ဆိုတာ ဝေထက် ဘယ်သူပိုသိမှာလဲ"

"ဟာ"

"ဟင်"

"နောင်လတ် မင်းကံကောင်းပြီကွ"

မဝေ၏ သေချာသောအဖြေအဆုံးမှာတော့ သူတို့သူငယ်ချင်းအားလုံး ဆူညံသံတွေ ကိုယ်စီထွက်ကုန်ပြီ။

မြဇံက အနိုင်ရသောဟန်ဖြင့်

"ကဲ နောင်လတ်၊ ငါပြောတာ မမှန်ဘူးလားကွ ဟင်"

"ဟုတ်ပါတယ် မြဇံ၊ တကယ်မှန်ပါတယ်ကွာ၊ အဟွန်းဟွန်း ငါကံကောင်းလာပြီပဲကွ"

သူတို့ပြောသမျှကို နားမလည်ဖြစ်နေသော မဝေက

"နေကြပါဦး ကိုဇံတို့ ဘာတွေပြောနေကြတာလဲဟင်"

"အဟက် ဒီလိုဝေ၊ ဟောဒီကောင် နောင်လတ်က မအိမ်မှန်ကို ပိုင်ရှင်ရှိသူထင်ပြီး အသည်းကွဲနေလို့ဟေ့"





"အို ဒါဆို ကိုနောင်လတ်က မှန့်ကို မှန့်ကို"

မဝေမှ စကားမဆုံးခင်

"ဟုတ်ပါတယ် မဝေ၊ ကျွန်တော် မြင်မြင်ချင်း မအိမ်မှန်ကို စိတ်ဝင်စားခဲ့မိပါတယ်"

ကာယကံရှင် နောင်လတ်က လေးနက်စွာဖြင့် အမြန်ဝန်ခံလိုက်လေ၏။ မဝေမှာ ပါးစပ်လေးဟကာ အံ့အားသင့်လျက်လေ။

✣▯✣



www.burmeseclassic.com

www.burmeseclassic.com

“ဒီတစ်ခါတော့ မင်း မအိမ်မွှန်ကိုချစ်တာ တကယ်သေချာပါတယ်နော် နောင်လတ်”

မအိမ်မွှန်ကို အပျိုတစ်ယောက်ဟု သိလိုက်ရတာနှင့် နောင်လတ်အတွက် အားလုံးဝမ်းသာပေးကြ၏။

အထူးသဖြင့် ကာယကံရှင် နောင်လတ်အဖို့ ပြောစရာမရှိပေ။ ရင်ထဲ ဝမ်းသာလွန်းသဖြင့် တဆတ်ဆတ် တုန်နေရတဲ့အဖြစ်။

လှိုင်ဦးကမေးတော့ နောင်လတ်မှာ ခပ်မြန်မြန် ခေါင်းညိတ်၍ ဝန်ခံ၏။

“သေချာပါတယ်ကွာ၊ ငါ့ဘဝမှာ မွှန်ဟာ ပထမဆုံးနဲ့ နောက်ဆုံးချစ်သူပါ လှိုင်ဦး”

“ဟိတ်ကောင် နောင်လတ်၊ မင်း မဟုတ်တာမပြောနဲ့၊





မအိမ်မွှန်ဟာ မင်းအတွက် နောက်ဆုံးချစ်သူဖြစ်ဖို့ပဲ အရေးကြီးတယ်၊ ပထမဆုံးဆိုတာတော့ လုံးဝမဟုတ်နိုင်ဘူး”

နောင်လတ်အကြောင်းသိနေသော ကျော်စိုးက ဝင်နောက်၏။ နောင်လတ်မျက်နှာ နီခနဲဖြစ်ကာ

“ဟာ ဒီကောင် ငါတကယ်ပြောတာ ကျော်စိုး၊ အရင်တုန်းက ငါ မိန်းကလေးတွေနဲ့ တွဲတာမှန်ပေမယ့် အချစ်စစ်နဲ့ ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးဘူး၊ မွှန့်ကိုတော့ မြင်မြင်ချင်းမှာပဲ နှလုံးသားထဲက လေးနက်တဲ့ မေတ္တာစိတ်နဲ့ ချစ်ခဲ့မိတာ”

ထိုစကားပြောနေချိန်မှာ သူ့မျက်နှာက အထူးတည်ငြိမ်လေးနက်နေသည်။

မိန်းကလေးတွေနှင့် ပတ်သက်လျှင် ပေါ့ပေါ့ပါးပါးသာ ပြောတတ်သော နောင်လတ်။ ယခုတော့ ဒီလိုမဟုတ်သည့်အတွက် မအိမ်မွှန်ကို အမှန်စိတ်ဝင်စားတယ်ဆိုတာ သူတို့ယုံလိုက်ပြီ။

“အေးကွာ ဒီလိုဆိုရင်တော့ မင်းအတွက် တို့ ဆုတောင်းပေးရတာပေါ့ နောင်လတ်၊ မှန်တာပြောရရင် မင်းနဲ့ မအိမ်မွှန်ဘာ

ငြိမ်း ၀ တာဝေ

www.burmeseclassic.com

www.burmeseclassic.com



အင်မတန်လိုက်ဖက်တယ်ကွ"

"ဟုတ်တယ်၊ မင်းလိုလူမျိုးဟာ မအိမ်မွန်လို တည်ငြိမ်လှပပြီး ကျခြေသိက္ခာရှိတဲ့ မိန်းကလေးမျိုးနဲ့ပဲ ဖူးစာဆုံသင့်တယ် နောင်လတ်"

သူငယ်ချင်းတွေ၏ အားပေးစကားကြောင့် သူ့ရင်ထဲမှာ ကြည်နူးသွားရသည်။

ယခုပဲ မအိမ်မွန်ကို ပြေးတွေ့ချင်သည့်စိတ်တွေ တရှိန်ထိုး ဖြစ်လာရ၏။

"မွန်တို့က ညီမနှစ်ယောက်ပဲရှိတာ၊ မွန့်အစ်မ မသက်မွန်က အရင်အိမ်ထောင်ကျသွားတယ်လေ၊ မအိမ်မွန်နဲ့ အတူတွေ့လိုက်တဲ့ကလေးဟာ မသက်မွန်ရဲ့သားလေးပါ၊ မအိမ်မွန်ရဲ့ တူလေးပေါ့"

သူတို့၏ သံသယကို မဝေက ဖြေရှင်းပေးခဲ့သည်။ နောင်လတ်အဖို့တော့ ဒီလိုကြားရတာ ဘာဆုနဲ့မှ မလဲနိုင်ပါ။

"ဘာပဲဖြစ်ဖြစ် နောင်လတ်ကတော့ မအိမ်မွန်ကို စိတ်ဝင်စားနေပြီ၊ ဒီကောင်ကြီးကို မအိမ်မွန်နဲ့ နီးစပ်ရအောင်တော့ ကူညီ





လိုက်စမ်းပါကွာ"

သူ့ခံစားချက် သိနေသော မြဖံက မဝေကို တိုက်တွန်းပေးသည်။ ထို့အတွက် ကျေးဇူးတင်ရ၏။

"ကျောင်းကိုလာခဲ့လေ၊ အဲဒါဆို မွန်နဲ့တွေ့နိုင်တာပေါ့ ကိုနောင်လတ်"

"စိတ်ချ စိတ်ချ၊ ဒီကောင် မိုးလင်းတာနဲ့ ချက်ချင်းပြေးလာမှာ မဝေ"

ကျော်စိုးက ခပ်သွက်သွက် ဝင်ပြော၏။ သူ့အနေဖြင့် မအိမ်မွန်ကို ဘယ်လောက်တွေ့ချင်လဲဆိုတာ အားလုံးသိနေပြီ။

"ကဲ ကဲ မင်္ဂလာဦးမောင်နှံကို ဆက်ပြီး အနှောင့်အယှက်မပေးနဲ့တော့၊ ပြန်ကြစို့ နောင်လတ်"

မြဖံကိုထားခဲ့ပြီး သူတို့ ပြန်လာခဲ့ကြသည်။ ကိုယ်စီအိမ်မပြန်သေးဘဲ မပိတ်သေးတဲ့ ဆိုင်တစ်ခုမှာ ခုလိုထိုင်ပြီး သူနှင့် မအိမ်မွန်အကြောင်း ပြောဆိုဆွေးနွေးနေကြခြင်းပါ။

"မနက်ဖြန် မအိမ်မွန်ကျောင်းကို မင်းသွားမယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



လား နောင်လတ်"

လှိုင်ဦးမေးတော့ သူခေါင်းညိတ်သည်။ ဖြစ်နိုင်လျှင် ယခုဝင် တွေ့ချင်တာပါ။

"သွားမယ် လှိုင်ဦး၊ မွန်ရဲ့အချစ်ကို အမြန်ဆုံးရဖို့ ကိုယ်ကြိုးစားမယ်"

"အိုကေ ဒါဆို မနက်ဖြန်ကစပြီး မင်းရဲ့ ကောင်းတဲ့နေ့တွေ ဖြစ်လာပါစေ၊ ကဲ ကိုယ်တို့လမ်းခွဲကြစို့၊ ဂွဒ်နိုက်"

"ဂွဒ်နိုက်"

အားလုံးကို ပြန်ပို့ပြီးနောက် သူတစ်ယောက်တည်း ကျန်ခဲ့သည်။ တိတ်ဆိတ်သော ညရဲ့အောက်မှာ အေးမြတဲ့လေကို သူတစ်ယောက်တည်း ခံစားနေမိ၏။

မွန်ရယ်...

နက်မှောင်သော ကောင်းကင်ပြင်မှ တဖျပ်ဖျပ်လက်နေတဲ့ ကြယ်ပွင့်လေးတွေကိုကြည့်ပြီး သူမကို တမ်းတမိသည်။

ယခုချိန်ဆို သူမကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေ





မှာပေါ့။ ဟောဒီလောကမှာ သူမကို တမ်းတနေတဲ့ လူတစ်ယောက် ရှိတယ်ဆိုတာ ဘယ်လိုသိနိုင်မှာလဲ။

သူ အိမ်ကိုပြန်ရောက်ချိန်

"နောက်ကျလှချည်လား သား"

"ဟင် ဒက်ဒီ"

ထမင်းစားခန်းထဲမှ နီရဲသောမျက်ဝန်းများဖြင့် ထွက်လာသည့် ဒက်ဒီကို တွေ့လိုက်ရတော့ သက်ပြင်းချမိ၏။

ဒက်ဒီတစ်ယောက် အရက်တွေ သောက်နေပြန်ပြီပေါ့။

"ငါ့သားလည်း တစ်နေ့တစ်နေ့ မိန်းကလေးတွေနဲ့ လည်ပတ်ရတာနဲ့ နေ့မှန်းညမှန်း မသိတော့ဘူးထင်တယ်၊ ဟဲ ဟဲ"

သူ့ကိုကြည့်ကာ အရင်လိုမှတ်ပြီး ဒက်ဒီပြောသည်။ သူ ခေါင်းခါယမ်းလိုက်၏။

"ကျွန်တော် သူငယ်ချင်းတွေနဲ့တွေ့ပြီး ပြန်လာတာပါ ဒက်ဒီ"

"ဟဲ ဟဲ ငါ့သားကလည်း သားအဖချင်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



ငါ့သား ဘယ်လောက်စွဲတယ်ဆိုတာ ဒက်ဒီသိပါတယ်ကွ"

သူ့ပခုံးကို ပုတ်ပြီး မယုံဟန်ဖြင့် ဒက်ဒီပြောသည်။ အရက်ခေါင်းတောင် ဖြစ်နေသော ဒက်ဒီကိုကြည့်ပြီး သူ စိတ်မချမ်းမသာ ဖြစ်ရ၏။

"အရက်တွေ လျှော့သောက်ပါလား ဒက်ဒီ"

"ဟော့...ငါ့သားစကားက ထူးဆန်းပါလားကွဟင်၊ ဟဲ ဟဲ ဒက်ဒီကတော့ သားကို မိန်းကလေးတွေနဲ့ လျှော့တွဲဖို့ တစ်ခါမှ မပြောခဲ့ဖူးဘူးနော်"

ဒက်ဒီက လက်ညှိုးထောင်၍ သူ့ကိုကြည့်ကာ အပြုံးမပျက် ပြောသည်။

"ကျွန်တော်တို့ စကားအေးအေးဆေးဆေး ပြောကြရအောင် ဒက်ဒီ"

"ဒီလောက်ညဉ့်နက်နေပြီ၊ သား အိပ်ရေးပျက်မှာပေါ့ကွာ၊ နောက်ကြမှတွေ့မယ်၊ ဂွဒ်နိုက်"

သူ့ကိုနှုတ်ဆက်ပြီး ဒက်ဒီက ခပ်ယိုင်ယိုင် ခြေလှမ်းများ





ဖြင့် အခန်းထဲဝင်သွားသည်။

"နေပါဦး ဒက်ဒီ၊ ခုချိန်ကစပြီး ကျွန်တော် အရင်လို မဟုတ်တော့ပါဘူး"

"မင်းဘာပြောတယ် သား"

အခန်းဝရောက်နေပြီးသော ဒက်ဒီခြေလှမ်းတွေ ပြန်လှည့်လာ၏။ သူက တည်ငြိမ်သောမျက်နှာဖြင့်

"အရင်က ကျွန်တော် မိန်းကလေးတွေကို မချစ်ဘဲတွဲခဲ့တယ်၊ အပျော်သဘောလောက်ပဲ ထားခဲ့တယ် ဒက်ဒီ၊ ဒါပေမယ့် ခုချိန်ကစပြီး ကျွန်တော်ဟာ အချစ်ကို ကစားတဲ့လူ မဖြစ်ချင်တော့ဘူး"

"နေပါဦး သား၊ မင်း ဒီနေ့ ဘာဖြစ်လာတာလဲကွဟင်"

ဒက်ဒီက သူ့ကို မမြင်ဘူးသလို ခပ်စူးစူးကြည့်၍ မေးလာသည်။ သူက ဒက်ဒီမျက်လုံးများကို ရင်ဆိုင်လိုက်၏။

"ကျွန်တော် တကယ်ချစ်မိတဲ့ မိန်းကလေးကို တွေ့ခဲ့ပြီ



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီ"

"ဟင်"

သူ့စကားကြောင့် ဒက်ဒီမျက်နှာ ဖျတ်ခနဲပျက်သွား၏။ နောက်တော့ သူ့ကို အေးဆေးစွာကြည့်ကာ…

"ဘာပြောတယ် နောင်လတ်၊ မင်းတကယ်ချစ်တဲ့ မိန်းကလေးကို တွေ့ပြီဟုတ်လား"

"ဟုတ်တယ် ဒက်ဒီ၊ ဒါကြောင့် ခုချိန်ကစပြီး ကျွန်တော်ချစ်တဲ့ မိန်းကလေးကလွဲပြီး ဘယ်သူနဲ့မှ မတွဲတော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ"

သူ့စကားများကို နားထောင်ရင်း ဒက်ဒီ မျက်လုံးများ တဖြည်းဖြည်း ကျဉ်းမြောင်းလာလျက် ရုတ်တရက် အော်ဟစ်ရယ်မောလိုက်၏။

"ဟား ဟား မင်းရူးပြီ နောင်လတ်၊ တကယ်ပဲ မင်းရူးနေပြီပဲ၊ ဟင် ဘယ်တုန်းကမှ ဘယ်မိန်းမကိုမှ မချစ်တတ်တဲ့ မင်းက အခု ဘာစကားတွေ လာပြောနေလဲဆိုတာ သိရဲ့လား"





"ကျွန်တော် မရူးဘူး ဒက်ဒီ၊ အခု ကျွန်တော်ပြောနေတာတွေဟာ အမှန်တရားပဲ၊ ကျွန်တော်ဟာ နှလုံးသားနဲ့ ဖွဲ့တည်ထားတဲ့ လူတစ်ယောက်ပါ ဒက်ဒီ၊ ဒါကြောင့်မို့ တစ်သက်မှာ တစ်ခါတော့ အချစ်စစ်ဆိုတာ ဖြစ်ပေါ်တတ်ပါတယ်၊ ဒါကြောင့် ဒက်ဒီက ကျွန်တော့်ကို နားလည်ပေးပါ"

ပြတ်သားစွာ သူပြောပြီး လှည့်ထွက်ခဲ့စဉ်

"ရပ်စမ်း နောင်လတ်"

ဒက်ဒီ့အသံကြောင့် သူ့ခြေလှမ်းတွေ တုန့်ခနဲ ဖြစ်သွား၏။ လှည့်ကြည့်မိတော့ တင်းမာသော ဒက်ဒီမျက်နှာကို တွေ့ရသည်။

"အချစ်စစ်ကို တွေ့ပြီဟုတ်လား နောင်လတ်၊ ဟင် အဲဒီအချစ်စစ်ဆိုတာ မင်းအတွက် အဆိပ်ပဲကွ၊ တကယ်ချစ်မိတော့ တကယ်ခံစားရတယ်၊ ကိုယ်လိုချင်စိတ်မရတော့ ရင်ထဲပူလောင်ရတယ်၊ ဘာလဲဟင် မင်း… ဒုတိယ မင်းလတ် ဖြစ်ချင်လို့လား နောင်လတ်"

"ဒက်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



နီရဲသော မျက်ဝန်းများဖြင့် ဒက်ဒီ့ကိုကြည့်ပြီး သူရင်နာရ၏။ တကယ်ဆို အသက်ငါးဆယ် မပြည့်သေးတဲ့ ဒက်ဒီဟာ အရွယ်ကောင်းတစ်ယောက်ပါ။

သို့သော် သူသိတတ်တဲ့အချိန်မှစကာ ဒက်ဒီသည် အရက်ကောင်ကျွန် ဖြစ်နေပြီ။

"ငါ ဒီဘဝရောက်ခဲ့တာ အဲဒီ့အချစ်စစ်ကြောင့်ပဲကွ၊ ဒါကြောင့် မင်းကို ဘယ်မိန်းမကိုမှ အချစ်စစ်နဲ့ မချစ်မိဖို့ ငါစောစောကတည်းက သတိပေးခဲ့တယ် နောင်လတ်"

"ဟုတ်ပါတယ် ဒက်ဒီ၊ ဒက်ဒီ အဲဒီလိုပြောခဲ့လို့လည်း ကျွန်တော် ဘယ်မိန်းကလေးကိုမှ မချစ်တတ်ခဲ့ပေမယ့် မွန့်ကိုကြတော့ ကျွန်တော်မချစ်ဘဲ မနေနိုင်ဘူး ဒက်ဒီ"

လေးနက်စွာဖြင့် သူပြောလိုက်မိသည်။ ဒက်ဒီက ခေါင်းခါယမ်း၏။

"အချစ်ဆိုတာ မီးလိုပူလောင်တယ်ကွ၊ အဲဒီ မီးလိုပူတဲ့ အရာကို မင်းဘာကြောင့် ကိုင်ချင်ရတာလဲဟင်၊ အခု ငါဘာဖြစ်နေ





တယ်လို့ မင်းထင်သလဲဟင်၊ မီးလောင်နေတာကွ၊ မီးလောင်နေတာ၊ အဲဒီ လောင်နေတဲ့မီးကို ဘာမီးလို့ မင်းထင်နေလဲဟင်၊ အချစ်မီးကွ၊ အချစ်မီး၊ သိပ်ကိုကြောက်စရာကောင်းတဲ့ အချစ်မီးကြီး လောင်နေတာပါ သားရယ်"

အသံများတုန်ခါလာတဲ့အထိ ဒက်ဒီရင်ထဲ ဘယ်လောက်နာကျင်စွာ ခံစားခဲ့ရသလဲဆိုတာ သူ တွေးနိုင်ခြင်းမရှိတော့ပါ။

သေချာတာကတော့ လောလောဆယ် သူ့ရင်ထဲမှာ အချစ်မီး လောင်နေတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာပေါ်ရောက်ပေမယ့် သူ ချက်ချင်း အိပ်မပျော်။ မအိပ်မွန်နဲ့ ပတ်သက်သည့်မှစကာ 'အချစ်စစ်' ဆိုတာ သူသိခဲ့ပြီ။

သို့သော် ဒက်ဒီက ဒါကို ခွင့်မပြု။ အချစ်စစ်ဆိုတာ မီးတဲ့။

"ငါကိုယ်တိုင်က အချစ်မီးလောင်နေတာကွ"

ကြေကွဲသောမျက်ဝန်းများဖြင့် ခံစားချက်ပြင်းစွာ ပြောလာတဲ့ ဒက်ဒီ။ သူငယ်စဉ်အချိန်က အကြောင်းများကို ပြန်လည်မြင်ယောင်လာမိသည်။

ထိုအချိန်တုန်းက သူ ရှစ်တန်းရောက်နေပြီ။

"ရှင် ဒီအရေတွေ သောက်လာပြန်ပြီလား ကိုမင်းလတ်"

မိုးချုပ်မှ အိမ်ပြန်လာသော ဒက်ဒီသည် ကားပေါ်က





ခပ်ယိုင်ယိုင်ဆင်းလာ၏။

ဇနီးကောင်းတစ်ယောက်၏ ဝတ္တရားပီသစွာ မာမီသည် ဒက်ဒီအပြန်ကို အမြဲတမ်း စောင့်ကြိုနေတတ်သည်။

"မင်း မအိပ်သေးဘဲကိုး၊ ငါ့ကိုမစောင့်နဲ့လို့ ပြောထားတယ်မဟုတ်လား မဦး"

ညဉ့်နက်မှ အိမ်ပြန်လာပေမယ့် ဒက်ဒီက စောင့်ကြိုနေသည့် မာမီ့ကို ကျေးဇူးမတင်ပါ။ ဒက်ဒီ့စကားကြောင့် မာမီ မျက်နှာကွက်ခနဲပျက်သွား၏။

"ဒီလောက်ညဉ့်နက်နေတာ ရှင့်ကို ကျွန်မ ဘယ်လောက်စိတ်ပူရလဲ ကိုမင်းလတ်"

"ဟေ ငါက မင်းကို စိတ်ပူခိုင်းလို့လားကွ ဟင်၊ ဘာလဲ မင်းက မယားဝတ္တရား ကျေပြွန်ချင်တာလား မဦး၊ ဟဲ ဟဲ ငါကတော့ ခင်ပွန်းဝတ္တရား မကျေဘူးနော်"

စီမ်းကားသော ဒက်ဒီကို မာမီ ဘာကြောင့် စိတ်မနာတာပါလိမ့်ဟု သူတွေးခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မတို့အပေါ် တာဝန်ကျေပါတယ် ကိုမင်းလတ်၊ ကျွန်မတို့သားအမိ အခုလို အဆင့်အတန်းမှီမှီ နေထိုင်နိုင်အောင် ရှင် စီးပွားရှာနေတာပဲလေ"

"ငွေရှာရမှာပေါ့ မဦး၊ မင်းက ငွေမက်တာတိုး၊ ဒီတော့ မင်းလိုချင်တဲ့ငွေတွေ ငါအများကြီး ရှာပေးမယ်"

"ကိုမင်းလတ် ရှင်ဘာစကားတွေ ပြောနေတာလဲဟင်၊ မူးပြီး ရှင်တွေ့ရာ လျှောက်မပြောပါနဲ့၊ သားကြားသွားပါ့မယ်"

မာမီ ခပ်တိုးတိုး သတိပေး၏။ ဒက်ဒီက ယခုမှ သူ့ကို သတိရဟန်ဖြင့်

"သား သား ဟုတ်တယ် ငါ့သားကို မိန်းကလေးတွေ အပေါ် မချစ်တတ်အောင် သင်ပေးရမယ်ကွ"

"ရှင် ရှင် သားက ငယ်ငယ်လေးရှိသေးတာ ရှင်ကိုယ်တိုင်က ကျွန်မကို လက်ထပ်ထားပေမယ့် မချစ်ဘူးဆိုတာ သိတယ်၊ ရှင်ချစ်တာ တခြားတစ်ယောက်မဟုတ်လား ကိုမင်းလတ်၊ အဲဒီဝဋ်ကို ကျွန်မသာ ခံစားစေပြီး တခြားမိန်းကလေးတွေ မခံစားစေပါ





နဲ့တော့"

ငိုသံဖြင့် မာမီပြောတော့ သူ သက်ပြင်းချမိ၏။ ဒက်ဒီနှင့် မာမီဟာ မချစ်ဘဲ ဘာကြောင့် လက်ထပ်ခဲ့တာလဲ။

ဒက်ဒီချစ်တဲ့ မိန်းမကကော ဘယ်သူလဲ။ သူသိချင်ခဲ့၏။

"ငါ ဘယ်သူ့ကို ချစ်တယ်ဆိုတာသိလျက်နဲ့ မင်းလက်ထပ်ခဲ့တာပဲ မဦး၊ ဒါကြောင့် ငါ ခုလိုဖြစ်တာ၊ ငါ့အမှားလားဟင်"

"ရှင်မမှားပါဘူး၊ ကျွန်မမှားတာပါ၊ ဒါပေမယ့် ရှင်ချစ်တဲ့ မိန်းမကကော ရှင့်ကို ပြန်ချစ်ခဲ့လို့လား ကိုမင်းလတ်"

ထိုအမေးကြောင့် ဒက်ဒီ ငိုင်ကျသွား၏။ ထို့နောက် တဟားဟား အော်ရယ်သည်။

"ဟုတ်တယ်၊ သူကလည်း ငါ့ကိုမချစ်ဘူး၊ ဒီတော့ ငါပဲ ခံစားရတယ်၊ အဲဒါ အချစ်စစ်နဲ့ ချစ်မိလို့ကွ၊ ဒါကြောင့် ငါ့သားကို ဘယ်မိန်းမကိုမှ အချစ်စစ်နဲ့ မချစ်တတ်အောင် သင်ပေးရမယ်"

ဒက်ဒီ၏ ကြံစည်မှု အောင်မြင်ခဲ့တယ်ဟု ဆိုရမည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဆယ်တန်းအောင်သောနှစ်မှာ မာမီဆုံးခဲ့သည်။

ဆေးတက္ကသိုလ်ကျောင်းသား ဖြစ်လာတဲ့ သူ့ကို ဒက်ဒီက ဘာတစ်ခုမှ လိုလေသေးမရှိအောင် ထား၏။

"ခုဆို သားက ရုပ်ချောဥစ္စာပေါ်အပြင် ဂုဏ်ကြီးတဲ့ ဆေးကျောင်းသားတစ်ယောက် ဖြစ်နေပြီ၊ ဒီတော့ ငါ့သားကို ကြိုက်နှစ်သက်တဲ့ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေမှာပဲ၊ အေး ဒက်ဒီမှာချင်တာက မိန်းမကြောင့် ကိုယ့်ရည်မှန်းချက်ကို မပျက်စေနဲ့၊ မင်းအနေနဲ့ ဘယ်မိန်းမကိုမှလည်း အချစ်စစ်နဲ့ မချစ်မိဖို့ပဲ သား"

ဆယ့်ကျော်သက်အရွယ်ကတည်းက ဒက်ဒီ ရိုက်သွင်းခဲ့သလို သူ့စိတ်ထဲ မိန်းမတွေနှင့် ပတ်သက်ပြီး ဘာတစ်ခုမှ အလေးအနက်မထားခဲ့ပါ။

သူက ကြိုက်စရာမလိုဘဲ အလိုလိုချဉ်းကပ်လာတဲ့ မိန်းကလေးတွေကို ထည်လဲပြောင်းတွဲခဲ့၏။

ထိုစဉ်က သူ့အတွက် အချစ်ဆိုတာ ရယ်စရာတစ်ခုဖြစ်ခဲ့





သည်။ သူနှင့်ပတ်သက်၍ ခံစားရပါသည်ဟု ဆိုလာသော မိန်းကလေးများအား အထင်မကြီးခဲ့ပါ။

"သားကို မာမီမှာခဲ့မယ်နော်၊ သားရဲ့ဒက်ဒီဟာ ငယ်ရွယ်စဉ်မှာပဲ သူသိပ်ချစ်တဲ့ မိန်းမနဲ့လွဲခဲ့ပြီး မချစ်တဲ့မာမီကို လက်ထပ်ခဲ့ရတယ်၊ ဒါကြောင့် အချစ်နဲ့ပတ်သက်ပြီး သူက မိန်းမတွေကို စိတ်နာနေတာ၊ သား ဘယ်တော့မှ သူ့လမ်းစဉ်ကို မလိုက်နဲ့၊ လောကမှာ ကိုယ့်တကယ်ချစ်တဲ့ မိန်းမကိုသာ ရှာဖွေပြီး လက်ထပ်ပါ သားရယ်"

နောက်ဆုံးအချိန်မှာ သူ့အတွက် မာမီပြောခဲ့သော စကားတွေပါ။

ယခုတော့ မာမီပြောသလို သူတကယ်ချစ်တဲ့ မိန်းမကို တွေ့ပြီ။

"စိတ်ချပါ မာမီ၊ သား မှန်တစ်ယောက်ကိုသာ ချစ်ပြီး မှန့်ကိုသာ လက်ထပ်မှာပါ"

မရှိတော့ပြီဖြစ်တဲ့ မာမီကို သူ စိတ်ထဲမှ တိုင်တည်လိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။

တကယ်တော့ ဒါဟာလည်း မွန်နဲ့ပတ်သက်ပြီး သူ၏ စိတ်ကူးယဉ်မှုတစ်ခုသာ ဖြစ်သည်။

ဂုဏ်ခြေရှင်မလေး မွန်က သူ့ကို ဘယ်လိုတုံ့ပြန်မယ်ဆိုတာ မသိ။

"ဘယ်လိုလဲ နောင်လတ်၊ မင်းဟာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဆို၊ ဒါဆို မအိမ်မွန်က မင်းကို လက်မခံမှာ ဘာကြောင့် စိုးရိမ်နေတာလဲ"

မသိစိတ်က သူ့ကို ပြန်မေးနေသလိုလိုပါပဲ။ တကယ် ချစ်မိလာတော့ ကိုယ့်ဘာသာ ယုံကြည်စိတ်ချမှုမရှိတဲ့အထိ ပူပန်မှုတွေ ဝင်ရောက်လာတာ အံ့သြစရာ။

"ကျွန်တော့်ကို မချစ်ဖို့ မတားပါနဲ့ ဒက်ဒီ၊ လောကမှာ အချစ်စစ်ဆိုတာ အိုအေစစ်တစ်ခုလို အေးမြပါတယ်ဆိုတဲ့အကြောင်း ဒက်ဒီကို ကျွန်တော်ပြချင်တယ်"

တစ်ဖက်မှ ဒက်ဒီအကြောင်း တွေးမိတော့ နှုတ်မှ





တိုးတိတ်စွာ တောင်းပန်လိုက်၏။

အိပ်ပျော်နေပြီဖြစ်သော ဒက်ဒီကတော့ သူ့စကားတွေကို ကြားမည်မဟုတ်ပေ။

အချစ်နဲ့ပတ်သက်ပြီး စဉ်းစားရင်း မိုးလင်းကာနီးမှ မှေးခနဲ အိပ်ပျော်သွားလေ၏။

အိပ်မက်ထဲမှာ ချစ်ရတဲ့မွန်နဲ့ နှစ်ယောက်သား စကားတွေ ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟိုက် အတော်နေမြင့်ပြီပဲ"

အိပ်ရာမှနိုးလာချိန် သူ့အခန်းထဲ နေ၏အလင်းရောင်ဖြင့် ခပ်စူးစူးဖြစ်နေပြီ။

သူနာရီကြည့်လိုက်တော့ ကိုးနာရီ။ အိပ်ရာမှ ဝုန်းခနဲထကာ ရေချိုးခန်းထဲ အမြန်ပြန်ဝင်ခဲ့သည်။

ဖြစ်ရလေခြင်း။ ဒီနေ့မှ အိပ်ရာထ နောက်ကျရတယ်လို့။

အဝတ်အစားလဲပြီး သူ အောက်ထပ်ဆင်းလာတော့ ဒက်ဒီ အလုပ်သွားနှင့်ပြီ။

"ဆရာ ဘရိတ်ဖတ်စ် အသင့်ပြင်ထားပါပြီ"

ခြံစောင့်လည်းဖြစ်၊ အိမ်ထိန်းနေရာမှာလည်းရှိသော ကိုဖိုးလုံးက လာပြော၏။





သူ ခေါင်းခါယမ်းကာ

"နေပါစေ ကိုဖိုးလုံး၊ ကျွန်တော် မစားတော့ဘူး"

ပြောပြီး သူ့ကားမောင်းထွက်ခဲ့သည်။ သူ့ကား၏ဦးတည် ရာက မွန်တို့ကျောင်းသို့ပင်။ လမ်းမှာ ပန်းရောင်းသည့် ခြံသို့ဝင်၍ အလှဆုံးသစ်ခွပန်းကို ဝယ်လိုက်သည်။

ကျောင်းဝင်းထဲသို့ ဝင်လိုက်တာနှင့် ရောင်စုံလိပ်ပြာလေး တွေပမာ ပေါ်ပါးလန်းဆန်းနေသော ကျောင်းသူကျောင်းသားလေး တွေကို တွေ့လိုက်ရ၏။

"ဟော ကိုနောင်လတ်"

မြစ် ခွင့်မရ၍ ဟန်းနီးမွန်းမထွက်ဖြစ်တာကြောင့် မဝေက ကျောင်းတက်သည်။

"သြော် မဝေ"

သူ့မျက်လုံးတို့ လက်ခနဲဖြစ်သွားရသည်။ မဝေဘေးမှာ နုံ့သာရောင်ဝတ်စုံလေးဖြင့် နောက်တွဲဆံထုံးလေးနှင့် မျက်လွှာလေး ချကာ ရပ်နေသည့် ချစ်ဦးမွန်။



www.burmeseclassic.com

www.burmeseclassic.com



"ထူးထူးခြားခြားပါလား ကိုနောင်လတ်၊ ဘယ်ကိုလာတာလဲဟင်"

မဝေအမေးကြောင့် သူပြုံး၏။ တည်ငြိမ်စွာရပ်နေသူလေးကို တစ်ချက်ကြည့်လိုက်ပြီး…

"မဝေတို့ဆီလာတာပါပဲဗျာ၊ ဒီမှာလေ လမ်းကြုံလို့ ဟောဒီပန်းတွေဝယ်လာတာ"

"အို လှလိုက်တာ၊ ကဲ ပြောဦး ဒါကကော ဘယ်သူ့ဖို့လဲ"

မဝေက သိလျက်နှင့် မေးတော့ သူဖြေရပြီ။

"မဝေနဲ့ ဟောဒီက မွန့်ဖို့ပါ"

"ရှင်"

သည့်တစ်ကြိမ်တော့ သူမ အံ့ဩဟန်ဖြင့် မျက်တောင်ကော့များ ဝင့်ကြည့်လာ၏။

"မအံ့ဩပါနဲ့ မွန်၊ တစ်နေ့ကကိစ္စကို ပန်းပေးရင်း ကျွန်တော် တောင်းပန်ပါတယ်"





"အို"

စိုအိသော နှုတ်ခမ်းလေးတွေက ပန်းပွင့်လွှာဖတ်လေးတွေလို ဘယ်လောက်များ [illegible]ညှို့လိုက်မလဲလို့ လက်ညှိုးဖြင့် အသာဖွဖွ စမ်းချင်လိုက်တာလေ။

"ကိုနောင်လတ်နဲ့ မွန်က ဘယ်တုန်းက ဘာဖြစ်ထားလို့လဲ"

"အဟွန်း…အဲဒီအကြောင်း မဝေ မသိသေးဘဲကိုး၊ ဒါနဲ့ ကျွန်တော် ဘရိတ်ဖတ်စ် ဘာမှမစားရသေးလို့ တစ်ခုခုသွားစားရအောင်လား"

"အို…ဆောရီး၊ တကယ်ဆို အိမ်ရှင်ဖြစ်တဲ့ ကျွန်မတို့ကသာ ကိုနောင်လတ်ကို ဒီစကားမျိုးပြောရမှာပါ၊ မွန် ဝေတို့ ဒေါက်တာကို တစ်ခုခုနဲ့ ဧည့်ခံရအောင်နော်"

မဝေပြောတော့ သူမ ခေါင်းခါဖို့ ခက်သွား၏။

"မွန် ဖတ်စ်တိုင်းမှာ ကလပ်စ်ဝင်ရမယ် ဝေ"

"အို စောပါသေးတယ် မွန်ရယ်၊ စောစောကပဲ မွန်ပြော



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ လက်ဖက်ရည်တစ်ခွက်ကလွဲပြီး ဘာမှမစားရသေးဘူး ဆိုတာ''

''ဒါဆို အတော်ဖြစ်သွားတာပေါ့ဗျာ၊ လိုက်ခဲ့ပါ မွန်၊ ကျွန်တော် မဝေနဲ့ မွန်ကို ကျွေးခံပါရစေ''

သူ လိုက်လှဲစွာပြောလိုက်၏။ သူမက ညင်သာစွာ ခေါင်းခါယမ်းသည်။

''ဒေါက်တာက ကျွေးသည်၊ ကျွန်မတို့က ကျွေးခံရမှာပါ၊ သွားစို့ဝေ''

သူကျွေးမှာကို မလိုလားဟန်ဖြင့် သူမပြောတာ ပညာပါလှသည်။ ဘာအတွက်ပဲဖြစ်ပါစေ သူမနှင့်အတူ ဒီလိုရှိခွင့်က သူ့အတွက် ကျေနပ်စရာတစ်ခုပါ။

''ဒီပန်းတွေ သိပ်ဈေးကြီးမှာပဲနော် ကိုနောင်လတ်၊ ကဲ မွန် ပန်းလာပေးမှာတော့ ဒီအတိုင်းထားလို့ ဘယ်ဖြစ်မလဲ၊ တစ်ပွင့်စီ ပန်ကြရအောင်နော်''

စားသောက်ဆိုင် ရောက်တော့ ပန်းတွေကိုကြည့်ပြီး မဝေ





ပြောပေမယ့်…

''ဝေပဲ ပန်လိုက်ပါ၊ မွန် သစ်ခွပန်းကို မကြိုက်ဘူး''

''ဟင်''

''အို''

သည်မျှ ဈေးကြီးကာ လှပတဲ့ပန်းတွေကို သူမ မကြိုက်ဘူးဆိုတာကြောင့် သူ မျက်နှာပျက်သွားရ၏။

မဝေကတော့ သူ့ကို အားနာသွားဟန်။

''ကျွန်တော်က ဒီပန်းကို ဘယ်လိုသဘောနဲ့မှ ပေးတာ မဟုတ်ပါဘူး မွန်၊ မဝေတို့ မင်္ဂလာဆောင်နေ့က ကျွန်တော့်သူငယ်ချင်းကြောင့် မွန် အနှောင့်အယှက်ဖြစ်ခဲ့တဲ့အတွက် တောင်းပန်တာပါ''

''အို အဲဒီ့အတွက်ဆိုရင် နေပါစေ''

ဖြူနုသောမျက်နှာလေး ရဲခနဲဖြစ်လျက် သူမ ခေါင်းခါယမ်းပြောသည်။ မဝေက နားမလည်သလိုကြည့်ကာ

''ကိုနောင်လတ်နဲ့ မွန်တို့ ဘာတွေပြောနေကြတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



ဟု မေး၏။

"အဟွန်း ဒီလိုပါမဝေ၊ မဝေတို့မင်္ဂလာဆောင်မှာ နောက်ကျပြီးရောက်လာတဲ့ ကျွန်တော်နဲ့ မွန်ကို သူငယ်ချင်း တစ်ယောက်က တစ်မျိုးထင်ပြီး နောက်လိုက်မိလို့လေ"

"မပြောပါနဲ့တော့ ဒေါက်တာ"

ရှက်မျက်နှာလေးဖြင့် သူမက သူ့ကိုလှမ်း၍ တားဆီး၏။ သြော် ဣန္ဒြေရှင်မလေးက အရှက်အကြောက် ကြီးလှပါ လား။

သူရင်းပြတာကို မဝေ သဘောပေါက်လျက် ပြုံး၏။

"ဒါကြောင့် ဒေါက်တာက ပန်းပေးပြီး တောင်းပန်နေတာ ကိုး၊ မွန်တ သဘောကောင်းပါတယ်၊ ဒေါ်တာ ပန်းမပေးခင်က တည်းက မွန်အနေနဲ့ ခွင့်လွှတ်ပြီးသားဖြစ်မှာပါ၊ ဟုတ်တယ်နော် မွန်"

နောင်လတ်ကို ပြောရင်းမှ မဝေက မွန်ဘက်လှည့်၍ ထောက်ခံစေ၏။





သူမက မျက်လွှာလေးပင့်ကာ သူ့ကို တစ်ချက်ကြည့်ပြီး

"အင်း မဝေပြောသလိုပါပဲ"

ဆိုတာကြောင့် သူ့မျက်နှာ ပြုံးသွားရလေ၏။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်ပေးတဲ့ပန်းကိုတော့ မွန် လက်ခံ စေချင်ပါတယ်၊ ပြီးတော့ ကျွန်တော့်ကိုလည်း မွန်ရဲ့ မိတ်ဆွေ တစ်ယောက်အဖြစ် သဘောထားပါဗျာ"

လှပသော သူမမျက်နှာလေးကို ကြည့်လျက် သူတောင်း ဆို၏။ မဝေက ကြားထဲမှ သွက်လက်စွာဖြင့်

"အို…ဒါ အထူးပြောစရာတောင်မလိုပါဘူး ကိုနောင် လတ်ရယ်၊ မဝေနဲ့မွန်ဆိုတာ အခင်ဆုံး သူငယ်ချင်းတွေဆိုတော့ သူ့မိတ်ဆွေ ကိုယ့်မိတ်ဆွေ အတူတူပါပဲ"

"ဟုတ်လား မွန်၊ ကျွန်တော်နဲ့ မြခဲတို့ကလည်း အတူတူ ပါပဲဗျာ၊ ဒါဆို ကျွန်တော်နဲ့ မွန် မိတ်ဆွေဖြစ်ပြီနော်"

ယခုချိန်ကြမှ ခေါင်ခါယမ်းလျှင် သူမအလွန်သာ ဖြစ်မည် မို့ ခေါင်းညိတ်ပြလိုက်ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကဲ ဒေါက်တာနဲ့ မွန်တို့ မိတ်ဆွေဖြစ်တဲ့ အထိမ်းအမှတ်အဖြစ် ဝေက ဒီမုန့်ဖိုးတွေရှင်းမယ် ဟုတ်လား"

"မဟုတ်တာဗျာ၊ ကျွန်တော်ရှင်းပါရစေ မဝေ"

"အို မရပါဘူး၊ ကိုနောင်လတ်က မဝေတို့ဆီလာတဲ့ ဧည့်သည်ပဲ၊ ကိုနောင်လတ် ကျွေးချင်ရင် နောက်မှကျွေးတော့"

"ကောင်းပါပြီဗျာ"

သည်နေ့ သူနှင့်မွန်တို့ ခင်မင်ခွင့်ရတဲ့အတွက် ရင်ထဲကြိတ်ကာ ပျော်နေမိ၏။

မဝေနှင့် မွန်ကို ကျောင်းအထိ ပြန်ပို့ပေးသည်။

"နောက်လည်း မကြာခဏလာလည်ပေါ့ ကိုနောင်လတ်၊ မိတ်ဆွေတွေဖြစ်ပြီပဲ"

"အဟွန်း မဝေကသာ ဖိတ်ခေါ်နေတာပါဗျာ မွန်က ကြိုက်ချင်မှကြိုက်မှာ၊ ခုတောင် ဘာမှမပြောတာ ကြည့်ပါလား"

ဆိတ်ငြိမ်လွန်းသော သူမကိုကြည့်ပြီး သူနောက်သလိုနှင့် အတည်ပြောခြင်းပါ။





"ဟုတ်သားပဲ မွန်ရဲ့၊ ဒေါက်တာနဲ့ ခင်နေပြီပဲ၊ တစ်ခုခု ပြောပါဦး"

မဝေက တိုက်တွန်း၏။ သည်တော့မှ သူမနှုတ်ခမ်းလေးတွေ ရွရွလှုပ်လာလျက်

"ခုလိုလိုက်ပို့တာ ကျေးဇူးပါပဲ ဒေါက်တာ"

ထိုစကားကြောင့် သူ မျက်နှာပျက်ချင်သွားရ၏။

"မကြာခဏလာလည်ဖို့ ဖိတ်ခေါ်ပါတယ် ဒေါက်တာ"

ဟု သူမပြောမည်ထင်ခဲ့တာ တခြားစီပါလား။ သူ သက်ပြင်းကြိတ်ချလျက်...

"ရပါတယ်ဗျာ၊ ကျွန်တော့်ဇစ်စတင်းကဒ် ပေးထားပါရစေ၊ အကူအညီလိုရင် အချိန်မရွေးပြောပါ မွန်"

အိတ်ထဲမှ ဗစ်စတင်းကဒ်ထုတ်ပေးရင်း သူပြော၏။

"အဟင်း ဆရာဝန်ဆီ အကူအညီယူမယ့်သူတော့ မဖြစ်ပါရစေနဲ့ရှင်"

သူ၏ ဗစ်စတင်းကဒ်လေးကိုကြည့်ပြီး သူမ ပြုံးမဲ့မဲ့ပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ အားနာသွားလျက်

"ဆောရီးဗျာ ကျွန်တော်က ဒီသဘောမျိုးနဲ့ပြောတာ မဟုတ်ပါဘူး၊ ကျန်းမာရေးနဲ့ မသက်ဆိုင်တဲ့ တခြားအကူအညီမျိုး ကို ပြောတာပါ မွန်"

သူတို့နှစ်ယောက်ကို ကြည့်ပြီး မဝေ ပြုံးသည်။

"ဝေတို့ကတော့ ကိုဖတစ်ယောက်လုံး ရှိနေတော့ ကျန်းမာရေးနဲ့ ပတ်သက်လည်း အကူအညီတောင်းစရာ မလိုဘူး၊ မွန့်အတွက်ကတော့ လိုတယ် ကိုနောင်လတ်၊ ဘာကြောင့်လဲဆို တော့ မွန်ရဲ့ တစ်ဦးတည်းသော တူချစ်လေးက ချူချာတယ်လေ"

"အို ဝေကလဲ"

သူမ၏ အတွင်းရေးအကြောင်းများကို သူသိစေလိုဟန် မရှိပေ။

"ဘာအဖြစ်ပဲဖြစ်ဖြစ်ပေါ့ မွန်၊ ကျွန်တော်အနေနဲ့ မွန့် အတွက် ကူညီဖို့အသင့်ပါပဲ၊ ကဲ ကျွန်တော့်ကို ခွင့်ပြုပါဦး"

နှုတ်ဆက်ပြီး ကားမောင်း၍ သူထွက်ခဲ့၏။ တကယ်





တော့ သူ့စိတ်တွေက မွန်ထံမှ ကျန်ခဲ့တာပါ။ ဒါကို သူမသိမည် မဟုတ်ပေ။

✣▯✣



www.burmeseclassic.com

www.burmeseclassic.com

"ဒေါက်တာနောင်လတ်က လူချောတစ်ယောက်ပဲနော်မွန်"

သူပြန်သွားတာနှင့် ဌာနဘက်လျှောက်လာရင်း ဝေက သူမတို့ ပျော်လှမ်းပြော၏။

"ယောကျ်ားတစ်ယောက် ဒီလောက်ချောမောတာမျိုးတော့ မွန် သဘောမကျဘူး ဝေ"

"ဟင် ဘာဖြစ်လို့လဲမွန်"

နားမလည်သလို ဝေမေးတော့ မွန်ပြုံး၏။

"ဒါက အရှင်းလေးပါ၊ ဒေါက်တာနောင်လတ်ဟာ အစစအရာရာ ပြည့်စုံချောမောတဲ့ လူတစ်ယောက်ဆိုတော့ အဲဒီချောမောမှု၊ ပြည့်စုံမှုကို အကြောင်းပြုပြီး မိန်းကလေးတွေနဲ့ ပွေရှုပ်





နိုင်တယ်မဟုတ်လား ဝေ"

"အို မွန်က ကိုနောင်လတ်ကို အဲဒီလိုလူမျိုးတစ်ယောက်လို့ ထင်လားဟင်"

သူမက ဘာမှမဖြေဘဲ နှုတ်ဆိတ်နေ၏။ ဝေက အားမရစွာ ထပ်မေးသည်။

"ပြောပါ မွန်ရဲ၊ ကိုနောင်လတ်ဟာ ပွေရှုပ်မယ့် လူတစ်ဦးလား"

"ဝေကော သူ့ကို ဘယ်လိုမြင်လဲ"

မွန် ပြန်မေးတာကြောင့် ဝေ တစ်ချက်စဉ်းစားဟန်ပြုပြီး

"အင်း သေချာစဉ်းစားတော့လည်း မွန်ပြောတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် လောကမှာ လှတဲ့ချောတဲ့သူတိုင်း ပွေရှုပ်တယ်လို့ ပြောနိုင်တာမှမဟုတ်ဘဲ၊ ဥပမာ မွန်ကို ကြည့်ပါလား၊ တက္ကသိုလ်တက်ကတည်းက မွန့်ကို မေတ္တာရှိတဲ့လူတွေ အရင်ကကော အခုပါ ရှိခဲ့ပေမယ့် မွန် ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့ဘူးလေ၊ ဒီလောက်လှတဲ့ မွန့်မှာ ရည်းစားမရှိတာ တခြားသူတွေ

www.burmeseclassic.com



သိရင် ဘယ်လောက် အံ့ဩစရာကောင်းလဲဟင်"

မိန်းမသားချင်းပင် ငေးကြည့်ရအောင်လှသော မှုန်သည် ယခုချိန်ထိ အချစ်ကို မရှာဖွေဘဲ တစ်ယောက်တည်း ရပ်တည်နေခဲ့ပါ၏။

"မှုန်က မချစ်တတ်လို့မဟုတ်ပါဘူး ဝေရယ်၊ မှုန်ရဲ့ အချစ်စိတ်က ပန်းပွင့်ဘဝမရောက်ခင် အဖူးအငုံဘဝကပဲ ကြွေကျခဲ့လို့ပါ"

သူမကို အထင်ကြီးနေတဲ့ မဝေကို စိတ်ထဲမှ တိတ်တိတ် ပြန်ပြောမိ၏။ ဝေကတော့ သူမ ငြိမ်သက်သွားတာကိုကြည့်ပြီး

"ဝေပြောတာ မှန်တယ်မဟုတ်လား မှုန်"

"မှန်ပေမယ့် ယောကျ်ားနဲ့မိန်းမက မတူပါဘူးဝေရယ်၊ ချောမောလှပတဲ့ မိန်းမတွေမှာ ချစ်သူရည်းစားရှိချင်မှ ရှိမယ်၊ ဒါပေမယ့် သေချာတာကတော့ ချောမောတဲ့ ယောကျ်ားတွေအဖို့ အနားမှာ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတတ်တာပါပဲ"

ဒေါက်တာနောင်လတ်ကို တွေ့စကတည်းက ချောမော





သည့် လူတစ်ယောက်အဖြစ် သူမ သတိပြုမိ၏။ ထို့ကြောင့် မျက်နှာချင်းဆိုင် ထိုင်ရတာပင် ဝန်လေးကာ မျက်လွှာသာ နှာနှာချ ထားခဲ့သည်။

မဝေ် မျက်လုံးချင်းဆုံမိလျှင် သူချောလို့ သူမကြည့် တယ်ထင်မှာ စိုး၍ပါ။

"ဒါပေမယ့် ဝေကတော့ ထင်တယ်လေ၊ လောကမှာ ဘယ်လောက်ပဲ ပွေရှုပ်တဲ့လူဖြစ်ပါစေ တစ်ချိန်ချိန်မှာတော့ အချစ်စစ်ဆိုတာ ရှိလာနိုင်တာပဲ မဟုတ်လား မှုန်"

"အင်း ဒါလည်းဖြစ်နိုင်ပေမယ့် ယောကျ်ားတစ်ယောက် ရဲ့ အချစ်စစ်ဆိုတာ တကယ်တမ်း ရရှိဖို့ လွယ်မယ်မထင်ဘူးနော်၊ ဝေသာ ကံကောင်းလို့ အချစ်စစ်နဲ့တွေ့ပြီး လက်ထပ်ဖြစ်တာမဟုတ် လား"

ဒေါက်တာမြစံသည် အသားညိုပေမယ့် ယောကျ်ား ကောင်းပီသသူအဖြစ် ဝေကို မြတ်နိုးစွာ လက်ထပ်ခဲ့၏။

"ခွန်ကြည့်ရတာ ယောကျ်ားတွေအပေါ် အလိုလို စိတ်နာ



www.burmeseclassic.com

www.burmeseclassic.com



နေသလိုပဲကွယ်၊ အဲဒီလိုသာဆိုရင် မွန့်ဘဝ အထီးကျန်မှာပေါ့"

လှပချောမောသော ရုပ်ရည်လေးမှာ ယောကျ်ားတွေနှင့် ပတ်သက်ပြီး အေးစက်လွန်းနေတာကို ဝေ အားမရပေ။

"စိတ်နာတယ်ဆိုတာထက် ယောကျ်ားတွေကို မွန် ယုံကြည်လို့မရတာပဲ ဝေ၊ တခြားမကြည့်နဲ့ မွန်ရဲ့မမ မသက်ကို ကြည့်လေ မမသက်ရဲ့ခင်ပွန်း ကိုဇေယျဟာ ဘယ်လောက်ချော မောလဲ၊ အဲဒီချောမောတဲ့ ယောကျ်ားကို ရခဲ့တဲ့ မမသက်ဟာ တစ်နေ့မှ စိတ်မချမ်းသာခဲ့ရဘူး၊ ကြာတော့ သောကတွေ ပူပန် စိတ်တွေ ဖိစီးလာပြီး နှလုံးရောဂါ ဖြစ်တော့တာပဲ၊ နောက်ဆုံး မမဟာ အဲဒီရောဂါနဲ့ ဆုံးပါးခဲ့ရတာပဲ ဝေ"

မွန်က ပြောရင်း နာကြည်းဟန်လေးဖြင့် မျက်နှာလေး နီလာ၏။

"ဒါဆို မွန် ယောကျ်ားတွေကို မယုံတာ မွန်ရဲ့ခဲအို ကြောင့်ပေါ့ ဟုတ်လား မွန်"

"အမှန်ပဲ ဝေ၊ ကိုဇေယျဟာ ချောသလောက် လူက





လည်း မိန်းကလေးပေါ်ပေါ်ရုံနဲ့ ပွေရှုပ်တယ်၊ မမစိတ်ဆင်းရဲခဲ့ရတဲ့ နေ့တွေကို မွန်ကိုယ်တိုင် မြင်တွေ့ခဲ့တာပဲ၊ ဒါကြောင့် ချောမော တဲ့ ယောကျ်ားတွေမြင်ရင် အလိုလိုမုန်းချင်လာတယ် ဝေ"

တည်ငြိမ်သော မျက်နှာလေးဖြင့် မွန်ပြောသမျှ ကြားထဲမှ ဝေက ဒေါက်တာနောင်လတ်အတွက် စိတ်မောသွားရ၏။

မွန့်ကိုမှ စိတ်ဝင်စားမိတဲ့ ဒေါက်တာနောင်လတ်၊ ဒီစကားသာကြားလျှင် ဘယ်လိုနေမလဲ။

"ဝေ အထင်တော့ ချောမောတဲ့ ယောကျ်ားတိုင်း မွန်ရဲ့ ခဲအိုလို မဖြစ်နိုင်ပါဘူးကွယ်၊ လေးနက်တဲ့စိတ်နဲ့ ချစ်တတ်တာမျိုး လည်း ရှိမှာပါ"

ဟင်းမာလွန်းသော မွန်၏ခံယူချက်ကို အနည်းငယ်မျှ ပျော့ပျောင်းလာစေဦးတော့ ဝေ နှစ်သိမ့်ကြည့်မိသည်။

"ဟင့်အင်း မွန်ကတော့ ရုပ်ချောတဲ့ယောကျ်ားတွေကို မယုံဘူး မွန်"

ဒါကြောင့်လည်း သူမ၏ အချစ်စိတ်သည် အမှုံအငုံ



www.burmeseclassic.com

www.burmeseclassic.com



ဘဝကပင် ပျက်ပြားခဲ့ရတာထင်၏။

"မွန် ခံယူချက်က တစ်ဖက်သတ် မဆန်လွန်းဘူးလား ဟင်၊ တကယ်ဆို မွန်ကိုယ်တိုင်က ကိုဇေယျလိုလူမျိုးနဲ့ ဘယ်မှာ တွေ့ခဲ့လို့လဲ"

"အို အဲဒီလိုမတွေ့ရအောင် ယောကျ်ားတွေဆို မွန် ရှောင်တာပေါ့ ဝေ"

ခဲအိုနှင့် ပတ်သက်ပြီး မမဆုံးရတဲ့အတွက် ယောကျ်ားဆို အားလုံး စိတ်နာမိသလိုပါပဲ။

"ယောကျ်ားတွေကို မုန်းစရာကောင်းတယ် တွေးရင် မွန် အထီးကျန်မှာ မတွေးဘူးလားဟင်"

"သူတို့ကို မချစ်ရလို့ မွန် အထီးကျန်လည်း ဝမ်းမနည်းပါဘူး ဝေ၊ မွန်မှာ မမထားခဲ့တဲ့ သားသားတစ်ယောက်လုံး ရှိတာပဲ"

ထိုစကားကြောင့် ဝေက လက်မခံနိုင်သလို ခေါင်းခါယမ်းမိ၏။





"သားသားဟာ မွန်ရဲ့သွေးမှ မဟုတ်တာ၊ မမနဲ့ပတ်သက်ပြီး တူပဲတော်တာလေ၊ တကယ်လို့ သူ့အဖေက သားသားကို လာခေါ်သွားရင် မွန် ဘယ်လိုလုပ်မလဲဟင်"

ဝေအမေးကြောင့် မွန် မျက်နှာပျက်သွားသည်။

"အို ဟင့်အင်း၊ ဟင့်အင်း၊ သားသားကို သူလာမခေါ်ရဘူး၊ အဟင်း လာလည်းမခေါ်နိုင်ပါဘူးလေ၊ ကိုဇေယျလိုလူက သူ့အနားမှာ မိန်းမတစ်ယောက်ရှိမှ နေတတ်တာမျိုးပါ၊ ဒီတော့ သားကို ဘယ်သတိရပါ့မလဲဝေ"

"မဟုတ်သေးဘူး မွန်၊ ဘယ်လောက်ပဲ ဆိုးရွားတဲ့လူ ဖြစ်ပါစေ တစ်နေ့မှာ ကိုယ့်သွေးသားရှိရာ ပြန်လာမှာပဲ၊ ကိုဇေယျ လည်း ဖခင်တစ်ဦးမို့ သားသားကို တစ်နေ့ သတိရလာမှာပါကွယ်"

အဖြစ်မှန်ကို စဉ်းစားပြီး ဝေ ပြောပေမယ့် သားသားကို ချစ်တဲ့ မွန်မှာ ဘယ်လိုမှ လက်မခံနိုင်အောင်ပါ။

"တော် တော်ပါတော့ဝေ၊ မွန့်ရင်ခွင်ထဲက သားကို ဘယ်သူမှ ဆွဲထုတ်သွားလို့မရဘူး၊ သားဟာ မမကိုယ်စား မွန့် အတွက် ကျန်ခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



မျက်စိမျက်နှာပျက်နေသော မွန့်ကိုကြည့်ပြီး ဝေ သက်ပြင်းကြိတ်ချသည်။ တကယ်မဟုတ်သေးတာတောင် မွန် ဒီလိုခံစားနေရလျှင် တစ်နေ့ ကိုဖေယျက သားကိုလာခေါ်လျှင် မွန်တစ်ယောက်ရူးရူးသွားမလားဟု တွေးမိ၏။

"ဝေကတော့ မွန့်ကို မခံစားချင်စေချင်ဘူး၊ ဒါကြောင့် သားသားဆီရောက်နေတဲ့ မွန့်ရဲ့အချစ်တွေကို တစ်စုံတစ်ယောက်ဆီ နည်းနည်းမျှဝေထားရင် ကောင်းမယ်"

တစ်နေ့ မွန် ခံစားရမည်ဆိုတာကြောင့် ဝေ သတိပေးမိ၏။

"ဝေ ဘာကိုဆိုလိုတာလဲမောင်"

လှပလွန်းသော မျက်ဝန်းလေးတွေမှာ နားမလည်သည့် အရိပ်အယောင်တွေ။

"ဘာခြားမဟုတ်ပါဘူး မွန်၊ ဒီအချိန်မှာ မွန်ဟာ လက်ထပ်သင့်တဲ့အရွယ်မို့ မွန့်ကို စိတ်ဝင်စားနေတဲ့ တစ်ယောက်ယောက်ကို ရွေးဖို့ပါကွယ်"

"ဒီလိုသတိပေးတာကိုတော့ ကျေးဇူးတင်ပါတယ် ဝေ၊





ဒါပေမယ့် မွန်လေ ဘယ်သူ့ကိုမှ စိတ်ဝင်စားလို့မရဘူး"

"ဒါဟာ တကယ်ချစ်တဲ့လူကို မတွေ့သေးလို့ပါ မွန်၊ ဒါမှမဟုတ် ကိုယ့်နှလုံးသားထဲက ခံစားရမှုဟာ ညင်သာလွန်းလို့ ကိုယ်တကယ်စိတ်ဝင်စားမယ့်လူကို သတိမထားမိလိုက်နိုင်တာလည်း ဖြစ်ပါလိမ့်မယ်"

ဒေါက်တာနောင်လတ်လို ချော့မော့ခန့်ညားသော ယောက်ျားမျိုးနှင့် တစ်စားပွဲတည်း အတူထိုင်လို့မှ မွန့်စိတ်ထဲ မခံစားရဘူးဆိုလျှင် တကယ်ပဲ မွန် နှလုံးသား ပျက်စီးနေလို့သာ ဖြစ်သည်။

"အဟင်း မွန့်အတွက်တော့ မြင်မြင်ချင်း စိတ်ဝင်စားရမယ့် ယောက်ျားမျိုး ခုထိမရှိတာ သေချာပါတယ်ကွယ်"

ကဲ သွားပြီ။

ထိုအဖြေက ဒေါက်တာနောင်လတ်အတွက် သွယ်ဝိုက်၍ ဝေ ကြိုးစားပြောခဲ့သမျှ အလကားဖြစ်ကုန်တာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

"ဟင်…နှင်းဆီပန်းတွေပါလား ဒေါက်တာ"

ကားပေါ်မှဆင်းလာသော နောင်လတ်၏ လက်ထဲမှာ လှပလန်းဆန်းသော နှင်းဆီပန်းများကို တွေ့လိုက်ရတော့ မွန်က နားမလည်သလို ပြောသည်။

သူက နှင်းဆီပန်းများကို သူမထံ လှမ်းပေးရင်း…

"မွန်က သစ်ခွပန်း မကြိုက်ဘူးဆိုတော့ နှင်းဆီပန်းကို ပြောင်းယူလာတာလေ၊ လက်ခံပါ မွန်"

"ဟင့်အင်း ကျွန်မ ဘယ်ပန်းကိုမှ ပန်တာ ဝါသနာမပါပါဘူး ဒေါက်တာ"

သည်တော့ သူ ခပ်လွန့်လွန့်ပြုံး၏။ ထို့နောက် သူမခေါင်းကို လှမ်းကြည့်သည်။





"မညာပါနဲ့ မွန်ရယ်၊ ခုပဲ မွန့်ခေါင်းမှာ ပန်ထားတာ အဖြူရောင်နှင်းဆီလေ"

"အို"

သူ့ထံမှပန်းကို မယူချင်တာမို့ တမင်ညာပြောသလို ဖြစ်သွားရ၏။ တကယ်တော့ ဘယ်မိန်းကလေးမဆို ပန်းကို ကြိုက်ကြတာပဲ။ အထူးသဖြင့် လှပတဲ့သစ်ခွနဲ့ နှင်းဆီတွေကိုလေ။

မနက်တုန်းကပဲ ခြံထဲမှာ ပွင့်နေသော နှင်းဆီဖြူလေးကို ခူးယူ၍ သူမပန်ခဲ့ခြင်းဖြစ်သည်။

"ဒေါက်တာ ဘာကြောင့် ကျွန်မကို ပန်းလက်ဆောင်တွေ လာပေးနေရတာလဲဟင်"

"အဟွန်း ဒါကတော့ ရှင်းပါတယ်ဗျာ၊ ဒီခေတ်ထဲမှာ ဆံထုံးမှာပါ ပန်းပန်တဲ့ မိန်းကလေးဟာ အတော့်ကို ရှားပါတယ်၊ ဒါပေမယ့် မွန်ကလေး အဲဒီရှားပါးတဲ့ထဲက မိန်းကလေး တစ်ယောက်လို့ ကျွန်တော်မြင်မိတယ်၊ ပြီးတော့ ပန်းပန်ထားတဲ့ မွန့်ပုံစံလေးဟာ ကျွန်တော့်မျက်စိထဲမှာ ကြည့်လို့မဝဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲရှိတဲ့အတိုင်း သူပြောလိုက်တော့ သူမမျက်နှာလေး ဝနဲးနုရောင်သန်းသွားလျက်…

“ရှင် ရှင် ကျွန်မကို ဘယ်လိုအမိပ္ပါယ်နဲ့ ပြောနေတာလဲ ဒေါက်တာ”

“အဟွန်း ဒါကတော့ ရှင်းပါတယ် မှန်၊ ကျွန်တော်လေ မှန်ကို မြင်မြင်ချင်း စိတ်ဝင်စားမိတယ်”

“အို…ရှင်”

တိုက်ရိုက်ကြီး ရည်းစားစကား အပြောခံနေရသည့်အဖြစ်မို့ ဖြူနုဝင်းမွတ်သော သူမမျက်နှာလေး သိသာစွာ နီရဲလေ၏။

“တကယ်ပြောတာပါ မှန်၊ ကျွန်တော့်ဘဝမှာ မိန်းကလေးတွေ အများကြီးနဲ့ တွေ့ဘူးခဲ့ပေမယ့် ကျွန်တော့်နှလုံးသားက မှန်နဲ့ ကြမှ ရင်ခုန်တာပါဗျာ”

“တော်ပါ ဒေါက်တာ၊ ရှင်ဟာ တခြားမိန်းကလေးတွေကိုပါ လှည့်စားရုံတင်မကဘူး ကျွန်မကိုပါ ဆက်ပြီး လှည့်စားဦးမလို့လားဟင်”





ထိုအမေးကြောင့် သူ့မျက်နှာ သိသာစွာ ပျက်သွား၏။ သူမကို ရီဝေစွာကြည့်သည်။

“အဟွန်း…မှန်က ကျွန်တော့်အကြောင်းတွေ ဘယ်လို ကြားထားလဲမသိဘူး၊ ဒါပေမယ့် သေချာတာကတော့ ကျွန်တော် ဘယ်သူ့ကိုမှ မချစ်ခဲ့ဘူး မှန်၊ နောက်တစ်ခုက ဘယ်မိန်းကလေးကိုမှ ကျွန်တော် နစ်နာအောင် မလုပ်ခဲ့တာပဲ”

မှန်သောစကားများကို သူပြောပေမယ့် သူမ ယုံဟန်မပေါ်တာကြောင့် ရင်ထဲနာသွားရ၏။

“ကျွန်မ ရှင့်အကြောင်းကို အလကားနေ လိုက်စုံစမ်းနေတဲ့ မိန်းမမဟုတ်ဘူး ဒေါက်တာ”

“ဒါဖြင့် မှန်က ကျွန်တော့်ကို မိန်းကလေးတွေနဲ့ ရှုပ်တယ် ဆိုတာ”

“အဟင်း ဒါကတော့ အထူးပြောစရာမလိုပါဘူး ဒေါက်တာ၊ ရှင့်ရဲ့ ချောမောတဲ့ ရုပ်ရည်အပြင် အစစအရာရာ ပြည့်စုံတဲ့ ဂုဏ်ပကာသနတွေဟာ မိန်းကလေးတွေအတွက် အသဲ



www.burmeseclassic.com

www.burmeseclassic.com



လောက်စရာမဟုတ်လား၊ ရှင်က ဒါတွေကို အကြောင်းပြုပြီး မွှေနှပ်နိုင်တယ်လေ''

ကြည့်စမ်း သူမဟာ သူ့ရဲ့ အပေါ်ယံပြည့်စုံမှုတွေကိုကြည့်ပြီး တကယ့်ရင်ထဲက ခံစားချက်ကို ထည့်မတွက်ပါလား။

သူမရဲ့ မယုံကြည်ခြင်းဟာ သူ့အတွက် ရင်ကို နာကျင်စေသည်။

''မွန်ပြောတာကို ကျွန်တော် မငြင်းပါဘူး၊ ဟုတ်ပါတယ်၊ သူတို့အာ ကျွန်တော့်ရဲ့ အပေါ်ယံပြည့်စုံမှုကို မက်မောပြီး လာတွဲကြတာ၊ ဒီတော့ ကျွန်တော်ကကော ဘာကြောင့် လေးနက်တဲ့အချစ်ဆိုတာကို ပြောတော့မလဲ၊ သူတို့လိုပဲ အပေါ်ယံတွဲခဲ့တယ်၊ ဒါဟာ ကျွန်တော့်အပြစ်လား မွန်''

လှပသော သူမမျက်နှာကိုကြည့်ပြီး တည်ကြည်စွာ သူမေးသည်။

မိန်းကလေးတွေကို လှည့်စားတာ သူ့မှာ အပြစ်မရှိဟု ပြောနေသည့် သူ့ကို မျက်ခနဲ ကြည့်မိ၏။





''ဒီတော့ ဒေါက်တာက ကျွန်မကိုလည်း ဟခြားမိန်းကလေးတွေလို မှတ်ပြီး ဒေါက်တာရဲ့ ဂုဏ်ပကာသနတွေကို မက်မောလိမ့်မယ်လို့ ထင်နေသလားဟင်''

သူနှင့် မျက်ခုံးချင်းဆုံပြီး တင်းမာသော မျက်နှာလေးဖြင့် မေ့တည်တည် သူမမေးတော့...

''ဟာ အဲဒီလို ကျွန်တော်လုံးဝမထင်ပါဘူး မွန်၊ မွန့်ကိုတော့ ကျွန်တော့်ရင်ထဲက လေးနက်တဲ့ မေတ္တာနဲ့ ချစ်တာပါဗျာ၊ ဒါကြောင့် မွန်ကသာ လက်ခံမယ်ဆိုရင် ကျွန်တော် မွန့်ကို လက်ထပ်ပါရစေ''

''ဘာရှင့်...ရှင်က ကျွန်မကို လက်ထပ်ချင်တယ် ဟုတ်လား ဒေါက်တာ၊ အဟင်း ဒီလောက်လည်း ကိုယ့်ကိုယ်ကို အထင်မကြီးပါနဲ့ ဒေါက်တာ၊ ကျွန်မ ရှင့်ကို နည်းနည်းမှ စိတ်မဝင်စားဘူး''

ထို့နောက် သူမက သူ့ကို ချာခနဲ ကျောခိုင်းလိုက်၏။ သည်တော့ သူက ဖျတ်ခနဲ သူမလက်လေးကို လှမ်းဆွဲလိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး မွန်"

"ဟင်…ရှင် ကဲ"

"ဖြန်း"

"ဟင်"

အဖြစ်အပျက်က မြန်ဆန်လှ၏။ သူလက်ကို လှမ်းဆွဲတာကြောင့် မျက်နှာလေးတစ်ခုလုံး နီမြန်းသွားသော သူမ ရှက်ဒေါသလေးဖြစ်သွားရ၏။

ထို့ကြောင့် မရည်ရွယ်ဘဲ သူ့ပါးပြင်ကို လှမ်းရိုက်မိခြင်း။ ရုတ်တရက် သူမ၏တုံ့ပြန်မှုကြောင့် သူအံ့သြသွားရသည်။

ထို့နောက် သူ့မျက်နှာ တဖြည်းဖြည်း နီလာလျက်…

"မွန်ရယ် မင်း ကိုယ့်ကို ဒီလောက်တောင် မုန်းနေသလား ဟင်၊ အဟွန်း ဒါဟာ ကိုယ့်ဘဝမှာ မိန်းမတစ်ယောက်ရဲ့ ပါးရိုက်ခြင်းကို ပထမဆုံးအကြိမ် ခံလိုက်ရတာပဲ၊ ဟောဒီက ကိုယ့်ရဲ့ပါးပြင်ကို ကိုယ့်မာမီတောင် တစ်ခါမှ မရိုက်ခဲ့ဘူး မွန်"

သူပြောသမျှနားထောင်ပြီး သူမစိတ်ထဲ ကြိတ်ကာ

၄





မကောင်းဖြစ်သွားပေမယ့်…

"ဒါ ကျွန်မအမှားမဟုတ်ဘူး ဒေါက်တာ၊ ရှင်က မိန်းမတွေကို သိပ်လျှော့တွက်လွန်းတာကိုး၊ ကျွန်မဘဝမှာလည်း ကိုယ်ဆီလက်ရောက် စော်ကားခံရတာ ဒါပထမဆုံးပဲ"

"မွန်ရယ်"

ဤသည့်တစ်ကြိမ်မှာတော့ သူမကို သူ မတားနိုင်ခဲ့ပါ။ လှပပြေပြစ်သော သူမကျောပြင်လေးကို ကြည့်ပြီး စောစောကနာကျင်သွားတဲ့ ပါးပြင်အား ခပ်ဖွဖွပွတ်မိ၏။

သူမရိုက်လို့ အသားနာတာထက် သူ့အသည်းက ပိုနာသွားသလိုပါပဲ။

ဒါပေမယ့် အဲဒီအတွက် မင်းကို မုန်းမသွားဘဲ ပိုပိုပြီးချစ်မိပြီမွန်၊ တစ်နေ့ ဟောဒီ မင်းရိုက်သွားတဲ့ ပါးပြင်ကို အနမ်းနဲ့ချော့မယ့်အချိန် ရောက်စေဖို့ ကိုယ်ဆုံးဖြတ်လိုက်ပြီ။

သူက စိတ်ထဲမှာ ခိုင်မာစွာ ဆုံးဖြတ်လိုက်သမျှ သူမမသိနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တကယ့်တော့ ယောက်ျားတစ်ယောက်ကို ပါးရိုက်မိဟဲ့ အထိ ကိုယ်ထိလက်ရောက် ကျူးလွန်ဖို့ သူမ မစဉ်းစားခဲ့ပါ။

ယခုတော့ မမျှော်လင့်ဘဲ ဒေါက်တာနောင်လတ်ကို သူမ ရိုက်ခဲ့မိပြီ။ သည်နေ့မှ ကျောင်းသို့ စောစောလာမိသည့် သူမအဖြစ်ကိုပဲ အပြစ်တင်ရမလား။

"ဟင် မွန့်မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လာတာလဲကွယ်"

မဝေက မွန့်ကိုတွေ့တော့ အံ့ဩသလိုမေး၏။ သူမ သက်ပြင်းလေးချကာ…

"မွန်တော့ အမှားကျူးလွန်ခဲ့သလား မသိဘူး ဝေ"

"ဘာဖြစ်လို့လဲ မွန်၊ ဝေ့ကို ပွင့်ပွင့်လင်းလင်းပြောစမ်းပါကွယ်၊ ရင်ထိတ်လိုက်တာ"

သည်မနက် မွန်တစ်ယောက် ကျောင်းကို စောစောသွားလိမ့်မည်ဆိုတာ သိသော ဝေက ဒေါက်တာနောင်လတ်အား ကြိုတင်အသိပေးခဲ့၏။





မွန်တာပြောရလျှင် ဝေ့အနေဖြင့် ဒေါက်တာနောင်လတ်နှင့် မွန့်ကို ချောမောလှပတဲ့ စုံတွဲအဖြစ် လိုက်ဖက်ညီတယ်ဟု ထင်မိသောကြောင့်ပါ။

"မွန် ဒေါက်တာပါးကို ရိုက်ခဲ့မိပြီဝေ"

"ဟင်…မွန်က ဒေါက်တာကို ပါးရိုက်ခဲ့တယ်ဟုတ်လား"

ဒေါက်တာနောင်လတ်ဟာ တခြားမိန်းကလေးတွေနဲ့ ဘယ်လောက်ပဲ ရှုပ်ပွေပါစေ ဝေတို့အပေါ်မှာ တကယ့်လူကြီးလူကောင်း ပီသသူပါ။

သည်လိုလူကို ပါးရိုက်တဲ့အထိ ဖြစ်လာတယ်ဆိုတော့

"ဟုတ်တယ် ဝေ၊ ဒီနေ့ သူက ဘယ်လိုအစောကြီး ရောက်လာမှန်းမသိဘူး၊ နှင်း… နှင်းတွေပေးပြီး မွန့်ကို ရည်းစားစကားပြောတာ"

"ဒါလေးနဲ့များမွန်ရယ် ဘာကြောင့် ပါးရိုက်တဲ့အထိ ဖြစ်ရတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အစကတော့ မွန် ငြင်းပါသေးတယ်၊ ဒါပေမယ့် သူက မွန့်ကို သူတွဲဖူးတဲ့ တခြားမိန်းမတွေလိုထင်ပြီး အထင်သေးတာလေ၊ အဟင်း မွန့်လက်ကို လာဆွဲတော့ အဲဒီအချိန် သူ့ကို မွန် နည်းနည်းလေးမှ သည်းမခံနိုင်ခဲ့ဘူးဝေ"

ယောက်ျားတွေနှင့် ပတ်သက်ပြီး ယင်ဖိုတောင်မနားဘူးတဲ့ မွန့်အတွက် လက်ဆွဲတဲ့အထိ ဖြစ်လာတာကြောင့် ဒီလိုတုံ့ပြန်လိုက်ခြင်းဟု ဝေ နားလည်ရ၏။

"လက်ဆွဲတဲ့အထိ ဖြစ်တယ်ဆိုတော့ ကိုနောင်လတ်အလွန်ပါပဲ မွန်၊ ဒါပေမယ့် အံ့ဩစရာကောင်းတာက ကိုနောင်လတ်ဟာ မွန့်ကို တွေ့တဲ့အချိန်ကစပြီး ဘယ်မိန်းကလေးနဲ့မှ မတွဲတော့ဘူးတဲ့၊ ကိုစံတောင် ဒီလိုပြောင်းလဲသွားတဲ့ ကိုနောင်လတ်ကို အံ့ဩနေတယ်"

မွန်က အသာခေါင်းခါယမ်းလိုက်၏။ ဝေပြောပေမယ့် သူ့ကိုမယုံပါ။

"ဒါတွေက အပေါ်ယံဟန်ဆောင်တာပါ ဝေ၊ လူတွေရဲ့





ပင်ကိုယ်စိတ်ဟာ အချိန်ကြာကြာ ဖျောက်လို့မရပါဘူး"

"ကိုနောင်လတ် တကယ်ပဲ ပြောင်းလဲသွားတာလား၊ ဒါမှမဟုတ် ဟန်ဆောင်တာလားဆိုတာ အချိန်က ဆုံးဖြတ်သွားမှာပါ မွန်၊ ဒါပေမယ့် လောလောဆယ် အနေအထားမှာ ကိုနောင်လတ်ရဲ့ ပြောင်းလဲမှုကို ကိုစံအပါအဝင် သူငယ်ချင်းတွေအားလုံးက အံ့ဩနေတာ အမှန်ပဲတဲ့"

ဝေပြောသမျှ မကြားသလိုလုပ်လျက် မွန်က နာရီတစ်ချက်ကြည့်ပြီး…

"ကလပ်စ်ဝင်ဖို့ အချိန်နီးပြီ၊ မွန် အရင်သွားနှင့်မယ်"

ဟုပြောပြီး ထွက်လာခဲ့သည်။ ဒေါက်တာနောင်လတ်၏ ချောမောပြည့်စုံမှုက မွန့်စိတ်ကို ပို၍ စိမ်းကားစေသလားဟု ဝေ တွေးလိုက်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com

“အင်း…အင်း…အင်း”

“ဟင် သား”

တိတ်ဆိတ်သော ညအချိန်မှာမှ အိပ်ပျော်နေသည့် သားသားထံက ညည်းညူသံကြောင့် သူမ စာစစ်နေရာမှ ရုပ်လျက်အနားသို့ ရောက်သွား၏။

သားကို နဖူးလေး စမ်းကြည့်လိုက်တော့…

“အို ကိုယ်တွေပူလို့ပါလား”

မျက်ဝန်းလေးများ မှိတ်၍ အိပ်ပျော်နေသော ကလေးက ဘာမှမသိပေ။ မီးရောင်ဖျော့ဖျော့အောက်မှာ တူးတူး၏ ချစ်စရာမျက်နှာလေးက ဖြူဖျော့လျက်။

“သား သားလေး”





“အင်း…အီး…တီတီ ချမ်းတယ်”

သူမခေါ်သံကြောင့် တူးတူးလေး မျက်လုံးပွင့်သွား၏။ သူမက တူးတူးကိုယ်လေးကို ဖက်ကာ…

“တီတီ စောင်ခြုံပေးမယ်နော် သား၊ သားလေး ဖျားနေတယ်ကွယ်”

သူမပြောရင်း တူးတူးကိုယ်ပေါ်သို့ စောင်ခြုံပေးလိုက်၏။

“မတိုး…မတိုး”

“ရှင် လာပါပြီ မမလေး”

အိပ်ချင်မူးတူးဖြင့် မတိုးက အခန်းထဲဝင်လာသည်။

“တူးတူးဖျားနေပြီ မတိုး၊ ကလေးနား ခဏနေစမ်း မမ ဆရာဝန်ကို ဖုန်းဆက်ခေါ်လိုက်ဦးမယ်”

“ဟုတ်ကဲ့ မမလေး”

သည်အချိန် ဆရာဝန်ကို အိမ်ပင့်ဖို့ဆိုတာ အဆင်မပြေ။ သူမတို့၏ မိသားစုဆရာဝန်ကလည်း ခရီးထွက်နေတာကြောင့် နောက်ဆုံး သတိရသွားတာက ဒေါက်တာနောင်လတ်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



သားသားအတွက် စိတ်ပူနေတာကြောင့် သူမက ဘာမှ မစဉ်းစားနိုင်ဘဲ အိတ်ထဲမှ ဒေါက်တာနောင်လတ်၏ ဗစ်စတင်းကဒ်ကိုရှာပြီး ဖုန်းခေါ်မိသည်။

"ဟဲလို"

ကံကောင်းချင်တော့ သူနှင့် တိုက်ရိုက်ဖုန်းခေါ်ရလိုက်၏။

"ဒေါက်တာ၊ ဒေါက်တာနောင်လတ်လားဟင်"

"ဟုတ်ပါတယ်ခင်ဗျာ၊ အခုဖုန်းဆက်တာက"

တစ်ဖက်မှ ဒေါက်တာနောင်လတ်၏ ဖုန်းထဲတွင် သူမရဲ့ အိမ်ဖုန်းနံပါတ် ပေါ်နေပေမယ့် ဒီလိုဖုန်းနံပါတ်မှာ သူ့အသိတွင် မရှိတာမို့ အသစ်ဖြစ်နေ၏။

သို့သော် တစ်ဖက်မှ အမျိုးသမီး၏အသံက အတော့်ကို သာသာယာယာရှိသည်။

"ဒေါက်တာ ကျွန်မ ကျွန်မ အိမ်မွန်ပါရှင်"

"ဟင်"

အင်မတန် ဣန္ဒြေသိက္ခာကြီးမား၍ သူ့အပေါ် အလိုလို





အထင်သေးနေသည့် သူမထံမှ ဖုန်းဖြစ်နေတာကြောင့် အံ့သြသွားရ၏။

"မွန် မွန်လား၊ မွန် ဘာဖြစ်နေလို့လဲဟင်၊ မွန့်အသံက ပုံမှန်မဟုတ်ဘူး"

စိုးရိမ်ဟန်ပါနေသော သူမအသံကို သူဂရုပြုလျက် မေးမိလိုက်၏။

"ဟုတ်…ဟုတ်ပါတယ် ဒေါက်တာ၊ ဒေါက်တာ့ဆီ ဒီအချိန် ဖုန်းဆက်ရတာ အားနာပေမယ့် သား သားလေး ဖျားနေလို့ပါ"

"ဟင်…ဟုတ်လား၊ ဒါဆို ကျွန်တော်လာခဲ့ပါ့မယ် မွန်၊ ကျွန်တော့်ကို အားမနာပါနဲ့၊ မွန်ရဲ့လိပ်စာကိုသာ ပြောပြပါလား"

"ဟုတ်ကဲ့ ဒေါက်တာ"

သားသားအတွက် စိုးရိမ်နေသော သူမက ခပ်သွက်သွက်လေး လိပ်စာကို ရွတ်ပြလိုက်၏။

"သိပ်လည်း မစိုးရိမ်ပါနဲ့ မွန်၊ ကျွန်တော် ပြောခင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာမှာပါ''

''ကျွန်မ စောင့်နေပါ့မယ် ဒေါက်တာ''

ဖုန်းချပြီးတာနှင့် သားအနားသို့ သူမ ပြန်ရောက်လာ၏။ ကလေးက အဖျားရှိန်နှင့် အိပ်နေသည်။

''မတိုး ဆရာဝန်လာလိမ့်မယ်၊ ရေနွေးအိုးတည်ထား လိုက်''

''ဟုတ်ကဲ့ပါ မမလေး''

မတိုးထွက်သွားတော့ တူးတူးလေးနား သူမထိုင်လိုက်၏။ သနားစရာကောင်းလိုက်သည့် ကလေးပါလား။

ငယ်ငယ်ရွယ်ရွယ်နှင့် အမိမဲ့ကာ လက်ရှိဖခင်မှာလည်း အလုပ်ထဲမှာ နစ်မျောလျက် ဂရုမစိုက်နိုင်ပေ။

''မင်းလေးနားမှာ တီတီသာမရှိရင် ဘယ်လိုလုပ်မလဲ ကလေးရယ်''

နုနယ်သော ကလေး၏ ဆံစလေးများကို အသာသပ်တင်ပေးရင်း ရင်နာစွာ သူမပြောမိသည်။





ဒက်ဒီဆုံးပါးပြီးနောက် မာမီနှင့် သူမတို့ညီအစ်မသာ ကျန်ခဲ့၏။ မာမီက သူမတို့ညီအစ်မကို ပြုစုစောင့်ရှောက်ခဲ့သည်။

မမ အိမ်ထောင်ကျသွားတော့ မာမီနှင့်သူမ နှစ်ယောက်တည်း။

မွေ့ရှုပ်သော ကိုဇေယျကြောင့် မမ နှလုံးရောဂါ ရခဲ့၏။ နောက်ဆုံး ထိုရောဂါဖြင့် ကွယ်လွန်ချိန်မှာ တူးတူးတစ်နှစ်သာ ရှိ၏။

''ကလေးက ငယ်သေးတော့ မိခင်စောင့်ရှောက်ရမယ့် အရွယ်ပဲ၊ မောင်ဇေယျမှာလည်း အလုပ်ကတစ်ဖက်နဲ့ ကလေးကို သေချာစောင့်ရှောက်နိုင်မှာ မဟုတ်တော့ မာမီတို့ပဲ မွေးထားမယ်''

''မာမီစကားကို ကျွန်တော် နားထောင်ပါ့မယ်''

ဤသို့ဖြင့် ကလေးကို သူမ အနီးကပ် စောင့်ရှောက်ခဲ့ရသည်။ တူလေးဆိုတာ ...ယ် သူမ၏သားလေးပမာ ဖြစ်ခဲ့၏။

''အင်း ငါ့သမီးလည်း တူးတူးလေးကြောင့် ကလေးအမေ အထင်ခံရပြီ''



www.burmeseclassic.com

www.burmeseclassic.com



သူမသွားလေရာကို တူးတူးလေးအား မခွဲမခွာ အမြဲခေါ်သွားတတ်သည်။ တူးတူးကလည်း ချန်ခဲ့လို့မရပေ။

"ထင်ကြပါစေ မာမီ၊ တကယ်လည်း မွန်က သားသား အမေပဲ"

"ဟဲ့ ဒီစကား မောင်ဇေယျ ကြားသွားလို့ တစ်မျိုးထင်ပါ့မယ်ကွယ်"

"အို မာမီကလည်း မွန်မှာ တူးတူးလေးကို ရင်ထဲက မချွေးထုတ်တာကလွဲလို့ အားလုံး ပြုစုစောင့်ရှောက်ခဲ့ရတာပဲ၊ မသိတဲ့ လူတွေက မေးရင် တူးတူးကို မွန့်သားလို့ ပြောလိုက်တယ်"

ထိုစကားကြောင့် မာမီ မျက်လုံးပြူးလျက်…

"မိမွန်နော်…ညည်း အဲဒီလို အပြောကောင်း၊ ဟင်း ကျွန်ရစ်ဖြစ်ခဲ့မယ်"

"တူးတူးလေးနဲ့ကျွန်တာပဲ မာမီ"

"အေး ကလေးက တစ်ချိန် သူ့အဖေကို ပြန်ပေးရမှာ သမီး၊ ဒါကိုလည်း ကြိုတင်တွေးထားဦး"





သဘာဝကျကျ [illegible] မြောက်မြားစွာ [illegible] ဖြစ်ခဲ့ရမှုမယ့် သူမ လက်မခံနိုင်စရာ [illegible] ဖြစ်ခဲ့မိသည်။ [illegible] ဟင့်အင်း မဟုတ်ဘူး၊ တူးတူးကို ဘယ်တော့မှ ပြန်မပေး [illegible] ဘူး [illegible]

အလုပ်များတာကို အကြောင်းပြလျက် ကလေးအဖေ တစ်လတစ်ခါက် ရောက်မြဲပင် [illegible] မဟုတ်လား။

"ဘာပဲဖြစ်ဖြစ်လေ ဖအေနဲ့သားပဲ၊ အချိန်တန်တော့ [illegible] သမီးရယ်၊ [illegible] သမီးအနေနဲ့ ကိုယ်ပိုင် [illegible] ရှိဖို့" [illegible]

[illegible] "မာမီ [illegible] ပြီးနေတာလား"

[illegible] "[illegible] ဖြစ်နေပြီပဲ၊ လက်ထပ်သင့်ပြီမဟုတ်လား" "ဒီ [illegible] တူးတူးလေးကို [illegible]"

"ဟင့်အင်း သမီး [illegible] မပြောဘူး မာမီ"



www.burmeseclassic.com

www.burmeseclassic.com



တူးတူးလေးရှိလျှင် သူမဘဝ ပြည့်စုံပြီဟု ယူဆခဲ့၏။ သူမ၏ သံယောဇဉ်ကြီးမားမှုကို မာမီလက်လျှော့ခဲ့သည်။

ယခုတော့ မာမီလည်း ရိပ်သာသို့ ရက်ပိုင်းဝင်သွားတာကြောင့် အိမ်မှာ သူမတို့သားအမိနှင့် အိမ်ဖော်မတိုးတို့သာ ကျန်ခဲ့၏။

“မမ ဆရာဝန်ရောက်ပါပြီ”

“ဟင်…အေး”

တူးတူးလေးကို ကြည့်ကာ အတွေးလွန်နေသော သူမမှာ ဒေါက်တာနောင်လတ် ရောက်လာတာ မသိလိုက်ပေ။

သူမကြည့်လိုက်တော့ မတိုးက သူ့ကိုခေါ်လာ၏။

“ကြွပါဒေါက်တာ၊ ကျွန်မ ထွက်မကြိုမိတာ ခွင့်လွှတ်ပါ ရှင်”

နေရာမှထလျက် နှုတ်ဆက်ရင်း သူမ တောင်းပန်လိုက်၏။

“ရပါတယ် မွန်၊ ဖျားနေတယ်ဆိုတာ ဒီကလေးလား”

“ဟုတ်ပါတယ် ဒေါက်တာ”





သည်တော့ သူက ကလေးကို သေချာကြည့်၏။

“ကလေးက ချစ်စရာပဲ”

ဖြူနုသော မျက်နှာလေးထက်တွင် မျက်ခုံးနက်နက်၊ မျက်တောင်နက်နက်လေးများဖြင့် အိပ်ပျော်နေသော တူးတူးအား ကြည့်ပြီး သူပြောခြင်း။

“ကျွန်မအစ်မရဲ့ သားလေးပါ ဒေါက်တာ”

“ဩော်”

သူမကို ပထမဆုံး တွေ့စဉ်က ဒီချာတိတ်လေးနှင့်မို့ အပျိုဟုမထင်ခဲ့မိတာ သတိရ၏။

“ရေချိုးရနိုင်မလား မွန်”

“အသင့်ပါပဲ ဒေါက်တာ၊ မတိုး ရေနွေးယူခဲ့ပေးပါ”

“ဟုတ်ကဲ့ မမလေး”

သူက ကလေးကို သေချာစမ်းသပ်သည်။ သူမက သူ့အနားမှာ ရပ်လျက် ကြည့်နေတာကြောင့် ရှင်မတောင်သနပ်ခါးရနံ့ သင်းသင်းလေးကို လန်းဆန်းစွာ ရှူရှိုက်မိသည်။

www.burmeseclassic.com



"ချာတိတ် အသက်ဘယ်လောက်ရှိပြီလဲ မွန်"

"သုံးနှစ်ပါ ဒေါက်တာ"

"ဒါဆို မူကြိုထားပြီပေါ့"

"ဟုတ်ကဲ့"

ထိုစဉ် ရေနွေးဇလုံဖြင့် အခန်းထဲသို့ မတိုး ဝင်လာ၏။ သူက ကလေးကို ဆေးထိုးဖို့ ပြင်ဆင်သည်။

ယခုလိုကြတော့လည်း သူဟာ ဆရာဝန်တစ်ယောက်ပါလားဟု သူမ အသိဝင်လာလျက် တစ်နေ့က စိတ်မထိန်းနိုင်ဘဲ ပါးရိုက်မိခဲ့တာကို အားနာသွားရ၏။

သူ့မျက်နှာက ဆရာဝန်တစ်ယောက်၏ဂုဏ်ဖြင့် အထူးတည်ငြိမ်လေးနက်နေသည် မဟုတ်ပါလား။

မိုး ၀ ၈၁၆၀

www.burmeseclassic.com

“မကြာခင် သက်သာသွားပါလိမ့်မယ်မွန်၊ သိဝ်လည်း မစိုးရိမ်ပါနဲ့”

ဆေးထိုးပြီးချိန်မှာ သူက သူမကို နှစ်သိမ့်၏။ သူမ ခေါင်းညိတ်လျက်…

“ဒီလိုအချိန်ကြီးမှာ ဒေါက်တာကို ခေါ်မိတာ ကျွန်မ သိဝ်ကိုအားနာပါတယ်ရှင်၊ ဒေါက်တာလည်း ပင်ပန်းသွားပြီ၊ လက်ဖက်ရည်သောက်ပါဦး”

မတိုး အသင့်ဖျော်လာသော လက်ဖက်ရည်ကို သူမ လှမ်းယူ၍ သူ့ထံ တမ်းပေးလိုက်သည်။

သူက တစ်ကျိုက်သောက်ရင်း…

“ကျွန်တော့်ကို အားမနာပါနဲ့ မွန်၊ ဆရာဝန်ဆိုတာ လူနာရှိ



ရာ ဘယ်အချိန်ဖြစ်ဖြစ် လာရမှာပဲမဟုတ်လား”

“ဒါပေမယ့် ကျွန်မက ဒေါက်တာကို ဟိုတစ်နေ့က”

“ဆက်မပြောပါနဲ့ မွန်၊ ကျွန်တော် အဲဒီအကြောင်းကို မေ့လိုက်ပါပြီ”

အေးဆေးတည်ငြိမ်သော အသံဖြင့် သူပြောသည်။ သူမမှာ တကယ်ပဲ အားနာ၍ သူ့ကိုတောင် ရဲရဲမကြည့်ဝံ့သလိုပါပဲ။

“ကျွန်မ တောင်းပန်ပါတယ် ဒေါက်တာ”

“ဘာလဲ ဟိုတစ်နေ့က ကိစ္စအတွက်လား၊ ဒါဆို မတောင်းပန်ပါနဲ့ မွန်၊ တကယ်တမ်းမှာ ကျွန်တော်ကသာ မွန့်ကို တောင်းပန်ရမှာပါဗျာ”

ထိုစဉ်

“အင်း…တီ…တီ”

“ဟင် သား”

တူးတူးလေးအသံကြောင့် သူမအနားရောက်သွားသည်။ သူလည်း လိုက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမက တူးဟူးနဖူးကို စမ်းကြည့်သည်။

"ကိုယ်ပူကျသွားပြီ ဒေါက်တာ"

"ဒါဆို စိတ်ချရပါပြီ မွန်၊ ကဲ အချိန်လည်း ညဥ့်နက်ပြီ ဆိုတော့ ကျွန်တော်ပြန်မှပဲ၊ ဆေးတွေကိုတော့ မှန်မှန်တိုက်ပါ မွန်"

"ဟုတ်ကဲ့၊ ဒေါက်တာ့ကို ကားနားထိ ကျွန်မလိုက်ပို့ပါရစေ"

တူးတူးလေး ပြန်အိပ်သွားတာမို့ သူနှင့်အတူ ဆင်ဝင်အောက် ထွက်ခဲ့သည်။

"သိပ်ကိုမိုးချုပ်နေပြီနော် ဒေါက်တာ"

မှောင်မည်းသော ပတ်ဝန်းကျင်ကိုကြည့်ကာ သူမပြောသည်။ သူပြုံးကာ…

"ကျွန်တော့်အတွက် မစိုးရိမ်ပါနဲ့ မွန်၊ ဒီအချိန်တွေ ကျွန်တော်သွားနေကြပါ"

"အဲဒါဖြစ်ဖြစ် သတိတော့ထားပါ ဒေါက်တာ"

"ကောင်းပြီ မွန်၊ ကဲ ဂွဒ်နိုက်"





သူနှုတ်ဆက်ပြီး ကားတံခါးဖွင့်ကာ တက်မည်ပြုစဉ်…

"ဒေါက်တာ"

သူမခေါ်သံကြောင့် သူပြန်လှည့်ကြည့်၏။ သူမက အသင့်ဆောင်ယူလာသော စာအိတ်လေးကို လှမ်းပေးလိုက်ရင်း…

"ခြေကြွခပါ ဒေါက်တာ"

ထိုစကားကြောင့် သူ မျက်နှာပျက်သွားသည်။ ထို့နောက် သူမကို တည်ကြည်စွာကြည့်၏။

"ကျွန်တော့်စေတနာကို ငွေနဲ့ တန်ဖိုးမဖြတ်စေချင်ဘူး မွန်၊ ကလေးကိုသာ ကောင်းကောင်းဂရုစိုက်ပါ၊ ကဲ သွားပြီ"

သူ ပြောပြောဆိုဆို ကားပေါ်တက်လျက် မောင်းထွက်သွား၏။ အဝေးရောက်သွားသော သူ့ကားလေးကိုကြည့်ပြီး သူမ သက်ပြင်းချလိုက်သည်။

လက်ထဲမှ စာအိတ်လေးကိုကြည့်ကာ သူ့စေတနာကို စော်ကားသလို ဖြစ်သွားပြီလားဟု အားနာစွာ တွေးမိရ၏။

"အိုလေ သူက ဆရာဝန်မို့ ငါက ခြေကြွခပေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမဘာသာ နှစ်သိမ့်တွေးရင်း အိမ်ထဲပြန်ဝင်ခဲ့သည်။ တူးတူးလေးမှာ သိသာစွာ အဖျားကျသွားတာမို့ သူမ စိတ်ချမ်းသာသွားရ၏။

မနက်ရောက်တော့ ကျောင်းကိုမသွားဘဲ ခွင့်ယူလိုက်ရ၏။ မဝေက သူမဖုန်းဆက်၍ ကျောင်းမသွားခင် အိမ်သို့ဝင်လာသည်။

"တူးတူးလေး ဖျားလို့ဟုတ်လား မွန်"

"ဟုတ်တယ် ဝေ၊ ညက အဖျားတွေတအားတက်တာနဲ့လေ"

"ဟင်…ဒါဆို ကိုစံကို ခေါ်လိုက်ရောပေါ့ မွန်ရယ်၊ တခြားသူတွေမှမဟုတ်ဘဲ"

သည်တော့မှ ညက မဝေတို့ကို ဘာကြောင့် ဖုန်းမဆက်မိတာပါလိမ့်ဟု သူမဘာသာ တွေးမိရ၏။

"အေးကွယ် မွန်လည်း ရုတ်တရက်ဆိုတော့"

"ဒါဆို ညက တူးတူးလေးကို ဘယ်လိုလုပ်လိုက်လဲ မွန်"





"ဆရာဝန်ခေါ်ရတာပေါ့ ဝေ"

"ဟင် ဟုတ်လား၊ ဘယ်သူ့ကိုခေါ်တာလဲ မွန်၊ အသိထဲကလား"

မဝေ၏ ထိုအမေးကြောင့် သူမ နှုတ်ဆိတ်သွားရသည်။ ဒေါက်တာနောင်လတ်ဟု သူမဘယ်လိုပြောရမလဲ။

"ဘယ်သူ့ကိုခေါ်တာလဲ မွန်၊ ခုကော တူးတူးလေး သက်သာလား"

ဆက်မေးနေပြီမို့ သူမဖြေမှဖြစ်တော့မည်။ မဟုတ်လည်း ဒေါက်တာနောင်လတ်ဆီက ဝေ ပြန်ကြားရမှာမဟုတ်လား။

"တူးတူးလေး သက်သာသွားပါပြီ ဝေ၊ ညက ဒေါက်တာနောင်လတ်ကို ခေါ်လိုက်တာပါ"

"ဟင် ဒေါက်တာနောင်လတ် ဟုတ်လား မွန်"

ဝေ မယုံသလိုမေးတော့ သူမ ခေါင်းညိတ်ပြလိုက်သည်။ ဝေက အံ့ဩဟန်ဖြင့် သူမကိုကြည့်၏။

"ကိုနောင်လတ်က ချက်ချင်းလာတာပဲပေါ့ မွန်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဝေ၊ သူညတွင်းချင်းလာပြီး တူးတူး အဖျားကျသွားတဲ့အထိ နေပေးသွားတယ်"

"အို ကြည့်စမ်း၊ ဒီလောက်တောင်"

ထို့နောက် ဝေ့မျက်နှာက တဖြည်းဖြည်းပြုံးလာလျက် သူမကိုကြည့်၏။ ဝေ့အပြုံးကြောင့် သူမ မလုံမလဲဖြစ်ကာ…

"ဘာပြုံးတာလဲ ဝေ"

"အဟင်း တကယ်တမ်းကြတော့ မွန့်ရင်ထဲမှာ ကိုနောင်လတ်က ရှိနေတာပဲကိုး"

"အိုး"

ဝေ၏မှတ်ချက်ကြောင့် မွန့်မျက်နှာ နီရဲသွားရသည်။ ဝေက ဆက်ပြော၏။

"ငြင်းဖို့တော့ မကြိုးစားနဲ့မွန်၊ လူတွေဟာ တကယ့်အရေးမှာ ကိုယ်အားကိုးရတဲ့လူကိုပဲ သတိရကြတယ်လေ၊ အဲဒီလူတွေထဲမှာ မွန်ပါတယ်"

"ဒီ…ဒီလိုတော့လည်း မဟုတ်ပါဘူးဝေ၊ ညက သား





အတွက် စိတ်ပူတာနဲ့"

"ဘာပဲဖြစ်ဖြစ် မွန်က ကိုနောင်လတ်ကို သတိရတဲ့အတွက် ဝေတော့ ဝမ်းသာပါတယ်ကွယ်"

"အို ဝေကလည်း"

"ဟင်း…ဟင်း ရှက်မနေပါနဲ့ မွန်ရယ်၊ ကိုနောင်လတ်ကလည်း မွန့်အတွက် စိတ်ပူလို့သာ သူများတွေအိပ်တဲ့အချိန်မှာ ချက်ချင်းပြေးလာတာပေါ့ကွယ်"

"တော်ပါတော့ ဝေရယ်၊ ဆက်မပြောပါနဲ့၊ ဒီနေ့တော့ တူးတူးလေးကို စိတ်မချလို့ မွန် ခွင့်ယူမယ်ဝေ"

ဒေါက်တာနောင်လတ်နှင့် ပတ်သက်တဲ့ စကားစကို သူမ ဖြတ်လိုက်၏။

"ဝေ ပြောပေးပါ့မယ်၊ ဟော ဟိုမှာ ကိုနောင်လတ်"

"ဟင်"

ဝေက စနောက်နေတယ်ထင်၍ သူမ မျက်စောင်းထိုးမိစဉ် ဆင်ဝင်အောက်သို့ သူ၏ကား ဝင်လာတာကြောင့် အံ့သြသွား



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

ကားပေါ်မှ သူက ပြုံးရွှင်စွာ ဆင်းလာ၏။ ဝေက ဆီး၍ နှုတ်ဆက်သည်။

"စောစောစီးစီးပါလား ကိုနောင်လတ်"

"မဝေလည်း ရောက်နေတာကိုး၊ အဟွန်း ဟုတ်တယ်ဗျာ ကလေးကို လာကြည့်တာပါ၊ ညက သက်သာရဲ့လားမွန်"

"ရှင် ဟုတ်ကဲ့"

သူမ ခေါင်းညိတ်ပြတော့ ဝေက ပြုံးကြည့်ပြီး…

"ကဲ…ကိုနောင်လတ်နဲ့ မွန် စကားပြောကြဦး၊ ဝေတော့ ကလယ်စ်ဝင်ရမှာမို့ သွားပြီ"

နှုတ်ဆက်ပြီး အလိုက်သိစွာ ဝေ ထွက်ခဲ့လေ၏။ သူက မွန့်ကိုကြည့်၍

"ခွင့်ယူလိုက်တာလား မွန်"

"ဟုတ်ကဲ့ ဒေါက်တာ"

"မွန်က ကလေးကို သိပ်ချစ်တာပဲနော်"





"ကျွန်မရဲ့ တစ်ဦးတည်းသောတူလေးပါ"

"သြော်"

ထို့နောက် တူးတူးလေးရှိရာ အိမ်ထဲသို့ နှစ်ယောက်သား ဝင်ခဲ့လေ၏။

သူရောက်တော့ တူးတူးလေးက အိပ်ရာမှထနေပြီ။ မတိုးက မျက်နှာသစ် အဝတ်အစားလဲပေးနေသည်။

"သားသား ဒီဦးဦးက သားသားကို ကုပေးတဲ့ ဆရာဝန်ကြီးလေ၊ နှုတ်ဆက်လိုက်ဦး"

မွန်က သားကို အပြုံးလေးဖြင့် ပြောလိုက်၏။ တူးတူးက ဒေါက်တာနောင်လတ်ကို မျက်တောင်ကော့ကြီးများ ပုတ်ခတ်ကြည့်လျက်…

"မင်္ဂလာပါ ဦးဦး"

"အဟွန်း…မင်္ဂလာပါဗျာ၊ ဘယ်လိုလဲ သားသား နေကောင်းသွားပြီလား"

"ဟုတ်ကဲ့"

www.burmeseclassic.com



ခေါင်းညိတ်ပြသော တူးတူးကြောင့် သူ နှစ်ခြိုက်စွာပြုံးသည်။

"သားက တယ်လိမ္မာတာပဲကိုးကွ၊ ကဲ ခဏလှဲလိုက်ပါဦး"

တူးတူးကို သူစမ်းသပ်ပြန်သည်။ သူလုပ်ကိုင်ပုံတွေက စေတနာပါလှ၏။

"သက်သာသွားပါပြီ၊ ဒါပေမယ့် ပေးထားတဲ့ဆေးတော့ မှန်မှန်တိုက်ပါ မွန်"

"ဟုတ်ကဲ့"

တူးတူးလေးက အိပ်ရာမှ ပြန်ထလျက်…

"ဗိုက်ဆာတယ် တီတီ"

"အို့ သားအတွက် ဘာရှိသေးလဲ မတိုး"

"ဆန်ပြုတ် ပြုတ်ထားပါတယ် မမလေး"

"ဒါဆို ယူခဲ့လေ၊ သားကို ကျွန်မတိုက်မယ်"

"ဟုတ်ကဲ့"





မတိုးထွက်သွား၏။ သူက သူမကိုကြည့်ပြီး…

"နေ့လယ်ကျရင် အသားစွပ်ပြုတ်ဖြစ်ဖြစ် တစ်ခုခု တိုက်ပါ မွန်"

"ကြက်သားပေါင်းကို ကျွန်မကိုယ်တိုင် လုပ်ပေးမှာပါ ဒေါက်တာ"

"ကောင်းပါတယ် မွန်၊ ဒါမှ သားမြန်မြန်အားရှိမှာ"

သူ့နှုတ်ဖျားမှ တူးတူးကို သားဟု ခေါ်လိုက်တာကြောင့် သူမရင်ထဲ တစ်မျိုးဖြစ်သွားရ၏။ ကြည်နူးသလိုလို စိတ်မကောင်းသလိုလို။

တကယ်တမ်း တူးတူးနားမှာ ရှိသင့်သူက အဖေရင်း မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

"တူးတူးလေးက ကံဆိုးပါတယ် ဒေါက်တာ၊ သူ တစ်နှစ်သားအရွယ်မှာ ကျွန်မအစ်မက ဆုံးသွားတယ်"

"ဟင် ငယ်ငယ်ရွယ်ရွယ်လေးနဲ့ မိခင်မဲ့ဖြစ်ရတာ စိတ်မကောင်းစရာပါလား မွန်"

ချစ်စဖွယ် တူးတူးလေး၏ မျက်နှာကိုကြည့်ပြီး သူပြောလိုက်သည်။ သူမ သက်ပြင်းလေးချကာ ခေါင်းညိတ်၏။

"ဟုတ်ပါတယ် ဒေါက်တာ၊ အဖေလုပ်တဲ့သူကလည်း အလုပ်များနေတော့ ဂရုမစိုက်နိုင်ဘူး၊ တူးတူးလေးခမျာ ကျွန်မကိုပဲ အားကိုးတွယ်တာနေခဲ့တယ်လေ၊ အဟင်း ကျွန်မကလည်း တူးတူးကို သားအရင်းလိုပဲ အောက်မေ့မိတယ် ဒေါက်တာ"

အိပ်ပျော်သွားသော တူးတူးလေးကို ထားခဲ့ပြီး သူတို့





ခြံထဲဆင်းလာခဲ့သည်။

သူမ၏ မကျဉ်းမကျယ်လွန်းသော ခြံလေးထဲမှာ ပန်းပင်စားပင်လေးတွေနှင့် စိမ်းလန်းနေသည်။

"အနေနီးတော့လည်း ဒီလိုသံယောဇဉ်မျိုး ဖြစ်တာ မဆန်းပါဘူးမွန်"

"ဟင့်အင်း အနေနီးလို့ မဟုတ်ပါဘူး၊ ကျွန်မနဲ့တူးတူးတို့ဟာ အရင်းနှီးဆုံးသွေးမျိုးတွေ မဟုတ်လား၊ တူးတူးကလွဲပြီး ကျွန်မမှာ တွယ်တာစရာမရှိဘူးလေ"

ထိုစကားကြောင့် သူက သူမကို ဖျတ်ခနဲကြည့်မိ၏။ သူမ၏ မေတ္တာကြီးမားမှုကို တွေးကာ တကယ်တမ်း သားသမီးအရင်းသာရှိလျှင် ဘယ်လောက်ချစ်လိုက်မလဲဟု ဘာသာတွေးမိရ၏။

"ဒါပေမယ့် တစ်နေ့ မွန် အိမ်ထောင်ပြုတဲ့အခါ"

"ဟင့်အင်း ကျွန်မ ဘယ်တော့မှ အိမ်ထောင်မပြုဘူး ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို အဆက်မခံဘဲ သူမကြားဖြတ်ဝင်ပြောၿ။ သူ ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူးလေ…တကယ်တမ်းမှာ မွန့်အသက်က ငယ်ငယ်လေးရှိသေးတာပဲ"

"အသက်အရွယ်နဲ့ မဆိုင်ပါဘူး ဒေါက်တာ၊ တူးတူး လေး ကျွန်မလက်ထဲ ရောက်လာချိန်ကစပြီး အဲဒီဆုံးဖြတ်ချက်ကို ချခဲ့တာပါ"

သည်မျှ လှပသော သူမက တစ်သက်လုံး လက်မထပ် တော့ပါဘူးဆိုကာ သူ့အတွက် သဘောမကျစရာပါ။

"ကလေးကို ချစ်တဲ့စိတ်နဲ့ မွန် အဲဒီလိုဆုံးဖြတ်ချက် ချခဲ့တာ ကျွန်တော် နားလည်ပါတယ်၊ တကယ်လို့ မွန့်အနေနဲ့ တူးတူးအပေါ်မှာပါ နားလည်တဲ့သူမျိုး တွေ့ခဲ့ရင်ကော"

သူမမျက်နှာလေးကို အကဲခတ်ကြည့်လျက် သူမေးမိ၏။

"ဒီလိုလူမျိုးတွေ့ဖို့ ခဲယဉ်းပါတယ် ဒေါက်တာ၊ ကလေး အမေတစ်ယောက်ကို ဘယ်သူကမှ မစဉ်းစားချင်ကြဘူးလေ"





"အဲဒါက တခြားယောကျ်ားတွေအတွက် ဖြစ်ကောင်းဖြစ် မှာပါ မွန်၊ ဒါပေမယ့် ကျွန်တော်က နားလည်ပေးနိုင်တယ်ဆိုရင် ကော"

"ရှင်"

သူမ အံ့ဩသလို သူ့ကို ဖျတ်ခနဲ မော့ကြည့်လာ၏။ သူ၏ လေးနက်သော မျက်ဝန်းများဖြင့် ဆုံသည်။

"ကိုယ် မွန့်အပေါ် နားလည်ပေးနိုင်ပါတယ်"

"အို…ဟင့်အင်း"

"ကိုယ့်ကို ယုံကြည်ပေးပါလား မွန်၊ တူးတူးလေးကို မြင်မြင်ချင်းပဲ ကိုယ်လည်း ချစ်ခင်မိပါတယ်၊ ဒါကြောင့် တူးတူး ကို သားတစ်ယောက်အဖြစ် လက်ခံဖို့ ကိုယ်ဝန်မလေးဘူး မွန်"

သူလိုလူတစ်ယောက်ထံက ဒီလိုစကားမျိုးကြားရတာ အနည်းငယ် အံ့ဩစရာ။ တကယ်တမ်းမှာ သူ့နားတွင် သူမထက် သာသည့် အပျိုလေးများစွာကို စိတ်ကြိုက် ရွေးချယ်နိုင်သည်မဟုတ် လား။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်

"ဒေါက်တာ သိပ်ကို စိတ်ကူးယဉ်နေပြီထင်တယ်"

"ဗျာ"

"သာမန်ယောကျ်ားတွေ လက်မခံနိုင်တဲ့ ကိစ္စမျိုးကိုမှ ဒေါက်တာစဉ်းစားတာလေ"

မယုံကြည်ဟန် သူမအပြောကြောင့် သူ ခေါင်းခါယမ်းလိုက်သည်။

"သာမန်ယောကျ်ားတွေ လက်မခံနိုင်တဲ့ ကိစ္စမျိုးဆိုရင်တောင်မှ အဲဒါ ကျွန်တော့်ဘက်က မွန့်ကို သိပ်ချစ်လို့လေ"

"အို"

သူ့မျက်ဝန်းမှ လေးနက်သော အရိပ်များကြောင့် သူမစိတ်လှုပ်ရှားသွားချင်ရပေမယ့်...

ဟင့်အင်း ဒါ သူညာတာ။

သူဟာ မိန်းကလေးတွေကို လှည့်စားနေတဲ့ လူတစ်ယောက်။





ထိုအတွေး ဖျတ်ခနဲ ဝင်လာသော် ခေါင်းသာခါယမ်းမိသည်။

"ကျွန်မဟာ ဒေါက်တာပြောသမျှကို လွယ်လွယ်နဲ့ ယုံကြည်မယ့် မိန်းကလေးမဟုတ်ပါဘူး"

"ဘယ်လိုပြောလိုက်တာလဲ မွန်၊ ဒီလောက်မှ ကျွန်တော့်ကို မယုံကြည်ရင် မွန်နဲ့ကိုယ် ခုချက်ချင်း လက်ထပ်ကြမလား"

"အို မဖြစ်နိုင်တာပဲ"

မျက်နှာလေး နီမြန်းလျက် သူမငြင်းဆန်၏။ သူက သူမလက်လေးကို ဖျတ်ခနဲဆွဲကာ...

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ မွန်၊ ကျွန်တော် သစ္စာဆိုရဲပါတယ်၊ မွန့်အပေါ်မှာ ကျွန်တော် တစ်သက်လုံး သစ္စာရှိမှာပါ"

"ကျွန်မလက်ကိုလွှတ်ပါ ဒေါက်တာ"

"ဆောရီး"

ယခုတစ်ကြိမ်တော့ သူမက ပါးရိုက်ဖို့ မကြိုးစားပါ။

"တူးတူးကို ဆေးကုပေးတဲ့အတွက် ဒေါက်တာ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဒေါက်တာ မေတ္တာကို တော့ ကျွန်မ လက်မခံနိုင်ပါဘူးရှင်''

''အဟွန်း ကိုယ်တော့ ကောင်းကောင်းဝဋ်လည်ပြီ မှုန်၊ မှုန်က ဒီလိုငြင်းလေ ကိုယ့်ရင်ထဲ မှုန့်ကို ပိုတိုးချစ်လေ ဖြစ်နေပြီ''

''ဒီလိုမပြောပါနဲ့ ဒေါက်တာ၊ ကျွန်မအချစ်ကို တကယ် တမ်းရခဲ့ရင်တောင်မှ မကြာခင်မှာပဲ တခြားမိန်းကလေးတွေလို ဒေါက်တာ ငြီးငွေ့သွားမှာပါ''

သူမ၏ သံသယနှင့် မယုံကြည်မှုကြောင့် သူရင်နာရ သည်။ အရင်က အပျော်တမ်း ပွေရှုပ်ခဲ့သမျှ ယခုချိန်မှာ နောင်တရ ၏။

ချစ်ရတဲ့မှုန့်ကိုသာ တွေ့ခဲ့ရင် သူဒီလို ရှုပ်ခဲ့မှာ မဟုတ်ပါ ဘူး။

''မှုန်က ဒါချည်းပြောနေတော့ ကျွန်တော် ဘယ်လိုလုပ်ရ မလဲဟင်၊ ယုံတယ် မယုံဘူးဆိုတာ အချိန်ကာလက ဆုံးဖြတ်သွား မှာပါ၊ တစ်ခုပဲ မှုန်တသာ ကျွန်တော့်ကို လက်တွေ့ပြခွင့်ပြုသင့် တယ်''





''အချစ်ဟာ စမ်းသပ်စရာ ပစ္စည်းတစ်ခုလို့ဆင်ရင် ဒေါက်တာမှားမှာပေါ့၊ အထူးသဖြင့် ကျွန်မရဲ့အချစ်ဟာ ဒေါက်တာ အတွက် ကစားစရာမဖြစ်စေရဘူး၊ ဒါကြောင့် လက်တွေ့ပြခွင့်လည်း မပြုနိုင်ဘူး ဒေါက်တာ''

ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် သူမက သူ့ကို ငြင်းလို့သာ နေ၏။

အဓိက မယုံကြည်မှု။

''ဒါဆို မှုန်ယုံအောင် ကျွန်တော် ဘာလုပ်ပြရမလဲ''

''ဟင့်အင်း မလိုပါဘူး ဒေါက်တာ၊ ကျွန်မဆီမှာ အချိန် ကုန်မယ့်အစား ဒေါက်တာ တခြားမိန်းကလေးတွေဆီ သွားပါ''

သူ့ကို နှင်ထုတ်နေသော သူမကို စိတ်နာသလို ကြည့်မိ ၏။

သွားပါတဲ့။

သူက ဘယ်ကိုသွားရမှာလဲ။

ကိုယ့်အဖြစ်ကို ရင်နာစွာ ခပ်မဲ့မဲ့ပြုံးမိရသည်။

''အဟွန်း ကျွန်တော်က ဘယ်ကိုသွားရမှာလဲ မှုန်။ မှုန့်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့တဲ့အချိန်ကစပြီး ကျွန်ပော့်အတွက် ဘယ်မှသွားစရာမရှိဘူး၊ ကျွန်တော် သွားချင်တာက မွန့်ဆီကိုပဲ"

သူမ ငြင်းနိုင်သမျှ သူက မလျှော့သောဇွဲဖြင့် ရှေ့ဆက်တိုး၏။

ထိုစဉ်

"မမလေး ဦးလေးရောက်နေပါတယ်"

"ဟင်…ဟုတ်လား၊ ငါလာခဲ့မယ်ပြောလိုက် မတိုး"

"ဟုတ်ကဲ့ မမလေး"

မတိုးထွက်သွားတော့ မျက်နှာလေးပျက်နေသည့် သူမကို ကြည့်ကာ…

"ဘယ်သူလဲ မွန်"

"တူးတူးရဲ့အဖေပါ ဒေါက်တာ၊ ဒေါက်တာပါ လိုက်ခဲ့လေ၊ ကျွန်မ မိတ်ဆက်ပေးရအောင်လို့"

"ကောင်းပြီလေ"

သူမခေါ်ရာနောက်သို့ သူလိုက်ခဲ့၏။ သူတို့ရောက်တော့ အသက်သုံးဆယ်ကျော်ဝန်းကျင် ချောမောသော ရုပ်ရည်ရှိသည့်





အမျိုးသားတစ်ယောက်က တူးတူးလေးကို ပွေ့ဖက်ထား၏။

"ဘယ်တုန်းက ရောက်တာလဲ အစ်ကိုဇေယျ"

သူမ လှမ်းနှုတ်ဆက်တော့ တူးတူးရဲ့အဖေဟာ သိပ်အရွယ်မကြီးသေးပါလားဟု ဒေါက်တာနောင်လတ် တွေးမိရသည်။

"စောစောကပဲ မွန် သားနေမကောင်းဘူးဆိုလို့လေ"

"ဟင်…အစ်ကိုဇေယျကို ဘယ်သူဖုန်းဆက်တာလဲ"

မေးရင်း အနားမှာ မျက်လွှာချကာ ရပ်နေသည့် မတိုးကို မွန် ကြည့်မိ၏။

"အရေးအကြောင်းကိစ္စရှိရင် ကိုယ့်ဆီဖုန်းဆက်ဖို့ မတိုးကို ဖုန်းနံပါတ်ပေးထားတယ် မွန်"

"သြော်"

သူမသဘောထားကို တစ်ချက်မမေးဘဲ ကိုဇေယျအပေါ် သစ္စာရှိတဲ့ မတိုး၏သဘောထားအား နားမလည်ချင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

"ဒါ တူးတူးလေးကို ဆေးကုပေးတဲ့ ဒေါက်တာနောင်လတ်ပါ ကိုဇေယျ၊ ဒေါက်တာ သူက တူးတူးရဲ့အဖေ"

အမျိုးသားနှစ်ယောက်ကို သူမက မိတ်ဆက်ပေးလိုက်၏။ ကိုဇေယျမှာ ကလေးတစ်ယောက်အဖေ ဆိုပေမယ့် နုပျိုချောမောသော လူတစ်ယောက်အဖြစ် နောင်လတ် သတိထားမိသည်။

"တွေ့ရတာဝမ်းသာပါတယ် ဒေါက်တာ၊ ကျွန်တော့်သားလေးကို ဆေးကုပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်"

အသက်အရွယ်ငယ်သော ချောမောသည့် ဆရာဝန်တစ်ယောက်အဖြစ် နောင်လတ်ကိုကြည့်ပြီး ကိုဇေယျ လက်ကမ်းပေးရင်း ပြောလိုက်၏။

"ကျေးဇူးတင်စရာမလိုပါဘူး ကိုဇေယျ၊ လူနာကို





ဆေးကုပေးတာ ကျွန်တော်တို့ဆရာဝန်တွေရဲ့ တာဝန်ပါ၊ ခုလို ကိုဇေယျနဲ့ ဆုံခွင့်ရတာကိုတော့ ကျွန်တော်ကလည်း ဝမ်းသာပါတယ်"

အမျိုးသားနှစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်ကြ၏။

"ဘာပဲဖြစ်ဖြစ် ဒေါက်တာကြောင့် ကျွန်တော့်သားလေး ကျန်းမာလာတာပဲ၊ ဒေါက်တာကို ကျွန်တော် တစ်ခါလောက် ညှို့ခံချင်တယ်၊ မိတ်ဆွေဖြစ်ပေါ့ဗျာ"

"ဟုတ်ကဲ့ ကျွန်တော် အချိန်ရတဲ့နေ့ ပြောလိုက်ပါ့မယ်၊ ခုတော့ ဂျူတီဝင်စရာရှိသေးလို့ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

ကိုဇေယျကို နှုတ်ဆက်ပြီးနောက် နောင်လတ်က မွန့်ဘက်သို့လှည့်၍

"ကိုယ်သွားတော့မယ် မွန်"

"ရှင် ဟုတ်ကဲ့ ဒေါက်တာ"

မွန်က သူ့ကို ကားနားအထိ လိုက်ပို့၏။ သူတို့လျှောက်သွား



www.burmeseclassic.com

www.burmeseclassic.com



တာကို ဓေယျက လှမ်းကြည့်နေသည်။

ပထမဦးဆုံးအကြိမ် မွန့်အပေါ် အရင်က သတိမထားမိခဲ့သမျှ ယနေ့တွေ့လိုက်ရသော သူမ၏အလှကို သတိပြုမိသွားရသူက ဓေယျ။

"မသက်မွန်ရှိတုန်းက အေးစက်စက်နေလာတဲ့ ကောင်မလေးဟာ ခုတော့ တည်တည်ငြိမ်ငြိမ်နဲ့ အတော်ကိုလှလာပါလား"

ထိုစဉ်

"ဒက်ဒီ"

"ဟင် သား"

တူးတူးလေး မျက်လုံးဖွင့်လာလျက် ဓေယျကို ခေါ်သည်။

"တီတီကော ဒက်ဒီ"

"မွန်လား သားသားကို ဆေးကုပေးတဲ့ ဆရာဝန်ပြန်လို့ လိုက်ပို့ပေးနေတယ်"

"ဦးဦးဆရာဝန်က သဘောကောင်းတယ် ဒက်ဒီ"

"သားကို ဒေါက်တာက ခင်လား"





"ဟုတ်ကဲ့"

ခေါင်းညိတ်သော တူးတူးကြောင့် ဓေယျ မသိမသာ သက်ပြင်းချ၏။ ခဏလေးတွေ့တဲ့ တူးတူးတောင် ဒေါက်တာနောင်လတ်ကို ခင်နေလျှင် မွန်ကကော...

ဒေါက်တာနောင်လတ်နှင့် မွန် အသက်အရွယ်ချင်း မကွာခြားသလို နှစ်ယောက်သား ရုပ်ရည်ကလည်း လိုက်ဖက်လှ၏။

သို့သော်

"ဒီလောက်လှလာတဲ့ မွန့်ကို ငါ စောစောက သတိထားမိရမှာ၊ အို ခုလည်း နောက်မကျသေးပါဘူးလေ"

ဇနီးဖြစ်သူ မသက်မွန်ရှိစဉ်တုန်းက မအိမ်မွန်ကို ချာတိတ်တစ်ယောက်လောက်သာ သဘောထားခဲ့၏။

မအိမ်မွန်ဆုံးပါးပြီးနောက်မှာလည်း ဓေယျအနေဖြင့် အထီးကျန်ဝေဒနာကို ပျော်သလို ဖြေဖျောက်ခဲ့သည်။

တူးတူးလေး၏ တာဝန်ကို မွန်တို့က ယူထားး၍ ဓေယျအနေဖြင့် နောက်ဆံတင်းစရာမလိုခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ မွန်ကို ဒေါက်တာနောင်လတ်နှင့် တွေ့လိုက်ရတော့ ဓေယျရင်ထဲ ဝန်တိုမိသလိုပါပဲ။

"ကိုဓေယျလည်း တူးတူးအတွက် အတော်စိတ်ပူခဲ့မှာပဲနော်"

အသံနှင့်အတူ မွန်က သူတို့နားရောက်လာ၏။

"ဘယ်နှယ့်ပြောလိုက်တာပါလိမ့် မွန်၊ တူးတူးဟာ သက်ရှိကိုယ်စား ကျန်ခဲ့တဲ့ ကိုယ့်ရဲ့တစ်ဦးတည်းသော သားလေးပါ၊ ကိုယ့်မှာ အလုပ်တွေမအားလို့သာ သားဆီ မှန်မှန်မရောက်နိုင်ခဲ့တာပါ မွန်"

ကိုဓေယျပြောသမျှ မွန်က ငြိမ်၍သာ နားထောင်နေလိုက်၏။ တူးတူးအတွက်ဟုဆိုကာ တစ်လတစ်ခါ ထောက်ပံ့ပေးလာသော စိုက်ဆံများကို မွန်က မသုံးဘဲ ဘဏ်ထဲမှာပဲ စုပေးထားလိုက်၏။

"ဟုတ်ပါတယ်လေ ကိုဓေယျက အဖေပဲ၊ မွန်လည်း တူးတူးနေမကောင်းဖြစ်စက ကိုဓေယျ စိတ်ပူမှာစိုးလို့ ဖုန်းမဆက်





ဖြစ်တာပါ"

"နောက်ဆို ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် ဖုန်းဆက်ပါ မွန်၊ ဒါနဲ့ မာမီကော ရိပ်သာဘယ်နေ့ထွက်မလဲ မွန်"

"ဒီနေ့ညနေပဲ ကိုဓေယျ၊ သားက ဖျားနေတော့ မာမီ့ကိုတောင် မွန် သွားမကြိုနိုင်တော့ဘူး"

"ဒါဆို မာမီ့ကို ကိုယ်သွားကြိုလိုက်မယ် မွန်"

"ဟင် ကိုဓေယျက အချိန်ရလို့လား"

မွန်မေးတော့ ဓေယျ ပြုံးလိုက်၏။ အမှန်တော့ ဒီလိုမိသားစုကိစ္စမှာ ဓေယျအနေနှင့် လုပ်မပေးခဲ့တာကြာပြီ။

"ရပ္ပါတယ် မွန်၊ မာမီနဲ့လည်း မတွေ့တာကြာပြီလေ"

"ဒက်ဒီသွားရင် ဘွားဘွားကြီးဆီ သားလည်းလိုက်မယ်"

တူးတူးက ဝင်ပြောတော့ မွန် မျက်လုံးဝိုင်းသွား၏။

"အို မလိုက်ရပါဘူး၊ သားက ခုမှ နေကောင်းကာစ ရှိသေးတယ်၊ ခရီးပန်းလို့မဖြစ်ဘူး"

"ဟင့်အင်း...ဟင့်အင်း လိုက်မှာပဲ၊ လိုက်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ငိုမဲ့မဲ့မျက်နှာလေးဖြင့် တူးတူးလေးကိုကျတော့ ကိုဇေယျက

"သားလိုက်ချင်လိုက်ပါစေလား မွန်"

"မဖြစ်ပါဘူး ကိုဇေယျ၊ ကလေးက နုနယ်လွန်းတယ်၊ အပြင်မှာ လေစိမ်းတိုက်ခံလို့ မဖြစ်ဘူး"

"အနွေးထည် ဝတ်သွားမှာပေါ့ တီတီ"

ဖျတ်ထိုးညာတ်လေးနှင့် တူးတူးပြောတော့ ဇေယျနှင့်မွန် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြ၏။

"မွန်ပါ လိုက်ခဲ့ပါလားကွယ်၊ သားကို အနွေးထည်ထူထူ ဝတ်ပြီး ခေါ်သွားမှာပေါ့",

"ဟုတ်တယ် တီတီပါလိုက်ခဲ့နော်"

နေကောင်းကာစ တူးတူး စိတ်ချမ်းသာစေရန်အတွက် သူမ ခေါင်းညိတ်လိုက်ရသည်။

"ဟဲ ဟဲ လိုက်ခဲ့မယ်ဟုတ်လား၊ သားက အားရှိအောင် အစာများများစားရမယ်နော်"

"ဟုတ်ကဲ့"





ဇေယျမျက်စိထဲမှာ မအိမ်မွန်ကို ဟူးတူးလေး၏ မိခင်နေရာတွင် မြင်လာသည်။

"ကြည့်စမ်း ဒါကို ငါမေ့နေလိုက်တာ၊ ငါနောက်ထပ်ပြုမယ့် အိမ်ထောင်က မွန်ပဲဖြစ်သင့်တာပေါ့၊ ဒါဆို သားနဲ့လည်း မခွဲရတော့ဘူး"

မတိုးယူလာပေးသော စွပ်ပြုတ်ကို တူးတူးအား ယုယစွာ တိုက်နေသည့် မွန်ကိုကြည့်ပြီး ဇေယျ စိတ်ထဲမှ ကြိတ်၍ တွေးမိ၏။

"ဒက်ဒီ သားကို ကစားစရာတွေ ဝယ်ပေးနော်"

"ဟင်...အေး ဝယ်ပေးမှာပေါ့ကွာ၊ သားလိုချင်တဲ့ အရုပ်အားလုံး ရစေမယ်ဟုတ်လား"

တူးတူး နဖူးလေးကို တစ်ချက်နမ်းပြီး ဇေယျပြော၏။ မွန်က မျက်ခုံးလေး မသိမသာတွန့်ကာ...

"သားကလည်းကွယ် အိမ်မှာ သားအတွက် တီတီဝယ် ပေးထားတဲ့ ကစားစရာတွေ အများကြီးရှိတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီထဲမှာ သေနတ်အကြီးကြီးတွေ မပါဘူး တီတို"

တူးတူးလိုချင်သည့် သေနတ်များမှာ တကယ်အကြီးကြီးတွေမို့ ကလေး စိတ်ကြမ်းမည်စိုး၍ သူမက တမင်ဝယ်မပေးခြင်းပါ။

"သားလိုချင်တာ ကိုယ်ဝယ်ပေးလိုက်ပါ့မယ် မွန်၊ အမှန်တော့ ဒါဟာ ကိုယ့်ရဲ့ရှုံးယွင်းချက်ပါ"

"ဟင့်အင်း မွန်က သားကို အဲဒီလို သေနတ်ကြီးတွေနဲ့ဆော့ရင် စိတ်ကြမ်းတွေဝင်သွားမှာစိုးလို့ တမင်ဝယ်မပေးတာပါ ကိုဇေယျ"

မွန်၏ နူးညံ့သောအသွင်နှင့် စိတ်ထားကို ဇေယျ လေးစားသွားရသည်။ တကယ်တော့ ဇေယျ၏ဝန်းကျင်မှာ မွန်လို ဣန္ဒြေရှင် မိန်းကလေးမျိုး ရှားသည်မဟုတ်လား။

"ယောကျ်ားလေးဆိုတော့လည်း ဒီလိုအရာတွေ လိုချင်တာ မဆန်းပါဘူး မွန်၊ ကိုယ့်အနေနဲ့က သားရဲ့စိတ်ဓာတ်ကို ယောကျ်ားပီသစေချင်ပါတယ်"





အဖေတစ်ယောက်အနေနှင့် ကိုဇေယျပြောလာတော့ မွန် ဘာတတ်နိုင်မည်နည်း။ တကယ်တမ်း သားကိုပိုင်ဆိုင်တာ ကိုဇေယျပါ။ သူမက ဆိုင်ရုံသာရှိ၏။

"သားကို ယောကျ်ားပီသစေဖို့ အိပ်ရာဝင်တိုင်း သူ့ရဲ့ကောင်းပုံပြင်တွေ မွန် အမြဲပြောပြပါတယ် ကိုဇေယျ၊ အဓိက သားရဲ့စိတ်ဓာတ် ရဲရင့်နိုင်မာဖို့လေ"

"မွန်ပြောတာလည်း ဟုတ်ပါတယ်၊ ဒါပေမယ့် ကလေးတစ်ယောက်ရဲ့ အလိုချင်ဆုံးဆန္ဒကို ဖြည့်ပေးရမှာ ကိုယ်တို့လူကြီးတွေရဲ့ တာဝန်ပဲ မွန်"

"ကောင်းပါပြီလေ ကိုဇေယျသဘောပါ"

နောက်ဆုံးတော့ တူးတူးနှင့်ပတ်သက်ပြီး မွန်သာ အလျှော့ပေးရ၏။ ဒါကလည်း တူးတူးကိုချစ်၍ မဟုတ်လား။

✥ ✥



www.burmeseclassic.com

www.burmeseclassic.com

"မောင်ဇေယျလည်း ပါလာတာကိုး"

သူတို့ ရိပ်သာကို သုံးယောက်အတူ သွားကြိုကြ၏။ ကိုဇေယျ မွန်နှင့်တူးတူးလေးတို့ သုံးယောက်ကိုကြည့်တာ ဒေါ်သီတာ ရင်ထဲ တကယ့်မိသားစုလေးတစ်ခုလိုပါပဲ။

"ဟုတ်ကဲ့ မာမီ၊ ကျွန်တော် နေ့လယ်ကတည်းက အိမ်ရောက်နေတာပါ"

ကိုဇေယျအပြောကြောင့် ဒေါ်သီတာက နားမလည်သလို မွန်ကို လှမ်းကြည့်၏။

"တူးတူးဖျားလို့ ကိုဇေယျ ရောက်လာတာပါ မာမီ"

"ဟင်...ငါ့မြေးလေး ဖျားတယ်ဟုတ်လား၊ ဒါကြောင့် အငွေးထည်ထူကြီး ဝတ်လာတာကိုး၊ ခုကော သက်သာသွားပြီလား၊





ဘွားဘွားဆီလာဦး မြေး"

ဒေါ်သီတာက တူးတူးကိုခေါ်၍ ရင်ခွင်ထဲထားပြီး နဖူးကို စမ်း၏။

"သားသား နေကောင်းသွားပြီ ဘွားဘွားရဲ့၊ ဦးဦးဆရာဝန်က ဆေးကုပေးတာ"

နေကောင်းတာနှင့် တူးတူးက သွက်လက်စွာ စကားပြောလာပြီ။

"ဦးဦးဆရာဝန် ဟုတ်လားသား"

"တူးတူးကို ကုပေးတဲ့ ဒေါက်တာနောင်လတ်ကို ပြောတာပါ မာမီ"

"သြော်"

ဒေါက်တာနောင်လတ်ဆိုသော အမည်ကို ဒေါ်သီတာ အနေဖြင့် မွန့်နှုတ်ဖျားမှ ဒါ ပထမဆုံး ကြားဖူးခြင်းပါ။

"အားလုံး အဆင်သင့်ဖြစ်ပြီဆိုရင် ကျွန်တော်တို့သွားကြ မလား မာမီ"



www.burmeseclassic.com

www.burmeseclassic.com



မေယုက စကားစတင်ဖြတ်၏။ ဒေါ်သီတာ ခေါင်းညိတ်လိုက်သည်။

"အေး အေး မာမီ့မိတ်ဆွေတွေလည်း နှုတ်ဆက်ခဲ့ပါပြီ၊ သွားကြတာပေါ့"

"ဒါဆို ကျွန်တော်တို့ အပြန်မှာ တစ်ခုခုဝင်စားတာပေါ့ မာမီ၊ မာမီနဲ့ မွန့်ကိုလည်း မကျွေးရတာကြာပြီ"

"ရပါတယ်ကွယ်"

ကားပေါ်ရောက်တော့ မေယုဘေးမှာ မွန် ထိုင်လိုက်ရ၏။

"ငါတို့မြေးအဘွားတော့ နောက်ခန်းကပဲ ကြပ်ကြပ်ပြည့်ပြည့် စီးမယ်"

ဟု ဒေါ်သီတာပြောတာကြောင့်ပင် တကယ်လည်း ကားနောက်ခန်းမှာ မတွေ့ရတာကြာပြီဖြစ်သော မြေးအဘွားနှစ်ယောက်က စကားတွေ တွတ်ထိုးနေ၏။

"သားကတော့ သူ့အဘွား သူ့အဒေါ်နဲ့တွေ့ရင် ကိုယ့်ကို တောင် သတိမရဘူးနော် မွန်"





တိတ်ဆိတ်နေသော မွန့်ကို ကားမောင်းရင်း မေယု လှမ်းပြော၏။

"ဒါကတော့ သားနဲ့အတူ နေလာတာကြောင့်ပါ၊ ကိုမေယုက ရောက်ခဲတယ်မဟုတ်လား"

"အင်း တကယ်တော့ ကိုယ့်အပြစ်ပါပဲ၊ နောက်ပိုင်းဆိုရင်တော့ သားနဲ့ရင်းနှီးအောင် မွန်တို့ဆီ ကိုယ် မကြာခဏလာမှဖြစ်မယ်"

ထိုစကားကြောင့် မွန် မျက်နှာလေး ပျက်ချင်သွားရ၏။ အိမ်သို့ ကိုမေယု အလာများလျှင် ပတ်ဝန်းကျင်က ဘာပြောမလဲ။ နောက်တစ်ခုမှာ သားက ကိုမေယုအပေါ် သံယောဇဉ်တွယ်သွားမှာ စိုးရိမ်၏။

"ဘယ်လိုလဲ မွန်၊ ကိုယ်လာရမလားဟင်"

"ရှင် လာပေါ့ ကိုမေယု၊ ကိုမေယုက သားရဲ့အဖေပဲ"

အတွေးလွန်နေရာမှ ကိုမေယုအမေးကို သူမ ပေါ့ပါးဟန် ဖြင့် ဖြေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ကိုယ်လာတာ တူးတူးရဲ့အဖေအဖြစ်နဲ့ဆိုတော့ တကယ်လို့ တူးတူးမရှိရင် ကိုယ်မလာရဘူးလား မွန်"

"အို ဒါကတော့"

ကိုဇေယျနှင့်ပတ်သက်ပြီး သူမ ဖြေရခက်သွား၏။

"ကိုယ် အလကားစတာပါ မွန်၊ သက်နဲ့ပတ်သက်ပြီး ကိုယ်တို့ဟာ ဆွေမျိုးတွေပဲ၊ ကဲ ကဲ စားသောက်ဆိုင်တောင် ရောက်ပြီ"

ကျယ်ဝန်းသော ခြံထဲမှာ ခန့်ညားသော အဆောက်အဦးဖြင့် သန့်ရှင်းသပ်ရပ်သည့် စားသောက်ဆိုင်ရှေ့ ကိုဇေယျ ကားရပ်လိုက်၏။

ထို့နောက် သူမနှင့် မာမီအတွက် တံခါးဖွင့်ပေးသည်။

"ဆင်းပါ မွန်"

တူးတူးလေးက မိသားစုစုံလင်စွာ သွားရတဲ့အတွက် အထူးပျော်နေဟန်ပင်။

"မာမီနဲ့မွန် ကြိုက်တဲ့ဟင်းတွေ မှာကြနော်၊ သားအတွက်





ကကော"

ကိုဇေယျက သူမတို့သားအမိနှင့် တူးတူးကို အထူးဂရုစိုက်နေ၏။

"အင်း ဒီလိုမျိုး မိသားစု စုံစုံလင်လင်ဆိုတော့ သွားလေသူ သမီးသက်ကို သတိရမိတယ်ကွယ်"

ဒေါ်သီတာ အပြောကြောင့် အားလုံး စိတ်မကောင်းဖြစ်သွား၏။ သို့သော် ကိုဇေယျက

"ကျွန်တော် အရင်က မာမီတို့ကို ဒီလိုဂရုမစိုက်မိတာ ခွင့်လွှတ်ပါဗျာ"

"ရပါတယ်ကွယ်၊ မောင်ဇေယျလည်း ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ ဘယ်အားပါ့မလဲ"

နားလည်ပေးသော ယောက္ခမကြောင့် ဇေယျ ဝမ်းသာသွားရ၏။

"နောက်ဆို မာမီတို့အတွက် တစ်ပတ်ကိုတစ်ရက်လောက် အချိန်ပေးဖို့ ကျွန်တော် စဉ်းစားထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မာမီတို့အတွက်ထက် တူးတူးလေးက ဖအေလုပ်သူနဲ့ မကြာခဏ တွေ့ရတော့ စိတ်အားမငယ်ဘူးပေါ့ကွယ်"

"အို မာမီကလည်း တူးတူးဟာ မှုန်တို့နဲ့လည်း ပျော်တာပါပဲ"

ကိုဇေယျနဲ့ တွေ့မှ တူးတူးပျော်တာမဟုတ်ကြောင်း မှုန်ဝင်ပြောခြင်းပါ။ ဖြစ်နိုင်ရင် မှုန်သည် ကိုဇေယျနှင့် ဝေးဝေးနေချင်မိ၏။

"ဒါတော့ဒါပေါ့ကွယ်၊ ဒါပေမယ့် သားသမီးဆိုတာ မိဘရင်းကို ပိုတွယ်တာတတ်ကြတယ် သမီးရဲ့"

"ကျွန်တော်နားလည်ပါတယ် မာမီ၊ သက်မရှိပေမယ့် သားအတွက် မှုန်ရှိနေခဲ့လို့ ကျွန်တော် စိတ်ချမိတာပါ၊ သားအတွက် မှုန်ဟာ မိခင်တစ်ယောက်လို စောင့်ရှောက်တာ ကျွန်တော်သိပါတယ်"

ထိုစကားကို မှုန့်မျက်နှာသို့ တစ်ချက်ကြည့်ပြီး ဇေယျပြော၏။





သားအတွက် မိခင်တစ်ယောက်လိုဆိုသော စကားကြောင့် မှုန် မျက်နှာ မသိမသာ နီရဲသွားရပေမယ့်...

"ဒါဆိုရင်လည်း တူးတူးအတွက် ကိုဇေယျ ဘာမှပူမနေပါနဲ့၊ မှုန့်ကိုသာ စိတ်ချလက်ချအပ်ထားပါ"

"မှုန် ဘာကိုဆိုလိုတာပါလိမ့်"

ကိုဇေယျက နားမလည်သလို မေး၏။

"ဩော် တကယ်လို့ ကိုဇေယျ နောက်ထပ် အိမ်ထောင်ပြုမယ်ဆိုရင် သားအတွက် ထည့်မစဉ်းစားဘဲ လွတ်လွတ်လပ်လပ် အိမ်ထောင်ပြုနိုင်အောင်လို့ပါ"

"ဩော် ဒီလိုလား၊ ဟင်း ဟင်း မှုန်စေတနာကို လေးစားပါတယ်ဗျာ၊ နောက်ထပ် အိမ်ထောင်ပြုဖို့ကိုလည်း ကိုယ် လေးလေးနက်နက် စဉ်းစားမှာပါ မှုန်"

"ဒါပေါ့ကွယ်၊ ဘယ်လောက်ပဲ မှုန်က တာဝန်ယူတယ် ပြောဦး တစ်ချိန်မှာ မှုန်လည်း သင့်တော်တာနဲ့ အိမ်ထောင်ပြုရမှာပဲ၊ မာမီကတော့ မောင်ဇေယျကို အကြံပေးချင်တာက မြန်မြန်လေး



www.burmeseclassic.com

www.burmeseclassic.com



အတွက် အဓိက စဉ်းစားဖို့ကွယ့်""

""စိတ်ချပါ မာမီ""

ထိုစဉ် မှာထားသော စားစရာများ ရောက်လာ၏။ တူးတူး လေးက များပြားလှသော စားစရာတွေကြည့်ပြီး ပျော်နေသည်။

""သား ပျော်လားကွ""

""ပျော်တယ် ဒက်ဒီ၊ နောက်တစ်ခါလည်း ဒက်ဒီနဲ့ ဘွားဘွားနဲ့ တီတီနဲ့ ဒီလိုပဲ အတူသွားမယ်နော်""

""အို""

တူးတူးလေး၏ ပူဆာမှုကြောင့် လူကြီးတွေ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကြသည်။

ကိုဇေယျက ပြုံးရယ်ကာ···

""ဟား···ဟား သားပြောသလို ဒက်ဒီတို့မိသားစု ဒီလို မကြာခဏ အတူသွားကြမှာပေါ့ကွာ၊ ကဲ ခုတော့ သားက အားရှိ အောင် အစားများများစား ဟုတ်လား""

""ဟုတ်ကဲ့ ဒက်ဒီ""





ယခုတော့လည်း သားအဖနှစ်ယောက် ညီညွတ်နေလိုက် ကြတာ၊ သွေးက စကားပြောတယ်ဆိုတာ ဒါမျိုးဖြစ်မည်။

""မာမီ စားနော်၊ နောက်ထပ် ကြိုက်တဲ့ဟင်း မှာပါဦး လား""

""အို တော်ပါပြီကွယ်၊ ဒီဟင်းတွေတောင် များနေတာ""

""ဒါဆို မွန်ကော""

""လုံလောက်ပါပြီ ကိုဇေယျ""

ကိုဇေယျက အားလုံးပန်းကန်ထဲ ကောင်းနိုးရာရာတွေ လိုက်ထည့်ပေးနေ၏။ တူးတူးက ဒါကိုကြည့်ကာ

""ဒက်ဒီက လိမ္မာတယ်""

""ဟား···ဟား အစကတည်းက ဒက်ဒီက မမိုက်ပါဘူး သားရယ်""

မွန်တို့ဘက် ခဏချက်လှည့်ကြည့်ပြီး ထိုစကားကို ပြော၏။

ဒေါ်သီတာကိုယ်တိုင်လည်း ယနေ့ ကိုဇေယျ၏ စေတနာ



www.burmeseclassic.com

www.burmeseclassic.com



မှအတွက် ကျေနပ်သလိုပါပဲ။

သည်မိသားစု မပြိုကွဲရအောင် ဒေါ်သီတာအနေဖြင့် တစ်ခုခု စဉ်းစားရမည်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

ဒီဇင်ဘာ၏ မြူနှင်းမှုန်တို့သည် ဝန်းကျင်တစ်ခွင်တွင် ခပ်ဖွဲဖွဲကျရောက်နေသည်။ သူမရောက်ရှိလာသော အချိန်တွင် လူအားလုံး စုဝေးရောက်ရှိနေကြပြီ။

"မွန်ရေ ဝေတို့ ဒီမှာဟေ့"

"ဟင် ဝေ"

သည်နေ့က သူမတို့ဌာနမှ ဆရာ ဆရာမများ စုပေါင်း၍ ကျိုက်ထီးရိုးသို့ ဘုရားဖူးထွက်ကြခြင်း။ အိတ်စ်ပရက်ကားကို စီးလုံးငှားကြသည်။

မနက်ခုနစ်နာရီခွဲတွင် လူစုရုံးနေကြပြီ။ သူမရောက်တော့ အားလုံးကားပေါ်မှာ သူမကိုမြင်၍ ဝေက လှမ်းခေါ်ခြင်းဖြစ်သည်။

"နောက်ကျပါလား မွန်"





"ဟုတ်တယ် ဝေ၊ တူးတူးလေးပြန့်အိပ်အောင် စောင့်နေရလို့လေ၊ တော်သေးတယ် အချိန်မီရောက်လာလို့"

သက်မမောလေးချပြီး ဝေဘေးမှာ သူမဝင်ထိုင်လိုက်၏။ သည်ရက်ပိုင်းမှာ သူမစိတ်တွေ အလိုလို မောပန်းနေ၏။ အကြောင်းကတော့ ကိုဖေယျသည် ရှေ့ကပြောခဲ့သလို မကြာခဏ တူးတူးလေးအကြောင်းပြ၍ အိမ်သို့ ရောက်လာတတ်၏။

ရောက်လာခဲ့လျှင်လည်း

"ဒါက သားအတွက် ကစားစရာနဲ့ မုန့်တွေ၊ ဒါတွေက မာမီနဲ့ မွန့်အတွက်"

"အို ပါတိတ်တွေပါလား ကိုဖေယျ၊ ဘာလို့ဝယ်လာတာလဲ၊ မွန်တို့မှာ အဝတ်အစားတွေရှိပါတယ်"

သောင်းကျော်တန် ပါတိတ်များကိုကြည့်ပြီး မွန် သဘောမကျဟန်ဖြင့် ပြောတော့…

"မွန်ကလည်းကွယ် ကိုယ်က မွန်တို့ကို ဝတ်စေချင်လို့ပါ၊ သက် မရှိတော့ပေမယ့် မာမီနဲ့ မွန်ကို ကိုယ်တတ်နိုင်သ



www.burmeseclassic.com

www.burmeseclassic.com



လောက် ဆောင့်ရောက်ရမယ်မဟုတ်လား"

အပြုံးမျက်နှာဖြင့် ကိုဖေယျ ပြောတတ်၏။ မာမီကလည်း

"သမီးကလည်းကွယ် မောင်ဖေယျက စေတနာနဲ့ ဝယ်လာတာကို၊ သူစိမ်းတွေလည်း မဟုတ်ဘဲ လက်ခံလိုက်ပါ"

အလိုလိုနေရင်း ကိုဖေယျ၏ ဘက်တော်သားဖြစ်သွားတာက မာမီ။ တူးတူးလေးကလည်း တစ်မျိုး။

"ဒက်ဒီနဲ့ တီတီတို့နဲ့ တိရစ္ဆာန်ဥယျာဉ်သွားမယ်နော်"

"အို သားကလည်း ဒီနေ့ တီတီမအားဘူး၊ သားဒက်ဒီနဲ့ သွားချင်သွားလေ"

"ဟင့်အင်း ဟင့်အင်း၊ တီတီပါ လိုက်ခဲ့ရမယ်"

သည်အခါများမှာ သက်ပြင်းကြိတ်ချမိရတာ သူမဖြစ်၏။ တူးတူးလေးမျက်နှာ တစ်ချက်မဲ့တာနှင့် သူမ ကြာရှည်မငြင်းဆန်နိုင်ပါ။

"သမီးကလည်းကွယ် ကလေးစိတ်ချမ်းသာအောင် လိုက်သွားပါ၊ မာမီ ပုတီးစိပ်ရင်း နေခဲ့ပါ့မယ်"





"ဟုတ်ပါတယ် မွန်၊ ကျောင်းပိတ်ရက် တစ်ခါတစ်ခါ အပန်းဖြေတာပေါ့"

ဤသို့ဖြင့် ကိုဖေယျတို့ သားအဖနှင့် သူမ လိုက်ပါသွားရတာ မကြာခဏ အပြင်ရောက်တာနှင့် တူးတူးလေးက အပျော်လွန်ကာ အိမ်သို့ တော်တော်နှင့် မပြန်ချင်ပေ။

"ကစားကွင်းကို သွားမယ်နော် ဒက်ဒီ"

"တူးတူး တော်ပြီလေ"

သူမက ဟန့်တားလျှင် မျက်နှာလေးမဲ့သွားလျက်...

"အဟင့် ဟင့် တီတီက ဆူတယ်"

ဟု သံကုန်ဟစ်၍ ငိုတော့၏။

"အို သား မငိုနဲ့လေ၊ တီတီက သားကို မဆူပါဘူးကွယ်၊ ကဲ သားကြိုက်တဲ့နေရာသွား အန်တီ လိုက်ပို့မယ်"

"ဟေး ဒါမှတီတီ"

ပြုံးရွှင်သွားသော တူးတူးလေးကြောင့် သူမ သက်ပြင်းချနိုင်သည်။ ကိုဖေယျက တူးတူးလေး၏အလိုကို မဆန့်ကျင်နိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူမအား ဘယ်လိုမြင်မည်မသိ။

"မွန်က သားကို အရမ်းအလိုလိုက်တာပဲနော်"

ကိုဇေယျပြောတော့ သူမ ရှက်သလိုဖြစ်၏။

"အဲဒီလို အလိုလိုက်တာ ကိုဇေယျမကြိုက်ဘူးလား ဟင်"

"ဟာ ကြိုက်တာပေါ့ဗျာ၊ တူးတူးက ကိုယ့်သားပဲ၊ ဟင်း ဟင်း ကိုယ်တကယ်လက်ထပ်ရင်တောင် သားကို မွန်လို အလို လိုက်နိုင်တဲ့ အမျိုးသမီးမှ တွေ့ပါ့မလားပဲ"

အနေအသွားမလွတ်သော စကားတွေကြောင့် သူမ အနေခက်ရသည်။ ထို့ကြောင့် စိတ်ပြေလက်ပျောက်လည်းဖြစ် တုသိုင်လ်လည်းရရန် ကျိုက်ထီးရိုးသို့ ဘုရားဖူးထွက်ခဲ့ခြင်းပါ။

"ကဲ လူတွေအားလုံးစုံပြီနော်"

"တစ်ယောက်ကျန်သေးတယ်ဗျို့"

"ဟင် ဒေါက်တာနောင်လတ်"

ကားထွက်ခါနီး အပြေးအလွှား ရောက်ရှိလာသူက





ဂျင်းအင်္ကျီ၊ ဂျင်းဘောင်းဘီနှင့် လွယ်ယဲလေးစတိုင်လ် ဝတ်ထား သည့် ဒေါက်တာနောင်လတ်။

"သူက"

"ကိုဇ ခေါ်ထားတာလေ"

"ဟင် ဒေါက်တာမြစ်ကော ပါလား"

"ပါတာပေါ့၊ နောက်မှာလေ"

သည်တော့မှ မျက်နှာပြုံးပြုံးနှင့် ဒေါက်တာမြစ်ကို သူမ တွေ့ရ၏။

"မင်းကလည်း နောက်ကျလိုက်တာ နောင်လတ်ရာ"

"အိပ်ရာထ နောက်ကျသွားလို့ပါဗျာ"

ကျော့ပိုးအိတ်တစ်လုံးနှင့် နောင်လတ် ရောက်လာမှ ကား ထွက်ဖြစ်၏။ ကားစထွက်ပြီဆိုတာနှင့် အားလုံး ပျော်ပျော်ပါးပါး ဖြစ်ကုန်သည်။

နောင်လတ်မှာ အဖြူခံပေါ်တွင် အပြာပွင့်လေးများပါသော ဝတ်စုံနှင့် ခေါင်းမှာ ချည်ပဝါအဖြူလေးကို ပတ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



တောက်ပသောမျက်လုံးများဖြင့် လှမ်းကြည့်သည်။

မွန်က အပေါ်မှ နက်ပြာရောင်ဆွယ်တာကို ထပ်ဝတ်လျက် အချမ်းဒဏ်ခံနိုင်ရန် အပေါ်မှ နှစ်ထပ်အပွင့်ထိုး အဖြူရောင်သိုးမွေး သဘက်ကို လွှမ်းခြုံထားသည်။

အားလုံး အနွေးထည်တွေ ကိုယ်စီနှင့် ဖြစ်ပေမယ့် ဂျင်း အင်္ကျီတစ်ထည်သာ ဝတ်လာသော နောင်လတ်မှာ ကားထွက်တာ နှင့် လေတိုးသည့်ဒဏ်ကြောင့် အချမ်းဒဏ်ခံရပြီ။

"အနွေးထည် ဝတ်မလာဘူးလား နောင်လတ်"

"အေးကွာ အိပ်ရာက ကမန်းကတန်း ထလာတာနဲ့၊ အား အတော်ချမ်းတာပဲ"

မြစံကိုယ်တိုင်က ကိုယ်မှာဝတ်ထားသည့် အနွေးထည်က လွဲ၍ အပိုမပါပေ။

သူတို့စကားသံအားလုံးကို ရှေ့မှာ မွန်တို့ကြား၏။

"ကိုနောင်လတ်တော့ ဒုက္ခပဲ၊ အနွေးထည်လည်း မပါ ဘူး၊ ဝေတို့မှာလည်း သူ့ကို ပေးစရာစောင်ပါ မရှိတာနဲ့ ခက်တာပဲ"





ဝေက နောက်သို့လှမ်းကြည့်ပြီး နောင်လတ်ကို သနား ဟန်ဖြင့် ပြော၏။

"ဝေ စောင်ပိုပါသေးလားဟင်"

"မပါဘူး ကိုစံ၊ ဟိုတယ်မှာ တည်းမယ်ဆိုပြီး အဝတ် အစား နည်းနည်းလောက်ပဲ ဝေယူခဲ့တာ"

"အေးကွာ…နောင်လတ်တော့ အတော်ချမ်းနေပြီ"

သူ့ကို စကားသံတွေအဆုံး မွန်က ကိုယ်ပေါ်မှ ဆွယ်တာ သဘက်ကြီးကို ခွာလိုက်ပြီး…

"ဒီဟာ သူ့ကိုပေးလိုက်ပါ ဝေ"

"ဟင်…မွန်က"

"ရပါတယ်ဝေ၊ မွန့်မှာ အနွေးထည်ဝတ်ထားတာပဲ"

သည်တော့မှ ဝေက နောက်သို့လှမ်း၍…

"ရော့ ကိုစံ၊ ဒါ မွန့်သဘက်၊ ကိုနောင်လတ်ကို ပေးခိုင်း လို့"

"ဟာ…အားနာစရာကြီး၊ နေပါစေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကာသယက်ရှင် နောင်လတ်မှာ မှုန့်ထံ လှမ်းကြည့်ပြီး ပြော၏။

"အားမနာပါနဲ့ ဒေါက်တာ၊ လိုအပ်လို့ ကူညီတာပဲ၊ ယူလိုက်ပါရှင်"

မတတ်သာသည့်အဆုံး မှုန်ကိုယ်တိုင် ဝင်ပြောလိုက်ရ၏။

"ကျေးဇူးပဲ မှုန်"

ထိုသို့ပြောပြီး မြဲမြံ လက်ထဲရောက်နေသော သူမ၏ သိုးမွေးသာဘက်ကြီးကို သူ့ကိုယ်ပေါ် လွှမ်းခြုံလိုက်သည်။

ကြည့်စမ်း စေတနာရှင်မလေး၏ မေတ္တာကြောင့်ထင် သူ့တစ်ကိုယ်လုံး ချက်ချင်းနွေးထွေးသွားသလိုပါပဲ။

ထိုစဉ် ကားကက်ဆက်မှာ စိုင်းထီးဆိုင်၏ 'ချစ်တာတစ်ခုပဲ သိတယ်' ဟူသော သီချင်းသံ ထွက်ပေါ်လာသည်။

"တတယ်ပါ မေရယ်၊ ကိုယ်ကတော့ ချစ်တာတစ်ခုပဲသိတယ်"

ထိုစာသားလေးမှာ နောင်လတ်အတွက် အကြိုက်ဆုံးပါပဲ။





မှုန့်ကို လှမ်းကြည့်ပြီး သူကိုယ်တိုင်သာ ထိုစာသားလေးကို ဆိုပြလိုက်ချင်၏။

"သီချင်းလေးက ကောင်းတယ်နော် မှုန်"

"အင်း"

ဝေကပြောတော့ မှုန် ခေါင်းညိတ်လိုက်သည်။ ကားကို စခန်းတစ်ထောက်နားတော့ ခရီးသည်များ အညောင်းပြေ ဆင်းကြ၏။

လက်ဖက်ရည်သောက်သူတွေ ကိစ္စကြီးငယ် သောင်ရွက် သူတွေကြားမှာ မှုန်က ခပ်ဖွဖွဲကျနေသော မြူနှင်းတို့ကို ငေးကြည့်မိစဉ်

"မှုန်"

"ဟင် ဒေါက်တာ"

ခေါ်သံကြောင့် ကြည့်မိတော့ နောင်လတ်ကို တွေ့ရသည်။

"ကျွန်တော်ပါလာလို့ မှုန်စိတ်ထဲ အနှောင့်အယှက် မဖြစ်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အို ဘာဆိုင်လို့လဲ"

"အဟွန်း တော်သေးတာပေါ့ဗျာ"

အနီးကပ် သူ့အပြုံးကို မြင်ရတော့ ခင်မင်ဖွယ် လူ တစ်ယောက်ပါလားဟု သူမစိတ်ထဲ ဘာကြောင့် ထင်မိရတာပါ လိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်သို့ ညနေမှရောက်၏။ သူတို့အုပ်စု ဟိုတယ်မှာ ခဏအနားယူပြီး ရေချိုးကြသည်။

"တောင်ပေါ်ကို စားသောက်ပြီးမှ တက်မယ်မဟုတ်လား ဝေ"

"ဟုတ်တယ် ကိုဇံ၊ ညဘက် အေးအေးဆေးဆေး ဖူးကြတာပေါ့"

စိတ်ဆန္ဒစောသူများက အရင်တက်သွားကြပြီ။ သူမတို့ အုပ်စုက ရေချိုးပြီး အေးဆေးစွာ စားသောက်ကြသည်။

"ဒီလိုမျိုး ခရီးထွက်လာတော့လည်း တစ်မျိုးပျော်စရာကောင်း သားပဲနော်"

သူတို့လေးယောက် စားစရာများ မှာထားစဉ် နောင်လတ်



က ပြော၏။ မြဇံကပြုံးကာ...

"ဟိုတ်ကောင် နောင်လတ် မင်းဘာကြောင့် ပျော်နေတာလဲဆိုတာ ငါသိတယ်နော်"

"အဟွန်း...ဟွန်း သိရင်လည်း တိတ်တိတ်နေဗျာ"

သူတို့ ဘာကိုပြောတယ်ဆိုတာ မွန်သိတာကြောင့် မျက်နှာလေး ပန်းနုရောင်သန်းချင်၏။ ဝေက ပြုံး၍

"မွန်ကော မပျော်ဘူးလားဟင်"

"အင်း...ဘုရားဖူးရတာဆိုတော့ စိတ်ချမ်းသာပါတယ် ဝေ"

"အဟင်း ကိုနောင်လတ်ရေ မွန့်ကို ဒီခရီးပါဖို့ မနည်းခေါ်လာရတာ၊ သူ့သားကို စိတ်မချလို့လေ"

နောင်လတ်က မွန့်ကို လှမ်းကြည့်၏။ မွန်နှင့် အကြည့်ချင်းဆုံသည်။

"တူးတူးလေး နေကောင်းသွားပြီနော် မွန်"

"ဟုတ်ကဲ့ ဒေါက်တာ၊ ကျေးဇူးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာဗျာ၊ မွန် အပြုအစုကောင်းလို့ပါ"

မြစံက နောင်လတ်နှင့် မွန့်ကိုကြည့်ကာ…

"နေပါဦး မင်းတို့က တူးတူးလေးအကြောင်း ပြောနေတယ်ဆိုတော့"

"အို ကိုစံကလည်း ဝေ တစ်ခါပြောဖူးတယ်လေ၊ တူးတူးလေး ညဘက်ဖျားလို့ မွန်က ကိုနောင်လတ်ကို ခေါ်တယ်ဆိုတာ"

"ဪ…ဪ"

ယခုမှ မြစံ သတိရသွားပုံနှင့် ခေါင်းညိတ်၏။

"အင်း လူတွေများ အရေးအကြောင်းရှိ ကိုယ်အားကိုးတဲ့ လူတွေကိုပဲ သတိရတယ်ဆိုတာ တယ်မှန်တာပါလား"

"မြစံနော် အဲဒီအချိန် မွန်က မင်းကို လှမ်းခေါ်ရင် လာနိုင်လို့လား"

"ဟဲ ဟဲ ဘယ်လာနိုင်လိမ့်မလဲဗျာ၊ ဝေက အရေးကြီးတယ်လေ"

"ကိုစံ"





မျက်နှာနီနီလေးဖြင့် ဝေ အော်တော့ အားလုံးပြုံးသည်။

"ဟာ ကိုစံပြောတာက ညဘက်ဆို ဝေသရဲကြောက်တတ်တဲ့ အကြောင်းပါ"

မွန်က မျက်နှာနီနီလေးဖြင့် မျက်စောင်းထိုးကာ…

"ဟင်း…ဒါကြောင့် မခေါ်တာပေါ့၊ တကယ်တမ်း အားကိုးရတာလည်း မဟုတ်ဘဲနဲ့"

"ဟုတ်တာပေါ့၊ ဝေအားကိုးတာ ကိုနောင်လတ်ပဲ"

"ဟယ် မိဝေနော်"

နောင်လတ်ရှေ့ ပြောင်နောက်သော ဝေကို မွန် ခပ်ရှက်ရှက်ဖြင့် လှမ်းထုမိ၏။

"အဟင်း…အမှန်တွေပြောတော့ မွန့်ရှက်နေပြီ၊ ခုလည်း ကြည့်လေ ကိုနောင်လတ်အပေါ် ကြင်နာလို့သာ မွန်က စောင်သဘက်ပေးတာ မဟုတ်လား"

"အို အဲဒါက သူ အနွေးထည်မပါလို့"

သူမ အရမ်းရှက်နေမှန်းသိတော့ နောင်လတ်က…



www.burmeseclassic.com

www.burmeseclassic.com



"မစပါနဲ့ဗျာ၊ တော်ကြာ မွန်က ကျွန်တော့်ကို ပိုမုန်းနေပါဦးမယ်"

ဟု တားလိုက်ရသည်။ ထိုစဉ် စားစရာများ ရောက်လာတာမို့ ပူပူနွေးနွေး စားကြ၏။

"မွန် စားနော်"

နောင်လတ်က ဂရုတစိုက်ဖြင့် မွန့်ပန်းကန်ထဲ ဟင်းခပ်ထည့်ပေးလိုက်စဉ်

"ဟင်…ကိုနောင်လတ်က မွန့်ကို အသည်းဖတ်ထည့်ပေးတယ်"

"အို"

တကယ်ပဲ အသည်းဖြစ်နေတာကြောင့် မွန် နေရခက်သွား ဓား ချက်ချင်းပင် မြဇံက

"ဒေကိုလည်း ကိုဇံက အသည်းဖတ်ထည့်ပေးမှာပေါ့ဗျာ"

ဟု ပြောလျက် ဟင်းခပ်ထည့်ပေးလိုက်သော်လည်း





"အို ကြည့်စမ်း တောင်ပံရှိုးကြီးပါလား ကိုဇံ"

ဆိုတာကြောင့် အားလုံးပြုံးမိသွား၏။ အထူးသဖြင့် နောင်လတ်နှင့် မွန်တို့ မျက်လုံးချင်းဆုံသွားတာ ဘယ်သူမှ မသိလိုက်ပါ။ စားသောက် ပြီးနောက် ဘုရားပေါ်တက်ခဲ့ကြသည်။ ကျိုက်ထီးရိုးရင်ပြင်တွင် ဘုရားဖူးတို့နှင့် စည်ကားနေ၏။

ကျိုက်ထီးရိုးဆံတော်ရှင် စေတီမြတ်ကြီးက ညအမှောင်အောက်တွင် ရွှေရောင်တဝင်းဝင်းဖြင့် အလွန်ပဲ ကြည်ညိုသပ္ပာယ်စရာကောင်းလှသည်။

"ကျိုက်ထီးရိုးဘုရားကို မင်းဘယ်နှစ်ခါ ဖူးပြီးပြီလဲဟင်"

"ဒီတစ်ခေါက်နဲ့ဆို ငါးကြိမ်ရှိပါပြီ ကိုနောင်လတ်၊ ကိုနောင်လတ်ကော"

"အဟွန်း ကိုယ်က ဒါနဲ့ဆို သုံးခါပဲ ရှိသေးတယ် မွန်"

"ဩော်"

ကျိုက်ထီးရိုးဆံတော်ရှင် စေတီမြတ်ကြီးအားလုံး နေရာအသီးသီးမှနေ၍ ကြည်ညိုစွာ ဖူးမျှော်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို စိတ်နှလုံး အေးချမ်းဖွယ်ဖြစ်သည်။ စိတ်ထဲကြည်လင်လန်းဆန်းလျက် ဖူးမျှော်လို့မဆုံးနိုင်ပါ။

ဟိုတယ်သို့ ပြန်ရောက်တော့ ညမိုးချုပ်ပြီ။ လေသာဆောင်မှာ ခဏထိုင်ဖြစ်သည်။

"ဘာတွေဆုတောင်းလဲ မွန်"

"ဟင် သြော် ဒီလိုပါပဲ ဒေါက်တာ"

ကိုမြဖိုးနှင့် ဝေက အနီးအနားလျှောက်ကြည့်မည်ဟု ပြောပြီး ထွက်သွားတာကြောင့် သူနှင့်မွန် နှစ်ယောက်တည်း။

"အဟွန်း ကျွန်တော်ကတော့ ဒီဘဝမှာ ကိုယ်ချစ်ရသူနဲ့ဆုံပါစေလို့ ဆုတောင်းတယ် မွန်"

"ဒေါက်တာလို အစစအရာရာ ပြည့်စုံတဲ့ လူတစ်ယောက်က ဆုတောင်းပြည့်မှာပါ"

"တကယ်လား မွန်"

"ရှင်"

"ကိုယ်ချစ်တဲ့သူဆိုတာ မွန်ကို ပြောတာပဲ"





"အို"

ညလေပြေမှာ သူ့ထံက သင်းပျံ့လတ်ဆတ်သော ကိုယ်သင်းနံ့ကြောင့် သူမစိတ်တို့ လှုပ်ရှားချင်လာရ၏။

"ဖြစ်နိုင်ရင် ဒီမှာပဲ ကိုယ့်ကို အဖြေပေးပါလား မွန်ရယ်၊ ကိုယ်လေ မွန်နဲ့အတူ သစ္စာဆိုသွားချင်တယ်"

"သစ္စာဆိုမယ် ဟုတ်လား ဒေါက်တာ"

လှပသော မျက်လုံးဝိုင်းလေးများဖြင့် ကြည့်၍ သူမမေးတော့ သူခေါင်းညိတ်သည်။

"ဟုတ်တယ် မွန်၊ ဒီအချိန် ဒီရက်ကစပြီး ကိုယ့်ဘဝမှာ မွန်ကလွဲလို့ ဘယ်လိုမိန်းမကိုမှ စိတ်မကူးတော့ပါဘူးလို့၊ ဒီတစ်သက် မွန့်ကိုသာ သစ္စာရှိရှိ ချစ်မြတ်နိုးပါမယ်လို့လေ"

လေးနက်သော သူ၏သစ္စာစကားတွေကြောင့် သူမရင်ထဲ လှိုက်ဖြာသွားသလိုပါပဲ။

"ကျွန်မက မချစ်နိုင်ဘူးဆိုရင်ကော"

"ဒီဘဝ ကျွန်တော် ဘယ်တော့မှ အိမ်ထောင်မပြုတော့

www.burmeseclassic.com

www.burmeseclassic.com



ဘူး မှန်၊ ဒါပေမယ့် ကျွန်တော်ဟာ သွေးသားနဲ့ ယောကျ်ား တစ်ယောက်မို့ ပျော်သလိုတော့ နေမိလိမ့်မယ်ထင်တယ်''

''ဒေါက်တာ ကျွန်မကို ခြိမ်းခြောက်နေတာလားဟင်''

သူမကြောင့် လူတစ်ယောက် ပျက်စီးသွားမှာမျိုး မလိုချင်ပါ။ သူမမေးတော့ သူ ခေါင်းခါယမ်းသည်။

''နှလုံးသားက အချစ်စစ်၊ အချစ်မှန်ဆိုတာ ဘယ်လိုအရာမျိုးနဲ့မှ ယှဉ်လို့မရဘူးဆိုတာ ကျွန်တော်နားလည်ပါတယ် မှန်၊ ဒါကြောင့် မှန့်ကို ခြိမ်းခြောက်စရာမလိုဘူးလေ၊ သေချာတာက ကျွန်တော့်ဘဝမှာ မှန်ဟာ အချစ်ဦးဆိုတာပါပဲ''

''ဒေါက်တာရယ်''

ဝေကာတစ်ဆင့် သူ့သတင်းတွေ ဆက်တိုက်ကြားခဲ့ရပါသည်။ အရင်က မိန်းကလေးတွေနှင့် ပတ်သက်လျှင် ရှုပ်ထွေးသောသူက နောက်ပိုင်း လုံးဝငြိမ်သက်သွားတယ်ဟူ၍ပင်။

''သစ္စာဆိုပြီးရင် ပျက်လို့မဖြစ်ဘူးနော်၊ ဒေါက်တာ ကိုယ့်စိတ်ကိုထိန်းနိုင်ရဲ့လားဟင်''





''မှန် အဲဒီလိုမယုံတာတွေကြောင့် ကျွန်တော်က ဟောဒီ တန်ခိုးကြီးဘုရားမှာ သစ္စာပြုသွားချင်တာပါ''

''ဒါဆို မနက်ဖြန်ကြရင် ဒေါက်တာရဲ့ သစ္စာစကားကို ကျွန်မ နားထောင်ပါ့မယ်''

''ဟင် မှန်''

''ကျွန်မ အိပ်ချင်ပြီ ဒေါက်တာ''

သူ့ကိုထားခဲ့ပြီး မှန် ထွက်လာခဲ့၏။ သူတစ်ယောက်တည်း ကျန်ကာ ဝမ်းသာရမလိုလို။ သေချာတာက မနက်ဖြန်မှစကာ မှန်သည် သူ၏အချစ်ကို လက်ခံမည်ဆိုတာပဲ။

✥▯✥



www.burmeseclassic.com

www.burmeseclassic.com

အပြန်လမ်းခရီးမှာတော့ ပုံစံတစ်မျိုးဖြစ်သွားသည်။ ဒေါက်တာ နောင်လတ်နှင့် မွန်က ထိုင်ခုံတစ်ခုတည်း ဖြစ်သွားလျက် ဒေါက်တာ မြစံနဲ့ ဝေတို့က နောက်ခုံမှာ အတူထိုင်ဖြစ်သွား၏။

"မနက်ဖြန် မွန့်ကို မောင်လာကြိုမယ်နော်"

"အို မကြိုပါနဲ့၊ မွန့်ဘာသာသွားပါ့မယ်"

သူတို့က လေသံမျှ ပြောနေပေမယ့် ဒေါက်တာမြစံနှင့် ဝေတို့ကတော့ အကြောင်းသိမို့ ပြုံးနေကြသည်။

"ဘာလဲ မွန်၊ မောင် ဘုရားပေါ်မှာ ဆိုခဲ့တဲ့ သစ္စာကို မယုံဘူးလား"

မျက်နှာပျက်သလို နောင်လတ်မေးတော့ မွန် ခေါင်းခါ ယမ်း၏။





"အဲဒီလိုမဟုတ်ပါဘူး ယုံလို့ပဲ"

"ဘာဖြစ်လဲ မွန်"

"ဟင်း မသိသေးဘူးလား၊ ယုံလို့ မောင့်ကိုချစ်တယ်လို့ မွန် ပြောခဲ့တာပေါ့ရှင့်"

"အဟွန်း ဟွန်း မွန်ရယ်"

သဘောကျစွာ ရယ်လိုက်သော သူ့အသံက အနည်းငယ် ကျယ်လောင်သွားလေတော့

"အို ဘာကြောင့် ဒီလောက်ရယ်နေတာလဲ၊ သူများတွေ ကြည့် ကုန်ပြီရှင့်"

"ဘယ်သူမှမကြည့်ပါဘူး မွန်ရယ်၊ မွန်က သိပ်ရှက်တတ်တာပဲကိုး၊ ကဲ ပြော မနက်ဖြန် ဘာကြောင့် မောင့်ကို လာမကြို စေချင်တာလဲ မွန်"

ချစ်သူပူပူနွေးနွေးလေးကို မခွဲလိုသော သူက မနက်ဖြန် လာကြိုမည်ဆိုတာ မလွန်ပါ။ သို့သော် သူမအနေဖြင့် [illegible] ဒီလိုသွားလာရမှာကို ရှက်သလိုပင်။

www.burmeseclassic.com



နောက်တစ်ခုက တူးတူးလေးအနေဖြင့် တစ်မျိုးမြင်ကာ စိတ်အားငယ်သွားမှာ စိုးတာကို ဖြစ်၏။

"မောင် ပင်ပန်းမှာစိုးလို့ပါကွယ်"

"လုံးဝမပင်ပန်းဘူး၊ မှန်ကိုသာ တွေ့ရမယ်ဆိုရင် မိုင်တစ်ထောင်ခရီးလည်း မောင်ရောက်အောင်လာမှာပဲ မှန်"

"ဟင်း...တော်ပါ၊ စကားကတော့ တကယ်အပြောကောင်းတယ်နော်၊ ဒီလိုနဲ့ ကောင်မလေး ဘယ်နှစ်ယောက်ပါခဲ့ပြီလဲ ပြော"

မနာလိုဟန်လေးဖြင့် သူမမေးတော့ သူပြုံးသည်။

"ဒီလောက် စကားအပြောကောင်းတာတော့ ဟောဒီ ကောင်မလေးတစ်ယောက်ပဲ မောင့်နောက်ပါသေးတယ်ဗျာ"

"အို မယုံပါဘူး"

"မယုံရင်"

"မောင်နော် ကားပေါ်မှာ"

မျက်စောင်းလေးထိုးကာ သူမ သတိပေးတော့ သူပြုံး





စေ့စေ့။ သူက သူမလက်လေးကို တင်းတင်းဆုပ်ကိုင်ပြီး...

"မောင်တော့ မှန်နဲ့ မခွဲချင်တော့ဘူး"

"အို ဘာတွေပြောနေတာလဲ"

မျက်နှာနီနီလေးဖြင့် သူမက လက်ကို ပြန်ဆွဲယူ၏။ သူက လွှတ်မပေးဘဲ

"တကယ်ပြောတာ မောင်တို့ အမြန်ဆုံး လက်ထပ်ကြရအောင် မှန်"

"မောင်နော် ဟိုမှာ ကားရပ်ပြီ၊ ဝေတို့တောင် အောက်ဆင်းတော့မယ်၊ ဖယ်"

လမ်းခရီးမှာ တစ်ထောက်နားပြန်တာမို့ သူတို့ အောက်ဆင်းခဲ့ကြသည်။

"သူများတွေအားလုံး အောက်ရောက်ကုန်ပြီ၊ မင်းတို့က ဘာကြောင့် နောက်ကျတာလဲ နောင်လတ်"

"အို ကိုမြဖကြီးနော် လျှောက်မနောက်နဲ့"

နောင်လတ် မဖြေခင် မှန်က မျက်နှာနီနီလေးဖြင့်

www.burmeseclassic.com



ရန်ထောင်၏။

"အေးလေ···ကိုဇံက မွန် ရှက်နေပါတယ်ဆိုမှ အလိုက်ကိုမသိဘူး၊ လာ မွန်"

ဝေက မွန့်ကိုစောင့်၍ ဆိုင်ထဲဝင်ခဲ့၏။ နောင်လတ်နှင့် မြဇံက နောက်မှပါလာသည်။

"ဘယ်လိုလဲ အဆင်ပြေရဲ့လား နောင်လတ်"

မြဇံက နောင်လတ်ကို တိုးတိုးကပ်မေး၏။

"အင်း အဆင်ပြေဖာယ်ထင်ရတာပဲ မြဇံ"

"အလို မင်းစကားက မရေမရာနဲ့ပါလား နောင်လတ်"

"အေးကွာ မွန်က ငါ့ကို စိတ်ချလက်ချ မယုံသလိုပဲကွ"

"ဒါဆို နိုးပြေးကွာ"

"အဟွန်း ငါ့စိတ်အလိုဆို ပြေးပြီပေါ့ကွာ၊ မွန့်ကိုညာနေတာနဲ့"

မြဇံ ရှောတ်ပေးစရာမလိုအောင် သူက မွန့်အနားမှ ခွာချင်သူ ပောတ်ပေ။





"ကိုနောင်လတ်ရဲ့ မျက်လုံးတွေက မွန့်အပေါ် တစ်ချိန်လုံးပဲ၊ သူတကယ် လေးလေးနက်နက် ချစ်တယ်ဆိုတာ သေချာတယ် ဝေ"

"မွန်လည်း ယုံချင်ပါတယ် ဝေ၊ ဒါကြောင့်လည်း နိုင်မာစွာ ဆုံးဖြတ်ထားတာကိုတောင်မှ ပယ်ဖျက်ပြီး သူ့ကို လက်ခံခဲ့တာပါ"

"ဝေကတော့ ထင်တယ်လေ၊ မွန် ကံကောင်းမှာပါ၊ ရန်ကုန်ရောက်ရင် ကိုနောင်လတ်နဲ့ မွန်ကို ဝေတို့အိမ်မှာ တစ်ရက်သပ်သပ် ထမင်းဖိတ်ကျွေးဦးမယ်"

ထိုစဉ် နောင်လတ်နှင့် မြဇံတို့ ရောက်လာ၏။

"ဘာတွေတိုင်ပင်နေကြတာလဲ ဝေ"

မျက်နှာချင်းဆိုင် ဝင်ထိုင်ရင်း မြဇံက မေးသည်။ နောင်လတ်က မွန့်ကိုကြည့်ကာ···

"ဘာမှာထားလဲ မွန်"

"အားလုံးအတွက် လက်ဖက်ရည်ပဲ"

www.burmeseclassic.com



သူ့ကို မောင်ဟုထည့်မခေါ်တာ သတိပြုမိ၏။ လူရှေ့ခေါ်ရမှာ မွန်က ရှက်နေသလား။

"ဘာမှတိုင်ပင်တာ မဟုတ်ဘူး ကိုဇံ၊ ရန်ကုန်ရောက်ရင် ကိုနောင်လတ်နဲ့ မွန်ကို ဝေတို့ ထမင်းဖိတ်ကျွေးမလားလို့"

"ဟာ ကောင်းတာပေါ့၊ ကိုယ့်မိန်းမလက်ရာ ဘယ်လောက်ကောင်းတယ်ဆိုတာ ကြွားရတာပေါ့"

"ကိုဇံနော် စကားအကောင်းပြောရင်"

ဝေ မျက်စောင်းထိုးတော့ မြဇံ ပခုံးတွန့်၏။ ပျော်တတ်သော မြဇံကြောင့် ဝေမှာ အမြဲနောက်ပြောင်ခံနေရတတ်သည်။

"ကဲ ဒါဆို မနက်ဖြန်ပဲ ချိန်းလိုက်ကြရအောင်၊ ကိုနောင်လတ်နဲ့ မွန် လာမယ်မဟုတ်လား"

"ခရီးပင်ပန်းတာနဲ့ ဝေ ဆက်ပြီး ပင်ပန်းနေပါ့မယ်၊ မွန်တို့နောက်မှပဲ"

"ဟုတ်ပါတယ် မဝေ၊ ကျွန်တော်တို့အတွက် အပင်ပန်းမခံပါနဲ့"





သူတို့ငြင်းတော့ မြဇံက ဝင်နောက်ပြန်၏။

"ဒီမိန်းမက အလိုက်ကိုမသိဘူး၊ မင်းထမင်းစားရဖို့ထက် ပူပူနွေးနွေး သူတို့ချစ်သူနှစ်ယောက်မှာ အရေးကြီးတဲ့ကိစ္စတွေ တိုင်ပင်စရာရှိတယ်ကွ"

"အို ကိုမြဇံကြီးနော် မွန်တို့မှာ ဘာမှတိုင်ပင်စရာ မရှိဘူး"

နောင်လတ်က ပြုံးရွှံသာနေ၏။ မြဇံက နောင်လတ်ဘက် လှည့်ကာ

"မွန့်ဘက်က မရှိပေမယ့် မင်းဘက်က ရှိတယ်မဟုတ်လား နောင်လတ်"

"အပွန်း ရှိတာပေါ့ဗျာ၊ မွန့်နဲ့ ဆွေးနွေးတိုင်ပင်ရမယ့်ကိစ္စတွေ"

"ကဲ ကြားတယ်မဟုတ်လား မွန်နဲ့ဝေ၊ ဒီတော့ မနက်ဖြန် မင်းတို့ ဘယ်မှာတွေ့မလဲ နောင်လတ်"

နောင်လတ်က မွန့်ကို လှမ်းကြည့်၏။

"မနက်ဖြန် ကိုယ်လာခေါ်မယ်နော် မွန်"



www.burmeseclassic.com

www.burmeseclassic.com



"အို မခေါ်ပါနဲ့ဆို"

မှူလအစကို ပြန်ရောက်သွားလျက် နှစ်ယောက်သား ငြင်းခုံကြ၏။ ထိုအချိန်မှာပဲ ကားပေါ်သို့ လူတွေပြန်တက်နေပြီ။

"ဒါဆို မွန်ကို မောင် လမ်းထိပ်က စောင့်နေမယ်"

ကားထွက်လာတဲ့အထိ သူတို့ဆွေးနွေးမှု မပြီးသေးပေ။ မွန် သက်ပြင်းလေးချကာ…

"ကဲ ကဲ စောင့်နေ ဟုတ်လား"

"အဟွန်း ဒီလိုမှပေါ့၊ မနက်ဖြန် ကိုးနာရီနော်"

"အို အစောကြီး"

"မစောဘူးဗျ၊ ဖြစ်နိုင်ရင် မိုးလင်းကတည်းက မောင်လာစောင့်နေချင်တာ မွန်ရဲ့"

သူ့ ခပ်သဲသဲဟန်ကြောင့် လူငယ်လေးတစ်ယောက်ပုံဖြစ်လျှက် သူမ ရင်ခုန်ချင်ရ၏။

"ကောင်းပြီလေ၊ မနက်ဖြန် ကိုးနာရီ မွန်ထွက်လာခဲ့မယ်"

"သေချာတယ်နော်၊ မွန်မလာရင် မောင်လိုက်လာမှာပဲ"





"အို ဘယ်လိုဖြစ်နေတာလဲ၊ လာပါ့မယ်ဆိုတာ"

သူမ မျက်စောင်းလေး ထိုးပစ်လိုက်သည်။

"မနက်ဖြန်တစ်ရက်ဟာ မောင့်အတွက်တော့ အဓေးကြီးပဲ မွန်"

"ဟင်း ပိုပြီနော်၊ ဒီလိုမျိုးတွေ ဘယ်သူတွေကို ချွဲလာလဲ"

"ဒီကောင်မလေးကို"

သူမ မျက်လုံးများကို စိုက်ကြည့်လျက် သူပြောတာကြောင့် မျက်လွှာအမြန်ချလိုက်မိ၏။ သူနှင့် မျက်လုံးချင်း ကြာကြာဆုံလျှင် သူမစိတ်တွေ ထိန်းနိုင်တော့မည်မဟုတ်။ သူ့ရင်ခွင်ထဲ ဝင်ရောက်ခိုလှုံမိမည်ထင်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာ ဘာပြောလိုက်တယ် မာမီ၊ တူးတူးလေးဖျားလို့ ကိုဇေယျ ဆေးခန်းသွားပြတယ် ဟုတ်လား"

ခရီးမှ ရောက်မဆိုက် မာမီ၏သတင်းပေးမှုကြောင့် သူမ ရင်ထဲ အမောဆို့သွားသည်။

ဪသက်မွန်က ညင်သာစွာ ခေါင်းညိတ်လျက်

"ဟုတ်တယ် သမီး၊ သမီးသွားပြီး နောက်ရက်မှာ တီတီ တီတီခေါ်ပြီး အဖျားတွေတက်တော့တာပဲ"

"အို"

တူးတူးလေးနှင့် နေလာစဉ်အတွင်း ဒီလို ခွဲထွက်သွားဖူးတာ သူမအတွက် ဒါပထမဆုံးအကြိမ်ဖြစ်၏။

တစ်ခါမှမခွဲဖူးတာမို့ ကလေးက လွမ်းဖျားဖျားတာ ဖြစ်





မည်။

"အဲဒါနဲ့ မာမီလည်း မောင်ဇေယျာကို ခေါ်လိုက်ရတယ်၊ ဒီတော့မှ သမီး ခရီးသွားမှန်း မောင်ဇေယျလည်း သိတာ"

"ခုကော တူးတူးသက်သာရဲ့လား မာမီ"

သူမ စိုးရိမ်စွာမေးလိုက်မိ၏။

"မနေ့က ဆေးတစ်လုံးထိုးတော့ ဒီနေ့ နည်းနည်းလန်းပါတယ်၊ မောင်ဇေယျက စိတ်မချသေးလို့ ထပ်ပြဖို့ခေါ်သွားတာ၊ ဆေးခန်းကအပြန် တူးတူးကို ကစားကွင်းလိုက်ပို့မယ်လည်း ပြောတယ်"

"အို ကလေးပင်ပန်းမှာပေါ့၊ မဖြစ်ဘူး ကိုဇေယျဆီ ဖုန်းဆက် မှပဲ"

ပြောပြောဆိုဆို သူမ နေရာမှထမည်ပြင်တော့...

"မဆက်ပါနဲ့ သမီး၊ မာမီအနေနဲ့ သမီးကို စကားပြော စရာရှိတယ်"

"ဘာများလဲ မာမီ"



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ မာမီက သူမကို တည်ငြိမ်စွာကြည့်၏။

"ဒီရက်ပိုင်းမှာ မာမီသေချာစဉ်းစားတယ် သမီး"

"ဘာကို စဉ်းစားတာလဲ မာမီ"

"သမီးနဲ့ တူးတူးလေးတို့ရဲ့ သံယောဇဉ်ကိုပေါ့ကွယ်၊ သမီးနဲ့ တူးတူးတို့ဟာ အဒေါ်နဲ့တူ ဆိုတာထက် အမေနဲ့သားရဲ့ သံယောဇဉ်လို ခိုင်မြဲနေပြီလေ၊ ဒီတော့ သမီးတို့နှစ်ယောက်ဟာ ဒီဘဝမှာ ဘယ်လိုအကြောင်းမျိုးနဲ့မှ ခွဲလို့မဖြစ်ဘူး"

"မွန်ကလည်း သားလေးနဲ့ခွဲဖို့ စိတ်မကူးပါဘူး မာမီ"

သူမ ခဏလေးခွဲသွားတာတောင် ကလေးက ဒီလိုဖြစ်နေလျှင် တစ်သက်စာ ခွဲမိလို့ကတော့ ဘာတွေဖြစ်လာမလဲ။

"ကိုယ်က ဘယ်လိုပဲမခွဲဘူးပြောပြော တစ်နေ့တော့ ခွဲကြရမှာပဲလေ၊ ဒီတော့ တစ်သက်လုံး မခွဲရအောင်လို့ မာမီအနေနဲ့ သမီးကို မောင်ဇေယျနဲ့ လက်ထပ်ပေးချင်တယ်"

"ရှင်"

မာမီထံမှ မမျှော်လင့်သော စကားကြောင့် သူမ အကြီး





အကျယ် အံ့သြသွား၏။ မာမီကတော့ အေးအေးဆေးဆေးပင်။

"မောင်ဇေယျကလည်း သမီးကို လက်ထပ်ပါရစေလို့ မာမ့်ဆီ ခွင့်တောင်းတယ်"

"ရှင် ကိုဇေယျက"

"ဟုတ်တယ် သမီး၊ မောင်ဇေယျလည်း အသက်ငယ်သေးတော့ တစ်နေ့ အိမ်ထောင်ပြုမှာပဲလေ၊ မောင်ဇေယျရဲ့ အိမ်ထောင်ဖက်ဟာ ဘာပဲဖြစ်ဖြစ် တူးတူးရဲ့ မိခင်တော်ရမှာပဲ မဟုတ်လား၊ ဒီတော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်တာ အကောင်းဆုံးပဲ သမီး၊ ဒါမှ မာမီတို့မိသားစုအားလုံး တစ်သက်တာ မခွဲခွာရမှာ"

သည်စကားတွေကို ဘယ်အချိန်ကတည်းကများ မာမ့်ထံ ကိုဇေယျ နားသွင်းထားပါလိမ့်။ သူမ ခေါင်းခါယမ်းလိုက်သည်။

"မွန် ကိုဇေယျကို လက်မထပ်နိုင်ပါဘူး မာမီ"

"ဟင်"

"ဟုတ်တယ် မာမီ၊ ကိုဇေယျအပေါ် အစ်ကိုတစ်ယောက်ဒီ



www.burmeseclassic.com

www.burmeseclassic.com



ထက်ပိုပြီး မွန် သဘောမထားနိုင်ဘူး''

''ဒါဆို တူးတူးလေးကို သမီး စွန့်လွှတ်မှာလား''

''အို ဘာကြောင့် စွန့်လွှတ်ရမှာလဲ မာမီ၊ ကိုဇေယျာဘာ သာ ကြိုက်တဲ့မိန်းမနဲ့ ယူပါစေ၊ မွန်က သားကိုခေါ်ထားမှာပဲ''

သည်တော့ မာမီက ခပ်မဲ့မဲ့ပြုး၏။

''ဒီလိုဆို သမီးက ဒီတစ်သက် အိမ်ထောင်မပြုတော့ဘူး တဲ့လားဟင်''

''ဒါကတော့''

''အေး သမီးလည်း တစ်နေ့ အိမ်ထောင်ပြုမှာပဲ၊ မောင်ဇေယျာကလည်း သူ့သားကို အချိန်တန်ရင် မြန်မာပြန်မှာပဲ၊ ဒီမှာပဲ မာမီဟာ အားလုံးကို စွန့်လွှတ်ရတော့မယ်၊ တူးတူးကို သမီးက မိထွေးနဲ့ထားနိုင်တယ်ပေါ့လေ''

မာမီ့အမေးကြောင့် သူမမျက်နှာ ပျက်လေ၏။ မည်သည့် နည်းနဲ့မှ တူးတူးကို သူမ မခွဲနိုင်ပါ။

''မထားနိုင်ပါဘူး မာမီ''





''ဒါဆို မာမီ့စကားကို နားထောင်ပါ၊ အသက်ကြီးမှ မာမီလည်း မြေးလေးနဲ့ မခွဲပါရစေနဲ့''

''မာမီရယ်''

''မိသားစုအားလုံး စုစည်းဖို့ဆိုတာ သမီးအပေါ်မှာပဲ မူတည်နေတယ်၊ ကဲ ကဲ သမီးလည်း ခရီးပန်းလာပြီ၊ အနားယူ တော့''

လေးလံသောခြေလှမ်းများဖြင့် သူမအခန်းထဲ ဝင်ခဲ့၏။ ဒါကြောင့် အကြံရှိသော ကိုဇေယျာက ဒီရက်ပိုင်းတွေမှာ အိမ်သို့ ဆက်တိုက် ဝင်ထွက်နေတာကိုး။

မောင်...

ပူပူနွေးနွေး သူမချစ်သူ ဒေါက်တာနောင်လတ်။

မောင့်ကို ယုံကြည်လာ၍ မောင့်အချစ်ကို လက်ခံခဲ့ပြီးကာမှ ဒီအဖြစ်တွေ လာကြုံရတယ်လို့။ ဒီအကြောင်းတွေ မောင်သာကြား လျှင် သူမကို ချက်ချင်းလက်ထပ်ဖို့ ပြောမည်ထင်။

ထိုစဉ်



www.burmeseclassic.com

www.burmeseclassic.com



"တီတီ…တီတီ"

"ဟင် သား"

လက်ထဲမှာ အရုပ်ကြီးနှင့် တူးတူးလေး အခန်းထဲဝင်လာ၏။ တူးတူးလေးနောက်မှာ ကိုဇေယျ။

"မွန် စောစောကပဲ ပြန်ရောက်တယ်ဆို"

"ဟုတ်တယ် ကိုဇေယျ"

မျက်လွှာပင့်မကြည့်ဘဲ သူမ ဖြေလိုက်၏။ ကိုဇေယျက အခန်းဝမှာ ရပ်နေသည်။

"ကိုယ့်ကို ဖုန်းဆက်လိုက်ရောပေါ့ မွန်၊ ကိုယ်လာကြို မှာပေါ့ကွယ်"

"ရပါတယ် ကိုဇေယျ၊ မွန်တောင် ပြန်ရောက်နေပြီပဲ၊ ဒါနဲ့ သားကို ဆေးခန်းသွားပြတာဆို"

"ဟုတ်တယ် မွန်၊ သားက မွန့်ကို လွမ်းပြီးဖျားတာလေ၊ တစ်ချိန်လုံး မွန့်ကိုပဲ မေးနေတာ၊ ခုတော့ သက်သာသွားပါပြီ"

မွန်က တူးတူးလေးကို ပွေ့ချီလျက် ပါးချင်းအပ်လိုက်၏။





"ကလေးရယ် တီတီကို လွမ်းနေတာလား"

"တီတီ အကြာကြီး ဘယ်သွားနေတာလဲဟင်"

လက်ချောင်းနုနုလေးများဖြင့် သူမပါးကို တို့ထိပြီး တူးတူးက လွမ်းဆွတ်စွာမေး၏။ သူမက မချိပြုံးဖြင့်…

"ဘုရားသွားဖူးတာပါကွယ်၊ နောက်ဆို သားကိုခွဲပြီး တီတီ ဘယ်မှမသွားတော့ဘူးနော်"

"တကယ်လား တီတီ"

မယုံဟန်ဖြင့် တူးတူးမေးတော့ သူမရင်နာသွားရ၏။ ထို့ကြောင့် တူးတူးကိုယ်လေးကို တင်းတင်းဖက်ကာ…

"တကယ်ပါ ကလေးရယ်၊ တကယ်ပါ"

ရစ်ဝဲလာသော အရည်ကြည်များကို မျက်တောင်ကော့များဖြင့် ပင့်ထုတ်လျက် သူမ အားယူဖြေလိုက်၏။ စိတ်ထဲမှာ တကယ်ပဲ နောင်ဘယ်တော့မှ တူးတူးကို မခွဲဖို့ ဆုံးဖြတ်လိုက်သည်။

"ကဲ သား၊ တီတီ ခရီးပန်းလာတယ်၊ နားပါစေဦးကွာ"

"ရပါတယ် ကိုဇေယျ၊ မွန်ကိုယ်တိုင်လည်း သားကို



www.burmeseclassic.com

www.burmeseclassic.com



လွမ်းနေတာပါ"

သည့်စကားကြောင့် ဧယျ ဝမ်းသာသွား၏။

"ဒါဆို ကိုယ်အပြင်မှာ မှာမီနဲ့ စကားပြောလိုက်ဦးမယ်"

"ဟုတ်ကဲ့"

ကိုဧယျ ထွက်သွားတော့ တူးတူးမျက်နှာကို လွမ်းဆွတ်စွာ သေချာပြန်ကြည့်သည်။

"သားသားက တကယ်ပဲ တီတီကို သတိရနေတာလား ဟင်"

"ဟုတ်ကဲ့"

"နည်းနည်းလေးလား၊ အများကြီးလားဟင် သား"

"အများကြီး"

"အို့ကွယ်"

ကိုဧယျ လက်ထပ်သွားလျှင်တောင် ဒီသားလေးကို မတွေ့နိုင်ပါ။ သို့သော် ဖခင်ရင်းဖြစ်တဲ့ ကိုဧယျက ပြန်ခေါ်သွားပါလျှင်





အို…ဟင့်အင်း ဒီကမ္ဘာလောကမှာ သူမနဲ့သားသားကို ဘယ်သူမှခွဲလို့မရဘူး။



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ့်ကို ပြောစရာရှိတယ်ဆိုတာ ဘာလဲ မွန်"

တူးတူးလေး အိပ်ပျော်သွားချိန်မှာ မွန်က ကိုဇေယျနှင့်အတူ ခြံထဲဆင်းခဲ့၏။

တိတ်ဆိတ်နေသော သူမကို ကိုဇေယျ မေးလာသည်။

ညည်တော့မှ သူမက ကိုဇေယျကို ဖျတ်ခနဲကြည့်ကာ…

"မာ့မီဆီမှာ မွန့်ကို လက်ထပ်ဖို့ ခွင့်တောင်းထားတယ်ဆိုတာ တကယ်ပဲလား ကိုဇေယျ"

"ဪ ဒီကိစ္စကို မာမီက ပြောလိုက်ပြီကိုး၊ ဒါလည်း ကောင်းပါတယ်လေ တကယ်တော့ ကိုယ်က မွန့်ကို အေးအေးဆေးဆေးမှ ပြောမလို့ပါပဲ။





သေချာစဉ်းစားတော့ ကိုယ်လည်း တစ်နေ့ အိမ်ထောင်ပြုမှာပဲလေ၊ ဒီတော့ သားကို တခြားမိန်းမလက်ထဲ ထည့်ထားရမှာ ကိုယ်စိတ်မချဘူး၊ မွန်နဲ့ဆို ကိုယ်တို့အားလုံး ပြိုကွဲစရာမလိုဘဲ နေရမယ်မဟုတ်လား"

ကိုဇေယျမှ ဣန္ဒြေမပျက် ပြောနေသမျှ နားထောင်နေရသော သူမကား ရင်ထဲပူလောင်လာ၏။

"နေပါဦး တကယ်လို့ ကိုဇေယျ အိမ်ထောင်ပြုသွားလည်း သားကို မွန်တို့နဲ့ တစ်သက်လုံး ထားခဲ့နိုင်တာပဲ မဟုတ်လား"

"ဘယ်လိုပြောလိုက်တာလဲ မွန်၊ ကိုယ်က ကိုယ့်သားကို တစ်သက်စာခွဲရမယ့် သဘောလား၊ နောက်ပြီး မွန်ကကော ဒီတစ်သက် အိမ်ထောင်မပြုတော့ဘူးတဲ့လားဟင်၊ မွန် အိမ်ထောင်ပြုတဲ့အခါ သားကို ဘယ်လိုလုပ်မလဲ"

နှစ်ယောက်သား ခြေလှမ်းများရပ်လျက် မျက်နှာချင်းဆိုင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မွန် အိမ်ထောင်ပြုခဲ့ရင်လည်း သားအပေါ် နားလည်လက်ခံတဲ့သူမှ လက်ထပ်မှာပါ ကိုဇေယျ"

သည်တော့ ကိုဇေယျက ခပ်မဲ့မဲ့ပြုံး၏။

"ဒါ ဘယ်လိုမှ မဖြစ်နိုင်တာလဲ၊ ဘယ်သူစိမ်းယောကျ်ားဘာမှ ကိုယ်နဲ့ သွေးသားမတော်တဲ့ ကလေးတစ်ယောက်ကို ကြည်ဖြူစွာ လက်ခံနိုင်မှာလဲ မွန်၊ တကယ်လို့ လက်ခံတယ်ဆိုရင်တောင်မှ ဒါဟာ ခက်တာပဲ မွန်၊ ကိုယ်ကလည်း ကိုယ့်သားကို ဘယ်သူစိမ်းလက်ထဲမှ မထည့်နိုင်ဘူး"

ကိုဇေယျ ပြတ်သားစွာ ပြောတော့ သူမမျက်နှာပျက်သွား၏။ ဘယ်လိုနည်းနဲ့ဖြစ်ပါစေ သူမနှင့် တူးတူးလေးတို့ ခွဲရမည့်အဖြစ်ပါလား။

"ကောင်းပြီလေ တူးတူးကို ပိုင်ဆိုင်တာက ကိုဇေယျဆိုတော့ မွန် ဘာတတ်နိုင်မှာလဲ၊ ကိုဇေယျ ပြန်ခေါ်တဲ့အချိန် ထည့်လိုက်ရုံပေါ့"

"ဟင်"





မွန်ထံမှ ဒီလိုစကားမျိုး ကြားရလိမ့်မည်ဟု ဇေယျ မမျှော်လင့်ခဲ့ပေ။ သူမျက်နှာပျက်လျက်

"မွန်က သားကို တကယ်ပဲ စွန့်လွှတ်နိုင်တယ်ပေါ့၊ ဟုတ်လား"

"အမှန်ပြောရရင် ကိုဇေယျသာ ပေးမယ်ဆိုရင် သားကို မွန် တစ်သက် မခွဲချင်ပါဘူး၊ ဒါပေမယ့် အခုအခြေအနေကတော့"

"ဒီမှာ မွန် ကိုယ့်အနေနဲ့ မွန့်ကို လက်ထပ်ချင်တယ်ဆိုတာ သားအတွက် တစ်ခုတည်းနဲ့တင် မဟုတ်ပါဘူး၊ ကိုယ်ကိုယ်တိုင်က မွန့်ကို ချစ်မြတ်နိုးလို့ပါ"

သူမ ခေါင်းခါယမ်းလိုက်၏။ ကိုဇေယျအပေါ် သူမ ဆန်းပြားသော စိတ်ထား၍ မရပါ။

"ဝမ်းနည်းပါတယ် ကိုဇေယျ၊ မမရဲ့ခင်ပွန်း ကိုဇေယျဟာ မွန့်အတွက်တော့ တစ်[illegible]တာ အစ်ကိုတစ်ယောက်ပါပဲ"

"ဪ မွန်က တူးတူးလေး ခံစားရမှာကို နည်းနည်းလေးမှ ထည့်မတွေးဘူးကိုး၊ မွန်က ဒီလောက်ထိ သံယော[illegible]



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုမှတော့ ကိုယ် တစ်ခုခုစဉ်းစားရမှာပေါ့လေ"

တကယ်ပဲ ကိုဇေယျ လက်ထပ်သွားလျှင် တူးတူးလေး အား ပြန်ပေးလိုက်ရမှာ တွေးတော့ သူမရင်မှာ နာကျင်ပေမယ့်

"မွန်ကတော့ သားကို မွန်တို့နဲ့ပဲ ထားခဲ့ဖို့ တောင်းဆိုပါ တယ် ကိုဇေယျ"

"လုံးဝမဖြစ်နိုင်ဘူး မွန်၊ မွန်တောင် သားကို ဒီလောက် တွယ်တာနေရင် ကိုယ်က သားရဲ့အဖေရင်းလေ၊ ပိုပြီး မခွဲနိုင်တာပေါ့၊ ကဲ ဒါဆို ကိုယ်တို့ အိမ်ထဲဝင်ကြစို့"

သူမလေးလံသော ခြေလှမ်းများဖြင့် အိမ်ထဲဝင်ခဲ့၏။ မာမီ က သူမတို့ကို အကဲခတ်ကာ

"ဘယ်လိုလဲ ဆွေးနွေးပြီးကြပြီလား"

ဟု မေးလာသည်။ ကိုဇေယျက မွန့်ဘက် တစ်ချက်လှည့် ကြည့်ပြီး

"မွန် ပြောပြပါလိမ့်မယ် မာမီ၊ ခုတော့ ကျွန်တော့်ကို ခွင့်ပြုပါဦး"





မျက်နှာပျက်စွာ နှုတ်ဆက်ပြီး ကိုဇေယျ ပြန်သွားသည်။ မာမီနဲ့သူမ နှစ်ယောက်တည်း ကျန်ခဲ့စဉ်...

"မောင်ဇေယျကို ငြင်းလိုက်တာလား မွန်"

တည်ကြည်သော မျက်နှာဖြင့် မာမီမေးလာ၏။ အပြစ်ရှိ သူတစ်ယောက်လို မာမီ့ကို မကြည့်ဘဲ သူမ ခေါင်းညိတ်လိုက် သည်။

"ဟုတ်ကဲ့ မာမီ၊ မွန့်အနေနဲ့ ကိုဇေယျအပေါ် အစ်ကို တစ်ယောက်လိုပဲ"

"တော်စမ်း အိမ်မွန်၊ ညည်း အဲဒီလိုငြင်းလိုက်တာဟာ တူးတူးလေးအတွက် လုံးဝထည့်မတွက်လို့လားဟင်"

ထိုအမေးကြောင့် မာမီကို သူမ မျက်လွှာပင့်ကြည့်မိ၏။

"တွက်ပါတယ် မာမီ၊ တူးတူးကို မွန်တို့ပဲ ခေါ်ထားဖို့"

"ဖြစ်နိုင်ပါ့မလား မွန်၊ မောင်ဇေယျက အဖေရင်းလေ၊ သူ့သားနဲ့သူ နေချင်မှာပေါ့၊ ညည်းဟာ သေဆုံးသွားတဲ့ အစ်မ မျက်နှာကိုတောင် မထောက်ဘဲ တူးတူးလေးကို စွန့်ရက်တယ်ပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



မိထွေးရဲ့လက်ထဲမှာ အနှိပ်စက်ခံနိုင်းတာလား မွန်''

''အို မာမီ''

ရက်စက်သော မာမီ၏ အမေးများကြောင့် သူမ မျက်ရည်ဝိုင်းသွားရသည်။

''မောင်ဖေယျာကို ညည်း လက်မခံမှတော့ တူးတူးလေးကို မိထွေးလက်ထဲ ထည့်လိုက်တာနဲ့ အတူတူပဲ မွန်၊ ဒီမှာသမီး မာမီဟာ အသက်ကြီးလှပါပြီ၊ ကျေးဇူးပြုပြီး မာမီမြေးလေးနဲ့ မခွဲပါရစေနဲ့၊ ဒီလိုပဲ မာမီမြေးလေးကို မိထွေးလက်ထဲ မထည့်လိုက်ပါနဲ့ကွယ်''

''အို မာမီရယ်''

တောင်းပန်တိုးလျှိုးစွာ ပြောလာသော မာမီကြောင့် သူမရင်မှာ နာကျင်လျက် နေရာက ထပြေးခဲ့၏။

''အဟင့် ဟင့် မောင်ရယ်၊ မွန် ဘယ်လိုဆုံးဖြတ်ရမလဲ''

ယခုမှ သူမအတွက် အခက်တွေ့တဲ့အဖြစ်ပါ။ တစ်ဖက်က ချစ်ရတဲ့ မောင်၊ တစ်ဖက်က ချစ်ရသော မာမီနှင့် တူးတူး။





ထိုနှစ်ဖက်မှာ ဘယ်သူ့ဖက် သူမယိမ်းရမလဲလေ။

''တီတီ တီတီ''

''ဟင် သား''

အိပ်ပျော်နေရာမှ တူးတူးလေးနိုးလာလျက် သူမကိုခေါ်ခြင်း။ သူမ အမြန်ရောက်သွား၏။

''သား သား တီတီရှိတယ်လေ''

''တီတီ သားနားက ဘယ်မှမသွားရဘူးနော်''

တူးတူးလေးက သူမရင်ခွင်ထဲ ခိုဝင်၍ ပြောလာသည်။ သူမရင်ထဲ နင့်ခနဲ ဖြစ်သွားလျက်...

''မသွားပါဘူးသားရယ်၊ တီတီ သားနားက ဘယ်မှ မသွားပါဘူး ကလေးရယ်''

တူးတူးကိုယ်လေးကို တင်းကြပ်စွာဖက်လျက် လေးနက်စွာ သူမပြောလိုက်၏။ စိတ်ချသွားဟန်ဖြင့် သူမရင်ခွင်မှာ တူးတူး ပြန်လည်အိပ်ပျော်သွားသည်။

နှစ်မြိုက်စွာ အိပ်ပျော်သွားတဲ့ သားကိုကြည့်ပြီး သူမရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မာစွာ ဆုံးဖြတ်မိတာက…

"မင်းအတွက် တီတီရဲ့ နှလုံးသားကို အပြီးတိုင် စွန့်လွှတ်လိုက်ပါတော့မယ် ကလေးရယ်"

မောင့်မျက်နှာကို မြင်ယောင်ရင်း ရင်နာစွာ သူမ ပြောမိသည်။

မောင်ကတော့ သူမကို ရက်စက်တဲ့ မိန်းမအဖြစ် မြင်မည်မှာ သေချာ၏။

"မွန့်ကိုခွင့်လွှတ်ပါ မောင်ရယ်"

ထိုတစ်ညလုံး သူမ အိပ်မပျော်။ မနက်ဖြန် မောင်နှင့်တွေ့လျှင် ပြောရမည့်စကားတွေကို စဉ်းစားရင်း တစ်ရေးမှမအိပ်ဘဲ ညတစ်ညလုံး စိတ်ရှုပ်ထွေးနေမိသည်။

သူမဘဝမှာ မိုးလင်းမှာကို ကြောက်မိတာ ဒါ ပထမဆုံးညတစ်ညပါ။ မာမီ သူမရဲ့ ကျေးဇူးရှင် မာမီတစ်ယောက် စိတ်ချမ်းသာစေချင်သည်။

"မောင့်ကို ချစ်ရလို့ သူမနှလုံးသား နာကျင်ရတာထက်၊





တစ်သက်လုံး အဖေလို အမေလို ပြုစုလာတဲ့ မာမီ စိတ်ချမ်းသာဖို့က ပိုအရေးကြီးတာပါ"

"မွန့်နှလုံးသားကို စွန့်လွှတ်ပြီး မာမီ ကျေးဇူးကို ဆပ်လိုက်ပါပြီ မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘာပြောလိုက်တယ် မွန်၊ မောင်က မွန့်ကိုမေ့လိုက်ပါတော့ ဟုတ်လား"

ကန်ရေပြင်ကို မျက်နှာမူလျက် သူတို့နှစ်ယောက် ငြိမ်သက်စွာ ရပ်နေရာမှ…

"ကျွန်မကို မေ့လိုက်ပါတော့ မောင်"

ဟု ပြောပြီးချိန်တွင် သူက သူမစကားကို မကြားလိုက်သလို ပြန်မေးမိခြင်းပါ။

သူမက သူ့ဘက်သို့ ဖြည်းညှင်းစွာ မျက်နှာချင်းဆိုင် လှည့်လာလျက်…

"ဟုတ်ပါတယ် မောင်၊ မောင်နဲ့ ကျွန်မကြားမှာ ဘာအမြစ်အမှတ်မှ မရှိခဲ့ဘူးလို့ သဘောထားလိုက်ပါတော့နော်"





"ဘာတွေပြောနေတာလဲ မွန်၊ မောင်တို့ချစ်ခဲ့တာ မနေ့တစ်နေ့ကမှလေ၊ အဲဒါကို ဒီနေ့ မေ့လိုက်ပါလို့ ပြောတာ မလွန်လွန်းဘူးလားဟင်",

သူက သူမပခုံးကို လှုပ်ကိုင်လျက် ရင်နာစွာ မေးလိုက်၏။

"ကျွန်မ လွန်ပါတယ် မောင်၊ ဒါကြောင့် မောင့်ကို ကျွန်မ တောင်းပန်ပါတယ်"

"ဘာကို တောင်းပန်တာလဲ မွန်၊ မောင့်ကို မွန်ချစ်ခဲ့မိတာကို တောင်းပန်တာလားဟင်"

သူမ မျက်လွှာလေးချကာ…

"အဲ့ဒီအတိုင်းပါပဲ မောင်"

"ဒီမှာ မွန် မောင့်ကိုကြည့်စမ်းပါဗျာ၊ မွန်က မောင့်ကို ပြောခဲ့တယ်လေ၊ မိန်းကလေးတွေကို ချစ်တမ်းကစားသူလို့၊ အခု မွန်က မောင့်ကို လက်စားချေနေတာလားဟင်"

"အို ဟင့်အင်း၊ မွန် မောင့်ကို လက်စားမချေပါဘူး"

ခေါင်းလေးခါယမ်းကာ သူမပြောတော့ သူက သူ…



www.burmeseclassic.com

www.burmeseclassic.com



နိုက်ကြည်၏။

"ဒါဆို ဘာ့အတွက်လဲ၊ ဘာကြောင့်လဲ မွန်၊ မောင်ဟာ မွန့်အပေါ် ဘယ်လောက်တောင် လေးလေးနက်နက် ချစ်ခဲ့တယ်ဆိုတာ သိရဲ့လားဟင်"

နီမြန်းသော မျက်ဝန်းများဖြင့် သူမေးသည်။ သူမရင်ထဲမှာ လှိုက်တက်လာတာကြောင့် ပခုံးပေါ် ကိုင်ထားသော သူ့လက်များကို အသာဖယ်ရှားပြီး ကန့်စောင်းနား သွားရပ်မိ၏။

သူ လိုက်လာလျက်…

"မောင့်ကို မကျိုးစားပါနဲ့လား မွန်ရယ်၊ ဒီနေ့ မွန့်ကို ဒက်ဒီနဲ့ ပေးတွေ့ဖို့ မောင်စီစဉ်ခဲ့တာ"

"အဲဒီအစီအစဉ်ကို ဒေါက်တာဝမ်းနည်းစွာ ဖျက်လိုက်ပါတော့၊ ကျွန်မ ကျွန်မ ဒေါက်တာဒက်ဒီကို လိုက်မတွေ့နိုင်တော့ဘူး"

အထက်သံလေးဖြင့် သူမပြောလိုက်၏။ မနေ့ကမှ သူ့အပေါ် ချစ်မျက်ဝန်းများနှင့် ကြည့်ခဲ့သော သူမ ဒီနေ့ အေးစက်စိမ်းကား





နေတာ ဘယ်လိုမှ နားမလည်စရာပါလား။

"ဒေါက်တာတဲ့လား မွန်၊ အဟွန်း တကယ်ပဲ ကိုယ်တို့ နှစ်ယောက်ရဲ့ အချစ်တွေကို မွန် ပြန်ရုပ်သိမ်းနိုင်နေတာပေါ့နော်"

"ကျွန်မဒီစကားတွေ ပြောနေတာ နာကျင်တဲ့ နှလုံးသားနဲ့ပါ ဒေါက်တာ၊ ကျွန်မရင်ထဲ ဘယ်လိုခံစားနေရတယ်ဆိုတာ ဒေါက်တာသိရဲ့လားဟင်"

သူ့ဘက်လှည့်ကာ သူမမေးလိုက်၏။

"ဒါနဲ့များ မွန်ရယ်၊ မွန်က ဘာကြောင့် မောင့်ကို မေ့နိုင်းနေရတာလဲ၊ ဒီမှာ မွန် မွန်နဲ့ခွဲရရင် မောင်ဘာဖြစ်သွားမယ် ထင်လဲဟင်၊ အဟွန်း မွန့်ကို ပြောခဲ့ဖူးတယ်နော် မောင်ပျော်သလို နေပစ်လိုက်မယ်လို့"

"ဒီ ဒီလိုမလုပ်ပါနဲ့မောင်ရယ်၊ အဟင့် ဟင့်၊ မောင့်နားမှာ မွန့်ထက်သာတဲ့ မိန်းကလေးတွေ အများကြီး ရှိပါတယ်၊ အဲဒီအထဲက တစ်ယောက်ယောက်ကို မောင် လက်ထပ်လိုက်ပါ"

ကိုယ့်ချစ်သူကို ရင်နာစွာဖြင့် သူမ တိုက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ပါ။

"ဘာ မောင်က တခြားမိန်းမနဲ့ လက်ထပ်ရမယ် ဟုတ်လား၊ အဟွန်း ဟွန်း ဒါ မွန်က မောင့်ကို အထင်သေးတာပဲ၊ မောင်က လက်ထပ်ချင်ခဲ့ရင် အစောကြီးကတည်းကပဲ၊ ခုလို မွန်နဲ့ တွေ့စရာတောင် မလိုဘူး၊ ဒီမှာ မွန် အချစ်မပါဘဲ မိန်းမတစ်ယောက်ကို မောင် ဘယ်တော့မှ လက်မထပ်ဘူး"

"အို"

ယခုမှ အခက်တွေ့ပြီ။ မောင်ဆိုတဲ့ လူကလည်း အချစ်နှင့် ပတ်သက်လာလျှင် တဖွတ်ထိုးသမားဟု ပြောရမလို။

နီမြန်းသော မျက်ဝန်းများဖြင့် ခံစားနေရတဲ့ မောင့်ကို သူမ မကြည့်ရက်ပါ။

"မွန်ရယ် မောင့်တို့လက်ထပ်ကြရအောင်နော်"

"အို ဟင့်အင်း"

သူမခေါင်းခါယမ်းတော့ သူမျက်နှာပျက်လေ၏။ ညကူး သွားခဲ့လေနဲ့ သူမ ဘာကြောင့် ဒီလောက်စိမ်းကားသွားရတာလဲ





ဟု စဉ်းစား၍ မတတ်အောင်ပါ။

"မနေ့က မောင့်ကို ချစ်ခဲ့တယ်ပြောတဲ့ ချစ်သော ဒီစ မေ့လိုက်ပါတော့ ပြောတာ၊ ဘာအကြောင်းလဲ မောင်သိချင်တယ် မွန်"

"ကောင်းပြီလေ၊ မောင်က ဒီလောက်သိချင်မှတော့ မွန် ပြောပြပါ့မယ်၊ မာမီက ကိုဖေယျုနဲ့ မွန့်ကို လက်ထပ်ပေးဖို့ ဆုံးဖြတ် လိုက်ပြီတဲ့"

"ဟင်"

ဘယ်လိုမှ မထင်မှတ်သော စကားကြောင့် သူ့ ခန္ဓာကိုယ် အကျယ် အံ့သြသွားရ၏။

"ကိုဖေယျု ဆိုတာက"

"တူးတူးရဲ့အဖေပါ မောင်"

"သြော် ဒီလူကို မွန်ကလက်ခံလိုက်တယ်ပေါ့ ဟုတ်လား"

စိတ်နာဟန်ဖြင့် မောင်မေးတော့ သူမ ရှိုက်ငိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"တူးတူးဆိုတာ မာမီနဲ့ မွန်တို့အတွက် သေဆုံးသွားတဲ့ အစ်မရဲ့ တစ်ဦးတည်းသော မျိုးဆက်ပါ မောင်၊ အရွယ်ရှိသေးတဲ့ ကိုဖေယျာဟာ တစ်ချိန် နောက်အိမ်ထောင်ပြုပါလိမ့်မယ်၊ အဲဒီအခါ တူးတူးဟာ မိတွေးလက်ထဲ ရောက်သွားမှာကို မွန် ဘယ်လိုအင် အားနဲ့ ကြည့်နေနိုင်မှာလဲ မောင်"

မျက်ရည်များ ရစ်ဝဲလျက် သူမမေးမိသည်။ အခြေအနေ ကို သူ သဘောပေါက်သွား၏။

"ဒါဆို ကိုဖေယျကို လက်ခံတာ မွန့်ဘက်က 'ချစ်လို့' မဟုတ်ဘူးပေါ့နော်"

"အို ကြံကြံဖန်ဖန်၊ မွန့်ဘဝမှာ ပထမဆုံး ချစ်မိတဲ့လူက မောင်တစ်ယောက်ပါရှင်"

"ဒါနဲ့များ မွန့်ရယ် ဒီဘဝမှာ မောင်ကလည်း မွန့်ကိုသာ အချစ်ဆုံးပါ"

သူပြောရင်း သူမကိုယ်လေးကို ရင်ခွင်ထဲ ဆွဲယူလိုက်၏။ ထို့နောက် သူမ၏ မျက်ရည်စတို့ကို ကြင်နာစွာ သုတ်ပေးလိုက်





သည်။

"မောင်"

"မွန်"

"ဒီကိစ္စမှာ မွန်ဟာ ဘယ်လိုမှ မတတ်နိုင်ခဲ့ဘူးကွယ်၊ အထူးသဖြင့် မာမီ စိတ်ချမ်းသာဖို့"

"ဆက်မပြောနဲ့ မွန်၊ မောင် နားလည်ပါပြီ၊ ဒီတော့ ခုပဲ မွန်ရဲ့မာမီကို မောင်တို့ သွားတွေ့ကြစို့"

"ဟင် ဘာလုပ်ဖို့လဲ မောင်"

သူမ နားမလည်သလိုမေးတော့ ဒေါက်တာနောင်လတ် ပြုံးသည်။

"လက်ထပ်ဖို့ သွားပြောကြမှာပေါ့ မွန်"

"အို"

"ဟုတ်တယ် မွန်၊ မောင်ဟာ တူးတူးကို တကယ့်သား အရင်းတစ်ယောက်လို သဘောထားနိုင်တဲ့အကြောင်း၊ ဒါကြောင့် မောင်နဲ့မွန်ကို လက်ထပ်ခွင့်ပြုပါလို့ ခွင့်တောင်းရမယ်"



www.burmeseclassic.com

www.burmeseclassic.com



အားတက်စွာ မောင်ပြောနေသမျှ သူမ ခေါင်းလေးသာ ခါယမ်းမိ၏။

"မဖြစ်ပါဘူး မောင်ရယ်၊ မာမီက ခွင့်ပြုတယ်ထားဦး တိုဖေယျက သားကို မွန်တို့လက်ထဲ ဘယ်လိုမှထည့်မှာမဟုတ်ဘူး"

"ဒါ မွန့်ကို အကြပ်ကိုင်တာပဲ"

"သေချာတာပေါ့ မောင်၊ တူးတူးဟာ မွန့်ရဲ့အညာလို ဖြစ်နေတယ်လေ၊ တူးတူးနဲ့သာ ခွဲရရင် မာမီလည်း သေလိမ့်မယ် ထင်တယ်"

"မွန်ကကော"

"ဘယ်လိုခွဲနိုင်မှာလဲ မောင်ရယ်၊ တူးတူးဟာ မွန် ဝမ်းနဲ့ လွယ်ပြီး မမွေးခဲ့ရုံသာ ရှိတာပါကွယ်"

သူမ နေရာမှ စဉ်းစားတော့ တူးတူးနှင့် ခွဲဖို့ဆိုတာ အတော့်ကိုမလွယ်တဲ့ အဖြစ်မှန်း သူသိ၏။ သူ သက်ပြင်းချလိုက်သည်။

ပြီး [illegible]

www.burmeseclassic.com

www.burmeseclassic.com

ဖိုးလုံးဖွင့်ပေးသော ခြံတံခါးမှတစ်ဆင့် ကားကို တိုက်၏ ဆင်ဝင်အောက်သို့ သူမောင်းခဲ့သည်။ ထိုနောက် ယိုင်နဲ့သော ခြေလှမ်းများဖြင့် သူကားပေါ်မှ ဆင်းလိုက်၏။

"မင်းအရက်တွေ သောက်လာတာလား သား"

"ဟင် ဒက်ဒီ"

အိမ်တံခါးကို ဒက်ဒီကိုယ်တိုင် လာဖွင့်ပေးသည်။ သူကို ကြည့်ပြီး ဒက်ဒီမေးတော့ ...

"အဟွန်း...နည်းနည်း နည်းနည်းလေးပါ ဒက်ဒီ"

ဒက်ဒီက သူနောက်မှ လိုက်လာ၏။ သူက လေးလံသော မျက်လုံးများကိုပင့်၍ ဒက်ဒီကိုကြည့်သည်။

"ဒက်ဒီ ဒက်ဒီပြောတာ သိပ်မှန်တယ်၊ အချစ်စစ်နဲ့ ချစ်မိ





ရင် မီးလောင်တတ်တယ်ဆိုတာ၊ အခု ကျွန်တော် အချစ်မီးလောင် နေပြီဗျ"

ဦးမင်းလက်က သူ့ကိုကြည့်ပြီး သက်ပြင်းချ၏။ ထိုကြောင့် သူ့ပခုံးကို ကြည်နူးစွာ ဆုပ်ကိုင်လျက် ...

"မင်းဘာတွေ ခံစားလာရသလဲ သား"

"ကျွန်တော်လား အခု ကျွန်တော် အသည်းကွဲလာပြီ ဒက်ဒီ၊ မွန့်ကို တကယ်ချစ်မိတော့ မွန့်ရက်စက်တဲ့ဒဏ်ကို ကျွန်တော် နည်းနည်းလေးမှ မခံနိုင်ဘူး ဒက်ဒီ"

သားနှုတ်ဖျားမှ 'မွန်'ဆိုသောအမည်ကို ဦးမင်းလတ် ပထမဆုံးအကြိမ် ကြားဖူးခြင်းဖြစ်သည်။

- မှန်တာပြောရလျှင် လောကမှာ သားလောက်ပြည့်စုံတဲ့ လူမျိုးမရှိပါ။ သာမန် မိန်းကလေးတစ်ယောက်အတွက်တော့ သဘောကျစရာ အရည်အချင်းတွေအပြည့်။

"ဒီမှာသား လောကမှာ မိန်းမတွေအများကြီးပါကွာ၊ မိန်းမတစ်ယောက်အတွက်နဲ့တော့ ကိုယ့်ကိုယ်ကို မဖျက်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အပျွန်း ကျွန်တော် မဖျက်ပါဘူး ဒက်ဒီ၊ ဒါပေမယ့် ဒက်ဒီလည်း အချစ်အတွက် အရက်သောက်နေတာ မဟုတ်လား"

ထိုအမေးကြောင့် ဦးမင်းလတ်မျက်နှာ ကွက်ခနဲပျက်သွား၏။

"တော်စမ်းသား မသီတာဟာ ဒက်ဒီဘဝအတွက် နှစ်ခါပြန်ချစ်လို့မရနိုင်တဲ့ မိန်းမမျိုးပဲ"

"ဗျာ မသီတာဟုတ်လား၊ သေချာတာကတော့ ဒက်ဒီပြောတဲ့ မသီတာဟာ ကျွန်တော့်မာမီ မဟုတ်ဘူးနော်"

ဦးမင်းလတ် သက်ပြင်းချလိုက်၏။ သားပေမယ့် ဝန်ခံလိုက်သည်။

"ဟုတ်တယ်သား၊ မသီတာဟာ ဒက်ဒီဘဝရဲ့ အချစ်ဦးပဲ၊ မသီတာကို ဒက်ဒီတစ်သက်လုံး ချစ်ခဲ့မိတယ်"

"အပျွန်း ကျွန်တော်လည်း မွန်ကို တစ်ဘဝစာအတွက် ချစ်ခဲ့တာပါ ဒက်ဒီ"

"ဒါဆို ကိုယ်တကယ်ချစ်တဲ့ မိန်းကလေးကို ရအောင်





လက်ထပ်နိုင်ရမှာပေါ့ သား"

ထိုအပြောကြောင့် သူ မချိသလိုပြုံးလိုက်၏။ လက်ထပ်ချင်တာယ်ပေါ့။ သို့သော် မွန်က ခွင့်မပြုတော့ သူ ဘာတတ်နိုင်မှာလဲ။

"မွန်က လက်မခံလို့ပေါ့ ဒက်ဒီ၊ သူ့မာမီက ကျွန်တော်နဲ့ မွန့်ကို သဘောမတူဘူးတဲ့"

"ဘာ"

ဘယ်လိုမိန်းမကများ ဦးမင်းလတ်၏သား ဒေါက်တာနောင်လတ်နဲ့ သူ့သမီးကို သဘောမတူဟု ပြောရတာလဲ။

"လောကမှာ ငါ့သားလောက် ပြည့်စုံတဲ့ ယောကျ်ားမရှိဘူး၊ ပြောစမ်း သူက သူ့သမီးကို ဘယ်လောက်နဲ့ တင်တောင်းခိုင်းလဲ၊ ဒီမှာယော့ ဒက်ဒီမှာရှိတဲ့ စည်းစိမ်တွေ ကုန်သွားပါစေ၊ ငါ့သားချစ်တဲ့ မိန်းမကိုရစေမယ်"

ဖခင်တစ်ယောက်၏ မာန်ဖြင့် ဦးမင်းလတ့်ပြောသည်။ သူ ခေါင်းခါယမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့လိုချင်တာ ပိုက်ဆံမဟုတ်ဘူး ဒက်ဒီ"

"ဟင် ဒါဆိုဘာလဲ"

ဦးမင်းလတ်က နားမလည်သလိုမေးတော့ သူ ခပ်မဲ့မဲ့ပြုံး၏။

"အဟွန်း သူတို့လိုချင်တာ ကလေးတစ်ယောက်ကိုပဲ ဒက်ဒီ"

"ဘာ ဘာပြောတယ် ကလေးတစ်ယောက်ဟုတ်လား၊ ဟား ဟား ဒါများ ဘာခက်နေလဲ သားရယ်၊ ငါ့သားလည်း လက်ထပ်ပြီးရင် တစ်နေ့ ကလေးရလာမှာပဲ မဟုတ်လား"

ထိုစကားကြောင့် သူငိုင်ခနဲဖြစ်သွား၏။ သူနှင့်မွန် လက်ထပ်လျှင် ဒက်ဒီပြောသလို ကလေးရနိုင်တာပဲ။

"ဒက်ဒီပြောတာ မဟုတ်ဘူးလား သား"

"မဟုတ်ဘူး ဒက်ဒီ၊ သူတို့လိုချင်တဲ့ကလေးက သူတို့တွေ့ သူတို့မြေး၊ လက်ရှိ သူတို့လက်ထဲက ချာတိတ်ကိုလေ၊ အဲ့ဒီကလေးအတွက် မွန်က ဖအေလုပ်သူကို လက်ထပ်ရမှာ ဒက်ဒီ"





ခံစားမှုများစွာဖြင့် သူပြောတော့ ဦးမင်းလတ် မျက်မှောင်တွန့်သွား၏။

"အဓိပ္ပါယ်မရှိတာကွာ မင်းကောင်မလေးက ကလေးအဖေကို လက်ထပ်မယ်ဆိုတော့ ကလေးရဲ့အမေကကော"

"ဆုံးသွားပြီ ဒက်ဒီ၊ မွန့်ရဲ့အစ်မပဲ"

"ဟင်"

ယခုမှ အခြေအနေ တစ်စုံတစ်ရာကို ဦးမင်းလတ် သဘောပေါက်သွား၏။

တစ်ဖက်ကလည်း ကိုယ့်အကြောင်းနှင့်ကိုယ်ပါလား။

"ကျွန်တော် ဒက်ဒီနဲ့ တစ်ခွက်လောက် ထပ်သောက်ရင် ရပါတယ်နော် ဒက်ဒီ"

"အင်း...ရပါတယ်ကွာ၊ ကဲ လာ"

စိတ်ညစ်နေသောသားကို ဦးမင်းလတ် မတားတော့ဘဲ နှစ်ယောက်သား ထိုင်သောက်ကြသည်။

"မင်း အဲ့ဒီမိန်းကလေးကို သိပ်ချစ်တာပဲလား သား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဘဝအတွက် ပထမဆုံးနဲ့ နောက်ဆုံးပါ ဒက်ဒီ"

ဦးမင်းလတ် ခေါင်းတညိတ်ညိတ်ပြုသည်။ ဖြစ်နိုင်လျှင် သားစိတ်ချမ်းသာအောင် ဖခင်တစ်ယောက်အနေဖြင့် ဆောင်ရွက်ပေးချင်၏။

သို့သော်...

"ဟင် သား"

ရေချိုးခန်းလွန်ကာ နောင်လတ်သည် စားပွဲတွင် မျက်နှာမှောက်နေပြီ။ ဦးမင်းလတ်မှာ နောင်လတ်ကို တွဲထူ၍ အိပ်ခန်းထဲ ပို့လိုက်ရ၏။

အမြဲတမ်း ပျော်ပျော်နေတတ်တဲ့ သားတစ်ယောက် တကယ်ချစ်မိလို့ ဒုက္ခရောက်တဲ့အဖြစ်။

ဩော် မသီတာရယ်၊ ကျုပ်သားလည်း ကျုပ်လို ခံစားနေရပါလား။

ဦးမင်းလတ်၏ ငယ်အတိတ်က ချစ်သူကို တမ်းတမိ





သည်။

နက်မှောင်သော ဆံပင်ရှည်များနှင့် ဖြူနုလှပသည့် မသီတာက သူဌေးသား မင်းလတ်ကို ထားခဲ့ပြီး သာမန်အရာရှိလေး ခန့်မွန်ကို ရွေးသွားခဲ့သည်။

"ကိုယ် မသီတာကို တစ်သက်မှာ တစ်ခါဖြစ်တဲ့ မေတ္တာမျိုးနဲ့ ချစ်တာပါ"

"ဝမ်းနည်းပါတယ် ကိုမင်းလတ်၊ ကိုမင်းလတ်လို အစစအရာရာ ပြည့်စုံတဲ့ လူတစ်ယောက်နားမှာ မိန်းကလေးတွေ အများကြီးဆိုတာ မသီတာသိပါတယ်၊ ဒါကြောင့် သီတာကို သနားသောအားဖြင့် အဲဒီ မိန်းကလေးတွေထဲပါအောင် မကြိုးစားပါနဲ့ရှင်"

"မသီတာ"

ရင်ထဲမှ တကယ့်အချစ်စစ်ကို မသီတာက လှောင်ပြောင်လိုက်သလိုပါပဲ။

"ကျွန်မ ရှင့်ကို နည်းနည်းလေးမှ မယုံပါဘူး၊ ကိုမင်း



www.burmeseclassic.com

www.burmeseclassic.com



လတ်"

နောက်ဆုံး ထိုစကားဖြင့် သူ့ကို ထားခဲ့၏။ ဦးမင်းလတ်အတွက် ပြန်တွေးကြည့်လျှင် မနေ့တစ်နေ့ကလိုပါပဲ။ ယခုချိန်ထိ မသိတာအကြောင်းတွေးလျှင် ဦးမင်းလတ် ရင်ခုန်ရဆဲပါ။

သည်နေ့ ဦးမင်းလတ်၏သား နောက်လတ်။

အချစ်စစ်ကြောင့် ခံစားနေရပြီ။ ဦးမင်းလတ်အနေဖြင့် နောင်လတ်တစ်ယောက် ဒီလိုတစ်သက်လုံး ခံစားသွားရမှာကို မကြည့်လိုပါ။

ထို့ကြောင့် တစ်စုံတစ်ခုကို ဆုံးဖြတ်ရမည်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်နဲ့ လက်ထပ်ဖို့ မွန်သဘောတူလိုက်ပြီဆို"

ဝမ်းသာအားရမျက်နှာနှင့် မေးလာသော ကိုဇေယျကို သူမ တည်ငြိမ်စွာ ခေါင်းညိတ်ပြလိုက်၏။

"တူးတူးဟာ မာမီနဲ့ မွန်တို့ရဲ့ အသက်ပါပဲ ကိုဇေယျ၊ ဒါ့ကြောင့် တူးတူးအတွက် မွန် ဆုံးဖြတ်လိုက်တာပါ"

သူမစကားက ရှင်း၏။ လက်ထပ်ဖို့ လက်ခံတာ ဇေယျကို ချစ်၍မဟုတ်ဆိုတာ ပွင့်လင်းစွာ အသိပေးလိုက်ခြင်းဖြစ်သည်။

ထိုစကားက ရုတ်တရက် ဇေယျအတွက် ခံရခက်စရာ ဆိုပေမယ့် မွန်ဘက်မှ လက်ထပ်ဖို့ သဘောတူလိုက်တာကိုပဲ ကျေးဇူးတင်ရမည်။

"ကိုယ်ကတော့ မွန် ဘာ့အတွက်ပဲ ဆုံးဖြတ်ပါစေ





ကျေနပ်ပါတယ်၊ မာမီလည်း အတော်ဝမ်းသာ ကျေနပ်နေတယ် မွန်"

"မာမီ့ကြောင့်လည်း ဒီဆုံးဖြတ်ချက်ချခဲ့တာပါ ကိုဇေယျ၊ ကျွန်မဘဝမှာ မာမီက တစ်ဦးတည်းသော မိခင်လေ"

"ဒါဆို ကိုယ်တို့ လက်ထပ်ပွဲကို အမြန်ဆုံး ကျင်းပကြတာပေါ့ မွန်"

အနီးကပ်ကြည့်လေ ချစ်စရာကောင်း လှပလေဖြစ်သော သူမကို လက်မလွှတ်နိုင်သလို ဇေယျပြော၏။

"မင်္ဂလာပွဲ ဟုတ်လား၊ ကျွန်မ သဘောကတော့ ရုံးတက် လက်မှတ်ထိုးပြီး အကျဉ်းချုံးလုပ်ချင်တယ် ကိုဇေယျ"

"ဟာ ဒါဆို မွန့်အတွက် ဘယ်ကောင်းပါ့မလဲ၊ ကိုယ်က မွန့်အတွက် အကောင်းဆုံး မင်္ဂလာပွဲ လုပ်ပေးချင်တာ"

စေတနာကြီးဟန်ဖြင့် ဇေယျပြောတော့ သူမ ခပ်မဲ့မဲ့ပြုံး၏။

"မလိုဘူး ကိုဇေယျ၊ ကိုဇေယျနဲ့ လက်ထပ်တာအောင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအတွက် လွန်လှပြီ''

''မွန်''

ဧယျ ခံရခက်သလိုခေါ်၏။ ဘယ်လောက်ပဲ မချစ်နိုင်ဘူးဆိုစေဦးတော့ ကိုယ်လက်ထပ်မည့် ယောကျ်ားတစ်ယောက်ကို ဒီလိုမပြောသင့်ဟု ဧယျထင်သည်။

''ကိုယ့်ကို မချစ်ဘဲ၊ မွန် လက်ထပ်တယ်ဆိုတာ သိပါတယ်၊ ဒါပေမယ့် ဒီလောက် ပွင့်ပွင့်လင်းလင်း ပြောတာကတော့ ကိုယ့်အပေါ် ရက်စက်ရာ မကျဘူးလားဟင်''

''ရှင် ရက်စက်တယ်ဟုတ်လား ကိုဧယျ၊ အဟင်းဟင်း ပြောင်းပြန် မပြောပါနဲ့ရှင်၊ တူးတူးလေးအပေါ် ထားမိတဲ့ သံယောဇဉ်ကို အကြောင်းပြုပြီး မာမီနဲ့ ကျွန်မကို ရှင် အကြပ်ကိုင်ခဲ့တာကကော သိပ်ကို ရက်စက်ရာ မကျဘူးလား ကိုဧယျ''

နာကြည်းဟန်ဖြင့် သူမမေးတော့ ဧယျမျက်နှာ ကွက်ခနဲ ပျက်သွား၏။ တကယ်လည်း မွန်ပြောသလို ဖြစ်ခဲ့တာအမှန်။

''ဒါကတော့ ကိုယ့်အနေနဲ့ မိသားစုအားလုံး မပြိုကွဲရ





အောင်''

''တော်ပါ ကိုဧယျ၊ တကယ်တော့ တူးတူးကို ရှင် ဘယ်တုန်းကမှ စိတ်ဝင်စားတာ မဟုတ်ပါဘူး၊ ကျွန်မကို ရယူချင်လို့ ရှင် ဒီလိုကြံစည်တာ ကျွန်မသိတယ်''

ဧယျ၏မျက်နှာကို ခပ်စိမ်းစိမ်းကြည့်လျက် သူမ တစ်လုံးချင်း ပြောလိုက်သည်။

''ဟုတ်တယ်၊ ကိုယ် မွန့်ကို ချစ်လို့ လက်ထပ်ချင်တယ်၊ အဲဒါ ကိုယ့်အပြစ်လား မွန်''

''ရှင်က တစ်ကိုယ်ကောင်းသမားပဲ ကိုဧယျ၊ မမရှိတုန်းကလည်း တခြားမိန်းမတွေနဲ့ ရှုပ်ပွေလို့ ဘယ်လောက် စိတ်ဆင်းရဲခဲ့ရလဲဟင်၊ နောက်ဆုံး မမဟာ နှလုံးရောဂါနဲ့ ဆုံးခဲ့ရတယ်၊ အခုလည်း ကျွန်မကို''—

''တော်ပါတော့ မွန်၊ ကိုယ် မွန့်အပေါ် တစ်သက်လုံး သစ္စာရှိမှာပါ''

ဖြူလျော့သော မျက်နှာနှင့် ဧယျပြောတော့ သူမ ထား



www.burmeseclassic.com

www.burmeseclassic.com



တိုက်ရယ်လိုက်၏။

"သစ္စာ ဟုတ်လား၊ အဟင်း ဟင်း အတော်ရယ်စရာ ကောင်းတဲ့ စကားလုံးပါလားရှင်၊ ကျားက အသားမစားပါဘူးလို့ လိမ်ပြောနေသလိုပါပဲ"

"ဒီလောက်ထိ ကိုယ့်ကို အထင်မသေးပါနဲ့ မွန်"

ခံရခက်ဟန်ဖြင့် ဇေယျပြောတော့ သူမ ခေါင်းခါယမ်းသည်။

"ကျွန်မအတွက် ရှင်ဟာ အထင်ကြီးစရာ လူတစ်ယောက်မှမဟုတ်ဘဲ ကိုဇေယျ၊ ဒီမှာ ရှင်သိထားဖို့က ကျွန်မအနေနဲ့ ရှင့်ကို လက်ထပ်ပြီး မယားဝတ္တရားကျေပြွန်အောင် နေချင်မှနေမယ်၊ ဒီလိုပဲ ရှင်လည်း ကြိုက်တဲ့နေရာ ကြိုက်တဲ့အချိန်မှာ ကြိုက်တဲ့မိန်းမနဲ့ ပျော်ရှုပ်၊ ကျွန်မ နည်းနည်းလေးမှတားမှာ မဟုတ်ဘူး"

လက်မထပ်ခင်ကပဲ ဥပေက္ခာပြု လစ်လျူရှုတဲ့ စိမ်းအေးသော သူမ၏စကားတွေက ဇေယျရင်ကို လာထိသည်။

တကယ်တော့ ဇေယျအနေဖြင့် မွန်ကို လက်ထပ်ပြီးနောက်





ဘဝကို ကောင်းမွန်စွာ ဖြတ်သန်းဖို့ ဆုံးဖြတ်ထားတာပါ။

"ဒါဆို ကိုယ်တို့ရဲ့ လက်ထပ်ခြင်းဟာ ဘာအဓိပ္ပာယ်ရှိမှာလဲ မွန်"

"အဲဒါ ကျွန်မမသိဘူး၊ လက်ထပ်ဖို့ ဖန်တီးတာ ကျွန်မ မဟုတ်ဘူး၊ ရှင်လေ ကိုဇေယျ"

သူမ၏ ပြတ်သားသော အပြုအမူ အပြောအဆိုတွေကြောင့် ဇေယျအတွက် စဉ်းစားစရာဖြစ်လာသည်။

"ကိုယ့်အပေါ်မှာ မွန် နည်းနည်းလေးမှ မချစ်နိုင်ဘူးလား"

"သေချာပါတယ်၊ နည်းနည်းလေးကိုမှ စိတ်မဝင်စားဘူး"

"ရက်စက်လိုက်တာ မွန်ရယ်"

မျက်နှာကြီး ငုငုကျသွားလျက် ဇေယျပြော၏။ သူမကတော့ နည်းနည်းလေးမှ ကရုဏာစိတ် မဖြစ်ပေါ်မိပေ။

"ရှင်ကသာ ကျွန်မကို ရက်စက်တာပါ ကိုဇေယျ"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး မွန်က ကိုယ့်အပေါ် ဒီလောက် ခါးခါးသီးသီး ဖြစ်နေရအောင် မွန့်မှာ ချစ်သူရှိနေသလား"

ထိုအမေးကြောင့် သူမ ရုတ်တရက် မောင့်ကို သတိရသွား၏။ သည်အချိန် မောင်တစ်ယောက် ဘယ်လောက်များ ခံစားနေမလဲကွယ်။

"ကိုယ်မေးတာဖြေလေ မွန်

"ရှိတယ်ဆိုရင်ကော"

"ဘာလဲ အဲဒီလူက ဒေါက်တာနောင်လတ်လား မွန်"

"ဟုတ်တယ်၊ သူပဲ ကိုဇေယျ"

သူမက ပွင့်လင်းစွာ ဝန်ခံလိုက်သည်။ ဇေယျ မျက်နှာ ပျက်သွားပြီးမှ...

"မွန်က ဒါကြောင့် ကိုယ့်အပေါ် ဒီလောက်မုန်းနေတာ ထိုး"

"မောင့်ကြောင့် တစ်ခုတည်းမဟုတ်ပါဘူး ကိုဇေယျ၊ ဓလေ့ထုံးတမ်းတို့ အစကတည်းက ဘယ်လိုနည်းနဲ့မှ ကျွန်မ မချစ်နိုင်





ပါဘူး"

"လက်ထပ်တယ်ဆိုတာ အကြောင်းအမျိုးမျိုးကြောင့်ပဲ၊ ဟွန်း ဒီနေ့ ကိုယ့်ကို မွန် မချစ်ပေမယ့် တစ်နေ့ ချစ်ချင်ချစ်လာနိုင်တာပဲ၊ ကိုယ် လုံးဝအားမလျှော့ဘူး"

"အို ဘယ်တော့မှမချစ်ဘူး"

မျက်နှာလေးနီနီဖြင့် သူမ အော်လိုက်၏။

"ဟင်း ဟင်း ကြည့်ကြသေးတာပေါ့လေ၊ ကဲ မင်္ဂလာပွဲ အတွက် မာမီနဲ့စီစဉ်ဖို့ ကိုယ်သွားလိုက်ဦးမယ် မွန်"

ကျောခိုင်းထွက်ခွာသွားသည့် ဇေယျ ကျောပြင်ကို မွန် အံလေးကြိတ်ကာ ကြည့်ကျန်ရစ်၏။

မာမီကြောင့် တူးတူးကြောင့်သာ မဟုတ်လျှင် ယခုချိန် သူမသည် မောင့်ရင်ခွင်ထဲ ရောက်နေမှာသေချာ၏။ ခုတော့ မောင်ရယ်...

"တီတီ"

"သား"



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာကောင်းသော တူးတူးလေးက သူမထံ ပြေးလာ၏။ အနားရောက်လာသော တူးတူးကို သူမ ပွေ့ချီလိုက်သည်။

"မုန့်စားပြီးပြီလား သား"

"ဟုတ်ကဲ့"

"တီတီကို ချစ်လားသား"

"အများကြီး ချစ်"

"အဟင်း ဟင်း ကလေးရယ်"

ဖြူနုသော တူးတူး၏ပါးပြင်လေးကို သူမ ရင်နာစွာ နမ်းရှိုက်လိုက်သည်။

မင်းကြောင့် မင်းကြောင့်ပါ ကလေးရယ်။

ထိုစဉ်

"မမလေး မာမီကြီးက အိမ်ထဲလာဖို့ အပြောခိုင်းလိုက်ပါတယ်"

"ဟင်...အေး မတိုး"

တူးတူးလေးကို ချီ၍ သူမအိမ်ထဲဝင်ခဲ့၏။ မာမီနှင့် ဒေယျ





က သူတို့ကို လှမ်းကြည့်သည်။

"လာ သမီး မောင်ဒေယျက မင်္ဂလာပွဲကို အမြန်ဆုံး ကျင်းပချင်တယ်တဲ့၊ အဲဒါ သမီးသဘောက"

"မွန်ကတော့ ဘာညည်ခံပွဲမှမလုပ်ဘဲ ရုံးတက်လက်မှတ်ထိုးချင်ပါတယ် မာမီ၊ မင်္ဂလာဆွမ်းကို အိမ်မှာပဲ ကပ်လိုက်ပါ၊ ဒါ မွန့်ဆန္ဒပါ မာမီ"

ထိုမျှပြောပြီး သူမထလာခဲ့၏။ တကယ်တော့ အချစ်မပါတဲ့ လူတစ်ယောက်နဲ့ လက်ထပ်ဖို့ဆိုတာ ငရဲခန်းထဲ သွားရမည့် အဖြစ်လိုပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com

"မင်းအဖြစ်က ထီပေါက်ပြီး ထီလက်မှတ်ပျောက်သလို ပါပဲလား နောင်လတ်ရာ"

"ဟုတ်ဇ. ၁၅ မြဇံ ထီပေါက်တယ်လို့ ကြားတော့ အဆမတန် ဝမ်းသာပြီး ထီလက်မှတ်ပျောက်သွားတော့ တစ်သက်လုံး နာကျင်စွာ ဝမ်းနည်းရသလိုပဲ"

မှိုင်တွေသောမျက်နှာဖြင့် နောင်လတ်ကို ကြည့်ပြီး မြဇံ စိတ်မကောင်းဖြစ်မိ၏။ ဝေက အအေးဗူးများနှင့် ရောက်ရှိလာသည်။

"ရင်အေးသွားအောင် သောက်လိုက်ပါဦး ကိုနောင်လတ်"

"အဟွန်း ကျွန်တော့်အဖြစ်က ရေခဲတောင်ကြီး မျိုချတောင် အေးနိုင်မှာ မဟုတ်ပါဘူး မဝေ"





ထိုစကားကြောင့် မြဇံနှင့် ဝေတို့စိတ်မကောင်း ဖြစ်သွားရ၏။

"မွန်အဖြစ်ကလည်း သနားစရာပါ ကိုနောင်လတ်၊ မိခင်ကို ငဲ့ရ၊ တူလေးကို မခွဲနိုင်နဲ့ နောက်ဆုံး ဒီလမ်းကို ရွေးလိုက်တာ ထင်ပါရဲ့ရှင်"

"ဝေနဲ့ မအိမ်မွန်တို့ တွေ့သေးလား"

မြဇံက မေးသည်။ ဝေ ခေါင်းလေးညိတ်ကာ

"အလုပ်က ထွက်ဖို့ ဇော့်ကို တိုင်ပင်တယ်လေ ကိုဇံ"

"ဟင်"

"အခု မွန် ခွင့်ရက်ရှည် ယူထားတယ်"

မွန်အလုပ်ထွက်မည်ဆိုတာကြောင့် သူတို့စိတ်မကောင်းဖြစ်သွားရ၏။ အထူးသဖြင့် နောင်လတ်။

မွန်က သူ့ကို သာမက အရာအားလုံးကို စွန့်လွှတ်တော့မှာပါလား။

"ကျွန်တော် မွန်နဲ့ တစ်ခေါက်လောက် တွေ့ချင်တယ်



www.burmeseclassic.com

www.burmeseclassic.com



မဝေ”

“ဘာကိစ္စတွေဦးမှာလဲ နောင်လတ်၊ ထပ်တွေ့ရင် မင်းပဲ ခံစားရမှာ မဟုတ်လား”

မြဇံ သတိပေးသည်။ နောင်လတ် ခေါင်းခါယမ်းရင်းက

“မွန် လက်မထပ်ခင် နောက်ဆုံးအနေနဲ့ မျက်နှာလေးကို တစ်ခေါက်လောက်ပဲ မြင်ရ မြင်ရလေ မွန်က ငါ့ကိုမချစ်လို့ ခွန့် သွားတာမှ မဟုတ်ဘဲ မြဇံ”

“အဲဒါတော့ သေချာတယ် ကိုနောင်လတ်၊ မွန့်ခမျာ ရှင် သူ့ကြောင့် သိပ်ခံစားရမှာပဲလို့ မျက်ရည်လေးဝဲပြီး ဝေ့ကိုပြော ရှာတယ်”

“မွန်ရယ်”

ထိုစကားကြောင့် နောင်လတ် စိတ်ထိခိုက်သွား၏။ တကယ်လည်း သူ့ရင်ထဲ တစ်သက်လုံး ခံစားရမည့်အဖြစ်လေ။

“အမှန်တော့ မအိမ်မွန်က သတ္တိမရှိတာကွ၊ ဖိုလူ့ကို ချစ်ဘဲ လက်ထပ်မှာ သဘာဝမကျဘူး”





“နောင်လတ် မင်းခိုးပြေးသွားကွာ”

“အို ကိုဇံကလည်း မွန်မှာ ငဲ့ညှာရမယ့်လူတွေရှိနေတယ် လေ၊ ဝေတို့ မိန်းမသားတွေဆိုတာ ကိုဇံတို့ ယောကျ်ားတွေလို စိတ်ဖြတ်တဲ့ လူတွေ မဟုတ်ဘူး၊ အရာရာကို ငဲ့ညှာရတယ်”

မွန့်ဘက်မှ ဝေက မခံနိုင်စွာ ပြောသည်။ မြဇံကလည်း မခံပေ။

“ဒါဖြင့် အစကတည်းက နောင်လတ်အချစ်ကို လက်မခံ နဲ့ပေါ့ ဝေ၊ ခုဟာက ချစ်တယ်ပြောပြီးမှ တစ်ဖက်လူ ခံစားရအောင် လို့”

“တော်ကြပါတော့ဗျာ၊ မွန့်ကို ကျွန်တော်နားလည်ပါ တယ်၊ ကျွန်တော်က မွန့်ဖွတ်ခိုးပြေးရင် ပါလာမှာပဲ၊ ဒါပေမယ့် ကျွန်တော့်ရင်ခွင်ထဲကနေ မွန့်စိတ်ဆင်းရဲမှာ မမြင်ရက်ဘူးလေ”

ချစ်လျှက်နှင့် တစ်ယောက်ကိုတစ်ယောက် ငဲ့ညှာတတ်သည့် နောင်လတ်နဲ့ မွန်တို့အဖြစ်အတွက် မြဇံတို့ စိတ်မကောင်း ဖြစ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနောင်လတ် တွေ့ချင်တယ်ဆိုရင်တော့ ဝေ စီစဉ်ပေးမယ်လေ"

"ကျေးဇူးပါပဲဗျာ"

"ဒါကတော့ မင်းထပ်ပြီး ခံစားမှာ မကြည့်ချင်ဘူးနောင်လတ်"

"ရပါတယ်ကွာ"

နောက်ဆုံးအနေဖြင့် ချစ်ရသူမျက်နှာကို တစ်ခေါက်လောက် ကြည့်ချင်တာ ဆန္ဒပါ။

ဝေက ချက်ချင်းပဲ မွန့်ထံဖုန်းဆက်ပေးသည်။

"ဟဲလို"

"မွန်လား၊ ဝေပါ"

"ဪ ဝေ"

ကိုဧယျနှင့် လက်ထပ်ဖို့ ဆုံးဖြတ်ပြီးချိန်မှ စကာ မွန်သည် ဘယ်သူနှင့်မှ မတွေ့ဘဲ အိမ်ထဲမှာသာနေခဲ့၏။

အလုပ်မှထွက်ဖို့ အထိပင် ဆုံးဖြတ်ခဲ့သည်။ စိတ်ခုတ်ကျကာ ဘာမှမလုပ်ချင်တော့အောင်ပင်။

"ကိုယ်ကတော့ မွန့်သဘောပါ"

ဧယျက ထိုသို့ပဲ ပြော၏။

မွန့်ဆန္ဒကို သူတားဖြစ်မရပါ။ ဝေနှင့်တောင် အဆက်အသွယ်ပြတ်သလို ဖြစ်နေခဲ့သည်။

ယခုတော့ ဖုန်းဆက်လာတော့ မွန်အံ့သြသွား၏။

"ဒီနေ့ မွန်အားလားဟင်"

"ဘာဖြစ်လို့လဲ ဝေ"

"ဪ မွန်အားရင် ဝေတို့အိမ်ဘက်ကို လာခဲ့ပါလား၊ ဒီမှာ ထောပတ်ထမင်းချက်ထားလို့ မွန့်ကိုဖိတ်ကျွေးတာပါ"

ဝေက ဖိတ်တယ်ဆိုတော့ မွန်စဉ်းစားရသည်။ မကြာခင် မဂ်လာဆောင်တော့မှာပဲ။ အဖျိုဘဝနှင့် ဝေကို နောက်ဆုံးသွားတွေ့ဖို့ ဆုံးဖြတ်၏။

"ကောင်းပြီ ဝေ၊ မွန်လာခဲ့မယ်"

"အို ဒါဆို ဝေစောင့်နေလိုက်မယ်နော် မွန်"







www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ဖုန်းချသွားတော့ ဝေမျက်နှာပြုံးလျက်

"မွန်လာလိမ့်မယ် ကိုနောင်လတ်"

"ဟင်…တကယ်လား မဝေ"

မယုံသလို သူမေး၏။

"သြော် တကယ်ပါရှင်၊ ကဲ … ကိုဖဲ ဝေ့ကို ဈေးလိုက်ပို့

ကိုနောင်လတ်နဲ့ မွန်ကို ထမင်းကျွေးရမယ်"

"ကောင်းပါပြီဗျာ၊ နောင်လတ် ငါတို့ အချိန်နည်းနည်း

ကြာမယ်နော်"

"ဟာကွာ"

အဝီပွါယ်နှင့်မြဖဲက သူ့ကိုနောက်သွား၏။ ထိုနောက်

မြဖဲတို့ လင်မယား ကားဖြင့် ထွက်သွားကြသည်။

မကြာခင် မွန်ရောက်လာ၏။ ဖြူနုသောအသားအရေမှာ

ချောထလက်ရောင်ဝမ်းဆက်ဖြင့် နက်မှောင်သည့် ဆံနွယ်များကို

ဒီအတိုင်း ဖြန့်ချထားတာကြောင့် သူ့မျက်စိထဲ အသွင်ဆန်းနေ၏။





လှလိုက်တာ မွန်ရယ်။

ဆယ်ကျော်သက်အရွယ် ကျောင်းသူလေးတစ်ယောက်လို

ပါပဲလားကွယ်။

ခြံထဲဝင်လာသော မွန်က သူ့ကိုမမြင်။ အိမ်ဘက်ဆီသို့

တစ်လှမ်းခြင်းလျှောက်လာ၏။

"ဝေ …ဝေရေ"

အသံလေးပေးကာ ပွင့်နေသော တံခါးမှ မွန်အိမ်ထဲဝင်ခဲ့

လိုက်သည်။

"ဟင် .. ဘယ်သူမှာလည်း မရှိပါလား"

တိတ်ဆိတ်နေသောအိမ်ထဲ ကြည့်ပြီး မွန်ဘာသာပြောနေစဉ်

တိုးဖွဲသော ခြေသံနှင့်အတူ လူတစ်ယောက်ထွက်လာ၏။

"မွန်"

"ဟင်…မောင်"

မမျှော်လင့်ဘဲ မောင့်ကိုတွေ့လိုက်ရတာကြောင့် သူမ

အံ့အားသင့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြဖိနဲ့ဝေတို့ ဈေးသွားတယ် မွန်"

"ဒါဆို ဝေစောစောက ဖုန်းဆက်တာ မောင်ရှိတယ်ပေါ့"

"အဟွန်း မောင်ကတွေ့ချင်တယ်ဆိုလို့ ဝေက မွန့်ကိုခေါ်ပေးတာပါ"

"အို"

သည်လို မောင်စောင့်နေမှန်းသိလျှင် သူမ လာဖြစ်မည်မဟုတ်။ နှစ်ယောက်ထပ်တွေ့ပြီး ဝေဒနာတွေ ခံစားရမည့်အဖြစ်မဟုတ်လား။

"မွန် အလုပ်က ထွက်တော့မယ်ဆို"

မျက်နှာလှလှလေးမှာ ညှိုးသယောင်ရှိတာမို့ သူ စိတ်မကောင်း ဖြစ်မိ၏။

"မောင့်ကို ဝေပြောလားဟင်"

"ဟုတ်တယ် မွန်၊ အဲဒီအကြောင်းကြားရတော့ မောင်စိတ်မကောင်းဖြစ်မိတယ်၊ ဘာကြောင့်ဒီလိုစဉ်းစားတာလဲ မွန်၊ တိုစေယျာ အလုပ်ထွက်ခိုင်းတာလား"





"အို မဟုတ်ပါဘူး၊ မွန့်ဘဝမှာ ဘာမျှော်လင့်ချက်မှ မရှိတော့တာ အလုပ်ခွင်ထဲက လူတွေနဲ့လည်း မတွေ့ချင်တော့ဘူးလေ"

စိတ်ဓာတ်ကျဟန်လေးနှင့် သူမပြောတော့ သူခေါင်းခါယမ်းသည်။

"ဒီလို မလုပ်ပါနဲ့ဝေ၊ ခုချိန်ဟာ အားလုံးအတွက် အချိန်မီပါသေးတယ်၊ ကိုယ့်ဘဝကိုယ် ဖျက်ဆီးပြီး တခြားလူကို ငဲ့ညှာတယ်ဆိုတာ အဓိပ္ပါယ်မရှိဘူးလို့ မောင်ထင်တယ်"

လုံးဝန်းသော သူမပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လျက် ကရုဏာဖြစ်စွာ သူပြောသည်။

"အဲဒီလိုမှ မလုပ်ရင် မွန့်ဘဝက အဆင်မပြေဘူး မောင်"

"မောင်ကတော့ မွန့်ကို အလုပ်ခွင်ထဲမှာကော တခြားအချိန်တွေမှာပါ ပျော်ပျော်ပါးပါး ရှိနေစေချင်တယ်"

"မောင်ရယ်"

ဘယ်လောက်ပဲ ထိန်းချုပ်သည့်ကြားမှ သူမတောင့်ခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့သလို မောင့်ရင်ခွင်ထဲ နိုဝင်လိုက်၏။

အံ့ဩစရာကောင်းတာက သူမ၏ယုတ်လျော့နေသော အင်အားတွေက မောင့်ရင်ခွင့်မှာ ချက်ချင်း ပြန်လည်ပြည့်လာ သယောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

"ဒါ ဆရာမ မအိမ်မွန်တို့အိမ်ပါလားခင်ဗျာ"

"ဟုတ်ကဲ့၊ ဒါနဲ့ ရှင်က"

"ဟင် မသီတာ"

"အို…ကို ကိုမင်းလတ်"

မမျှော်လင့်သူတစ်ဦးကို ယခုလို တိုက်ဆိုင်စွာ တွေ့လိုက်ရတော့ ဦးမင်းလတ်၏ နှလုံးသားတွေ အရင်လို ပြန်လှုပ်ရှားလာသလိုပါပဲ။

ဒေါ်သီတာကိုယ်တိုင်လည်း နှစ်ပေါင်းများစွာ မေ့ခဲ့ပြီဖြစ်သည့် ဦးမင်းလတ်ကို ပြန်တွေ့ရတော့ အံ့ဩနေရ၏။

"မင်း…မင်းက မအိမ်မွန်ရဲ့အမေလား မသီတာ"

"ရှင်…ဟုတ်ပါတယ်၊ ကိုမင်းလတ်က သမီးဆီကို





ဘာကိစ္စနဲ့"

"သြော်…တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင်ပါပဲလားဗျာ၊ မအိမ်မွန်ဟာ မသီတာရဲ့သမီး ဖြစ်နေလိမ့်မယ်လို့ ကျုပ် လုံးဝမထင်ခဲ့မိဘူး"

နောင်လတ် ခံစားနေရသော ဝေဒနာအတွက် အဖြေရှာရန် ဦးမင်းလတ် ကြိုးစားခဲ့၏။ ထို့ကြောင့် မအိမ်မွန်၏ လိပ်စာကို ရှာ၍ တမင်လိုက်လာခဲ့ခြင်းဖြစ်သည်။

"ဘာတွေများ တိုက်ဆိုင်နေတာလဲ ကိုမင်းလတ်၊ ကျွန်မတို့ မတွေ့ရတာ နှစ်ပေါင်းအတော်ကြာပြီနော်၊ အိမ်ထဲဝင်ထိုင်ပါဦး"

အသက်လေးဆယ်ကျော် ငါးဆယ်အရွယ် ဆိုပေမယ့် ဒေါ်သီတာသည် သွယ်လျသော ခန္ဓာကိုယ် အနည်းငယ် ပြည့်ဖြိုးလာတာကလွဲ၍ အရင်လို လှပကျက်သရေရှိဆဲပါ။

"မသီတာက ဖိတ်ခေါ်တော့လည်း ကျုပ် ထိုင်ရတာပေါ့ဗျာ၊ ကံတရားဟာ တကယ်ဆန်းကြယ်တာပဲ၊ ကျုပ်ဟာ မသီတာကြောင့် နှစ်ပေါင်းများစွာ အသည်းကွဲဝေဒနာကို ခံစားခဲ့ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"အို ကိုမင်းလတ် ရှင်ဘာတွေပြောနေတာလဲ"

တစ်ချိန်က ဒေါ်သီတာ၏ အချစ်ကို ဖွဲ့ကောင်းစွာ တောင်းခံခဲ့သည့် ဦးမင်းလတ်ကို တွေ့ရတော့ ငယ်ဘဝ၏အတိတ်အား သတိရလျက် နီမြန်းသော မျက်နှာလေးဖြင့် ဒေါ်သီတာ တားမိ၏။

"ကျုပ် အမှန်တွေပြောနေတာပါ မသီတာ၊ ယနေ့ချိန်ထိလည်း ကျုပ်ဘဝဟာ အချစ်တော်နှလုံးသားနဲ့ ဖြတ်သန်းလာခဲ့ရတာပါ မသီတာရယ်၊ တကယ်ဆို မင်းကြောင့် ကျုပ် ဒီလို ခံစားနေရတယ်ဆိုရုံနဲ့ ကျေနပ်သင့်ပါပြီ၊ ဟင် ခုတော့ ကျုပ်သား နောင်လတ်ကို ဘာကြောင့် အသည်းကွဲစေတာလဲဗျာ"

"ရှင် နောင်လတ်ဆိုတာ"

"အဟွန်း...ကျုပ်ရဲ့သား ဒေါက်တာနောင်လတ်ဟာ ယောဒိက မသီတာရဲ့သမီး မအိမ်မွန်နဲ့ ချစ်နေကြသူတွေဗျ"

"အို ဒါတွေ ကျွန်မမသိရပါလား ကိုမင်းလတ်"

ဒေါ်သီတာအနေဖြင့် ဒေါက်တာနောင်လတ်ဆိုသော





ချောမောသည့် လူငယ်တစ်ဦးအား တစ်ခဏသာ တွေ့ဖူးလိုက်၏။

သမီး၏ချစ်သူမှန်း ဒေါ်သီတာ မသိခဲ့ပါ။ ယခုလို ဦးမင်းလတ်ပြောလာတာ အံ့သြရသည်။

"ကျုပ်သားဟာ မင်းရဲ့သမီးကြောင့် အသည်းကွဲဝေဒနာကို ကျုပ်လိုခံစားနေရပြီ၊ ပြောပါဦး မသီတာ ကျုပ်အပေါ် ဘာတွေ မကျေနပ်ချက်ရှိလို့ ဒီအထိလုပ်ရတာလဲဗျာ"

"ရှင် ရှင် ဘာတွေပြောနေတာလဲ ကိုမင်းလတ်၊ သမီးကို မောင်ဖေယျနဲ့ လက်ထပ်ပေးဖို့ဆိုတာ ကျွန်မမြေးလေးအတွက်ပဲ"

ဒေါ်သီတာ၏ ဖြူနုသောမျက်နှာ အနည်းငယ် နီမြန်းလျက် ဦးမင်းလတ်ကို ပြောလိုက်မိသည်။

"ကောင်းပါလေ့ဗျာ၊ ခင်ဗျားတို့ကတော့ ခင်ဗျားတို့ စိတ်ချမ်းသာမှုကို ကြည့်နေတဲ့အချိန်မှာ ကျုပ်နဲ့ ကျုပ်ရဲ့သားကတော့ အသည်းကွဲသမားကြီးတွေအဖြစ် ငိုကြွေးနေရပြီပေါ့"

ဖခင်တစ်ယောက်၏ နာကျင်မှုဖြင့် ဦးမင်းလတ်ပြောတော့ ဒေါ်သီတာ စိတ်မကောင်းဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ဒီလိုတော့ မစွပ်စွဲပါနဲ့၊ သမီးက ဒီအဖြစ်အပျက်တွေကို မပြောခဲ့ဘူးလေ၊ ဒီတော့ ကျွန်မ ဘယ်လိုသိနိုင်မှာလဲ ကိုမင်းလတ်ရယ်"

"ဒါကတော့ မအိမ်မွန်က သမီးအလိမ္မာတစ်ယောက်ကိုးဗျ၊ မိခင်စိတ်ချမ်းသာဖို့ သူ့နှလုံးသားကို စွန့်လွှတ်တဲ့ မိန်းကလေးပါ"

"အို သမီးရယ်"

ဒါကြောင့်သာ မောင်ဇေယျနှင့် လက်ထပ်ဖို့ပြောတော့ သမီး ငြင်းဆန်ခဲ့တာကိုး။ သေချာတွေးကြည့်တော့ ကိုမင်းလတ်ပြောသလို ဒေါ်သီတာ တစ်ဖက်သတ် ဆန်ခဲ့ပြီလား။

"ကျုပ်တောင်းပန်ပါတယ် မသီတာ၊ ကျုပ်ရဲ့သားကို ကျုပ်လို အသည်းမကွဲပါစေနဲ့လားဗျာ"

ငယ်ရွယ်စဉ် နှုတ်ခမ်းမွှေးစစ၊ ဆံပင်ရှည်ရှည်နဲ့ ညှင်းသိုးသိုးအသွင်ဖြင့် ရှိခဲ့သော ဦးမင်းလတ်သည် ယခုချိန်မှာ အသက်အရွယ်ကြောင့်ထင် ပိန်ခဲ့သော ခန္ဓာကိုယ်က အတန်ကယ် ပြည့်ဖြိုး





လာလျက် တစ်သက်လုံး နေရိပ်ထဲမှာရှိခဲ့သူမို့ ထောင်မောင်းသောအရပ်၊ စိုပြေသော အသားအရေနှင့် ခန့်ညားသည့် ဥပဓိရုပ်ပိုင်ရှင်ဖြစ်နေ၏။

"ကျွန်မကလည်း ကျွန်မရဲ့သမီးလေးကို စိတ်ချမ်းသာစေချင်သူပါ ကိုမင်းလတ်၊ ဒါပေမယ့် မောင်ဇေယျနဲ့ကိစ္စက စကားလွန်ထားပြီဆိုတော့"

"အဲဒီကိစ္စအတွက် မပူပါနဲ့မသီတာ၊ မသီတာရဲ့ နှုတ်ဖျားကသာ ကျုပ်သားနောင်လတ်နဲ့ မသီတာရဲ့သမီး မအိမ်မွန်ကို သဘောတူတယ်ပြောလိုက်၊ မောင်ဇေယျကိစ္စကို ကျုပ်ဖြေရှင်းပါ့မယ်"

ဦးမင်းလတ်က ပြတ်သားစွာပြော၏။ အပြင်ဘက်မှာ ဦးမင်းလတ်စီးလာသော လန်ခရူဆာကားကြီးက ခန့်ညားစွာရပ်လျက် အနောက်တိုင်းဝတ်စုံပြည့်နှင့် လက်နှစ်ဖက်တွင် အရည်အသွေးကောင်းလှသော စိန်လက်စွပ်များ ဝတ်ထားသည့် အသွင်က ခန့်ညားသော ဥပဓိရုပ်၊ တန်ဖိုးကြီးသော အသုံးအဆောင်များ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မပြောဘဲနဲ့ စီးပွားရေးလောကမှာ တကယ့်လူကြီးလူကောင်း တစ်ယောက်ပါလားဟု မြင်တာနှင့် သိလိုက်စရာ။

"ကျွန်မ သမီးလေး မွန်နဲ့ ဦးမင်းလတ်တို့သား ဒေါက်တာ နောင်လတ်တို့ တကယ်ချစ်နေခဲ့တာ မှန်ရင်တော့ ကျွန်မဘက်က ဘာမှသဘောမတူစရာ မရှိပါဘူး ကိုမင်းလတ်"

"ဗျာ၊ ခင်ဗျားတကယ်ပြောတာလား မသီတာ"

သားအတွက် ချမ်းသာသွားဟန်ဖြင့် ဦးမင်းလတ်မေး၏။ ဒေါ်သီတာ ခေါင်းညိတ်သည်။

"တကယ်ပါ ကိုမင်းလတ်၊ ဒါပေမယ့် ကျွန်မမြေးလေး တူးတူးအတွက်"

"အယွန်း ဒီကိစ္စမပူပါနဲ့ဗျာ၊ မသီတာရဲ့မြေးဟာ မသီတာ ရဲ့မြေးပဲ ဖြစ်ရမှာပေါ့"

ဦးမင်းလတ်က ပေါ့ပါးစွာ ပြောနေသမျှ ဒေါ်သီတာ သက်ပြင်းချ၏။

"တူးတူးကို ကျွန်မတို့က ဆိုင်သာဆိုင်တယ် မပိုင်ပါဘူး





ကိုမင်းလတ်၊ တစ်ချိန် မောင်ဇေယျက ပြန်ခေါ်သွားရင် ကျွန်မပဲ မြေးလေးနဲ့ ခွဲရမယ်"

သားအချစ် မြေးအနှစ်ဆိုသော စကားက ယခု ဒေါ်သီတာ အတွက် မှန်နေပြီ။ တွေးကြည့်လိုက်တိုင်း မြေးလေးတူးတူးကို ဒေါ်သီတာ ဘယ်လိုနည်းနဲ့မှ မခွဲနိုင်ပါ။

"ကျူပ်ကို မယုံဘူးလား မသီတာ၊ ကဲ ခဏစောင့်"

ဦးမင်းလတ်က ပြောရင်း လက်ကိုင်ဖုန်းကို ထုတ်ဆက် လိုက်၏။ ဒေါ်သီတာကတော့ ဦးမင်းလတ်လုပ်သမျှ ဒီအတိုင်း ကြည့်နေသည်။

မကြာခင်မှာပဲ အိမ်ထဲသို့ အသက်နှစ်ဆယ်ဝန်းကျင် ကလေးမတစ်ယောက်နှင့် တစ်နှစ်သား ကလေးတစ်ယောက်ကို ပွေ့ချီလျက် ဝင်လာ၏။

"လာ သမီး ဘာမှမကြောက်နဲ့၊ ထိုင်ကွယ်"

ဦးမင်းလတ်က ထိုကလေးမကို ဖျော့ဖျော့စွာ ဖိတ်ခေါ်သည်။ ဒေါ်သီတာက မျက်လုံးဝိုင်းများဖြင့် ကြည့်လျက်…



www.burmeseclassic.com

www.burmeseclassic.com



"တိုမင်းလတ် ဒီကလေးမသားအမိက"

"ဒါ မောင်ဖေယျရဲ့ မိန်းမနဲ့ကလေးပါ မသီတာ"

"ရှင်"

ရုတ်တရက် ဒေါ်သီတာတစ်ယောက် ကမ္ဘာတစ်ခုလုံး ချာချာလည်သွားသလိုပါပဲ။ ဒါဟာ ဒေါ်သီတာ လုံးဝမျှော်လင့်မထားတဲ့ကိစ္စ ဖြစ်သည်။

"စိတ်ကိုထိန်းပါ မသီတာ၊ မောင်ဖေယျဟာ ဘယ်လိုလူမျိုးလဲဆိုတာ မသီတာလည်း အတော်အတန် ရိပ်မိမှာပါ၊ ဟောဒီကလေးမတို့ သားအမိကို ထားခဲ့ပြီး မသီတာရဲ့သမီးနဲ့ မောင်ဖေယျက လက်ထပ်ဖို့ ကြိုးစားနေတာပါ"

"အိုရှင် ယုတ်မာလိုက်တဲ့လူပါလား"

အပျိုစင်သမီးလေး အိမ်မွှန်မှာ ကံကောင်း၍ မုဆိုးလက်မှ လွတ်ခဲ့တာပါလားဟု ဒေါ်သီတာ တွေးလိုက်၏။ ဖေယျ မျက်နှာကိုလည်း ထိုအခိုက် မမြင်ချင်တော့လောက်အောင်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

"မွန် ပြန်တော့မယ် မောင်ရယ်"

ညှိုးငယ်သော မျက်နှာဖြင့် သူ့ရင်ခွင်မှခွာလျက် သူမ ပြောတော့

"နေပါဦးလား မွန်ရယ်၊ ဒီနေ့ဟာ မောင်နဲ့မွန်တို့ နောက်ဆုံးတွေ့ရတာမဟုတ်လား"

"ဟင့်အင်း မောင်၊ ဒီမှာဆက်နေရင် မွန့်စိတ်တွေ ဘယ်လို မှထိန်းနိုင်မှာ မဟုတ်ဘူး၊ ဒါ ဒါကြောင့် မွန့်ကို ခွင့်ပြုပါ"

မျက်ရည်များ ရစ်ဝဲလျက် သူမပြောတော့ သူ သက်ပြင်း ချသည်။ နောက်ဆုံးအနေနဲ့ ချစ်သူမျက်နှာလှလှကို စိုက်ကြည့်မိ၏။

ကြည့်လေ လှလေ ချစ်လို့မဝလေပါလား မွန်ရယ်။

ထိုစဉ် ဝေတို့ပြန်ရောက်လာသည်။





"ဟော မွန် ဘယ်တုန်းကရောက်လဲ၊ ဒီမှာလေ မွန်နဲ့ ကိုနောင်လတ်ကို ကျွေးဖို့ ဝေတို့ ဈေးထွက်ဝယ်နေတာ"

ဈေးခြင်းနှင့်အပြည့် စားစရာများကို ညွှန်ပြရင်း ပြုံးရွှင် သောမျက်နှာဖြင့် ဝေက ပြောပေမယ့်

"မွန် မစားတော့ပါဘူးဝေ၊ ပြန်တော့မယ်"

"ဟင်"

စိတ်ထိခိုက်ဟန်ရှိသော မျက်နှာလေးနှင့် မွန်ပြောတော့ ဝေ အံ့သြသွားရ၏။ နောင်လတ်ကို ကြည့်လိုက်တော့လည်း မျက်နှာ မကောင်း။

"နောင်လတ် မွန့်ကို တားဦးလေကွာ"

ခပ်ငိုင်ငိုင်ဖြစ်နေသော နောင်လတ်ကို မြဖံက သတိပေး ၏။ နောင်လတ် ခေါင်းခါယမ်းသည်။

"နေပါစေ မြဖံ၊ မွန် စိတ်ချမ်းသာမယ်ဆိုရင် ပြန်ပါစေ"

"ခင်းတို့ကလည်းကွာ"

နှစ်ယောက်လုံးကိုကြည့်ပြီး မြဖံတို့လည်း စိတ်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြသည်။

"ရောက်တုန်းနေပါဦးလား မွန်ရယ်၊ နောင်ဆို ကိုနောင်လတ်နဲ့ ဒီလိုတွေ့နိုင်မှာမဟုတ်ဘဲ"

"ဟင့်အင်း ဝေ မွန်သွားပါရစေတော့၊ မတားပါနဲ့တော့ကွယ်"

မောင့်ကို မကြည့်မိအောင် ကြိုးစားရင်း ဝေ့အား သူမပြောမိစဉ် ဖုန်းသံမြည်လာ၏။ ဖုန်းကိုင်လိုက်တော့

"ဟဲလို"

"သမီး မာမီပါ"

"ပြောပါ မာမီ"

မာမီအသံက တစ်စုံတစ်ရာကြောင့် စိတ်လှုပ်ရှားနေဟန်။

"အိမ်ကို ခုပဲအမြန်ပြန်ခဲ့ပါ သမီး"

"ရှင် ဟုတ်ကဲ့မာမီ"

ကိစ္စရှိ၍ မာမီပြန်ခေါ်တယ်ဆိုတာ သူမသိလိုက်၏။ တိုက်ဆိုင်စွာပဲ နောင်လတ် ဖုန်းမြည်လာလျက်





"ဟဲလို ဒက်ဒီ"

ဒက်ဒီဖုန်းနံပါတ်မို့ နောင်လတ် စိတ်မပါစွာ ထူးလိုက်၏။

"သား အခု မင်းဘယ်ရောက်နေတာလဲ"

"ဘာဖြစ်လို့လဲ ဒက်ဒီ"

"ဒက်ဒီကို ဘာမှမေးမနေနဲ့၊ အခု ဒက်ဒီ မင်းကောင်မလေးအိမ် ရောက်နေတယ်သား"

"ဗျာ"

သူအံ့ဩလျက် မွန့်ဆီ လှမ်းကြည့်မိ၏။ ဘာကိစ္စ ဒက်ဒီ တစ်ယောက် မွန်တို့အိမ် ရောက်နေပါလိမ့်။

"ကိစ္စအရေးကြီးတယ်သား၊ မအိမ်မွန်တို့အိမ်ကို သားသိတယ်မဟုတ်လား၊ ခုချက်ချင်း အမြန်လိုက်ခဲ့ပါ"

"ဗျာ…ဟုတ်ကဲ့"

မျက်စိမျက်နှာပျက်နေသော သူ့ကို မြဲဇတို့က ကြည့်သည်။

"ဘာတဲ့လဲ နောင်လတ်"



www.burmeseclassic.com

www.burmeseclassic.com



မြစ်မေးတော့ နောင်လတ်က မျက်နှာပျက်ပျက်နှင့်…

“ဒက်ဒီ ဒက်ဒီလေ မွန်တို့အိမ် ရောက်နေတယ်တဲ့”

“ဟင်”

နောင်လတ်စကားကြောင့် ပြန်ဖို့ခြေလှမ်းပြင်နေသော မွန် အံ့ညသွားရ၏။

“အဲဒါ ခုဝဲလိုက်ခဲ့ဖို့ ခေါ်နေတယ်၊ မွန်လည်း ပြန်မှာ မဟုတ်လား၊ ကိုယ်တို့အတူသွားကြစို့”

“အို မွန့်ကိုလည်း မာမီက ခေါ်နေတာမောင်”

“ဟင် ဒါဆို ဒက်ဒီ ဘာတွေသောင်းကျန်းနေလဲ မသိဘူး အမြန်သွားမှဖြစ်မယ် မွန်”

ညက သူ့ခံစားချက်တွေကြောင့် ဒက်ဒီသည် မွန်တို့အိမ် သွားပြီး ပြောဆိုမည့်ဟန်ပင်။

“မင်းတို့ကိစ္စက စိတ်ဝင်စားစရာပဲ၊ ငါတို့လည်း လိုက်ခဲ့မယ် နောင်လတ်”

“ဟုတ်တယ် မွန်၊ ဘာတွေဖြစ်ကုန်လဲဆိုတာ ဝေလည်း





စိတ်ဝင်စားတယ်”

“အေးကွာ မင်းတို့လိုက်ခဲ့ပေါ့”

နောင်လတ်နှင့်မွန်က ကားတစ်စီးဖြင့် ထွက်ခဲ့သလို မြစ်နှင့်ဝေတို့ကလည်း နောက်မှ ကားတစ်စီးနှင့် လိုက်လာ၏။

“အိမ်မှာတော့ ဘာတွေဖြစ်ကုန်ပြီလဲ မသိဘူး မောင်” လမ်းမှာ မျက်နှာလေးပျက်၍ မွန်ပြောသည်။

“မောင့်ဒက်ဒီတော့ မွန်တို့အိမ်မှာ သွားသောင်းကျန်းနေတယ်ဆိုရင် သိပ်ကို အားနာစရာကောင်းနေပြီ”

“ဟင် မောင့်ဒက်ဒီက ဘာကြောင့် ဒီလိုလုပ်မှာလဲ” နားမလည်သလို သူ့မမေးတော့ သူ သက်ပြင်းချ၏။

“မွန်ကြောင့် မောင် ခံစားနေရတာ ဒက်ဒီသိတယ်၊ ဒက်ဒီ ကိုယ်တိုင်က အချစ်ဦးနဲ့ လွဲခဲ့တော့ တစ်သက်လုံး ခံစားနေရတယ် လေ၊ ဒါကြောင့် မောင့်ကိုလည်း သူလိုဖြစ်မှာစိုးတာနေ”

“မွန်က မောင့်ကိုထားခဲ့လို့ မောင့်ဒက်ဒီ စိတ်ဆိုးနေတာ မဟုတ်လား”

www.burmeseclassic.com



စိတ်မကောင်းစွာ သူမပြောမိသည်။ သူ ခေါင်းခါယမ်း ကာ

"ဒီလိုမတွေးပါနဲ့ မွန်၊ ဒီကိစ္စမှာ မွန်လည်း မတတ်သာ လို့ မောင်နဲ့လမ်းခွဲခဲ့တာပဲ"

"အဟင်း မောင်က ဒီလိုနားလည်ပေးလေ မွန် အားနာ ရလေပါပဲကွယ်"

"မပြောပါနဲ့တော့ မွန်"

မကြာခင် မွန် လက်ထပ်မှာ သိပေမယ့် ရင်နာတဲ့စကား တွေ သူဆက်မကြားချင်ပေ။ မကြာခင် မွန်တို့အိမ်သို့ ရောက်လာ သည်။

အိမ်ရှေ့မှာ ဒက်ဒီကားကို တွေ့လိုက်ရ၏။ ဒက်ဒီကား နောက်မှ တခြားကားတစ်စီး။

"ဟင် ကိုဇေယျလည်း ရောက်နေတာပါလား"

ကားပေါ်မှဆင်းရင်း သူမပြောလိုက်တော့ အားလုံး လူစုံ နေတာမို့ သူပို၍ စိတ်ပူသွားသည်။





"ဒက်ဒီ ဘာတွေလုပ်နေတာလဲဗျာ၊ ဒီကိုဘာကိစ္စနဲ့လာ"

တစ်စုံတစ်ရာဖြစ်ပြီထင်၍ နောင်လတ် အိမ်ထဲ ကမန်း ကတန်း ဝင်ရင်း ပြောလိုက်ခြင်းပါ။ သို့သော်

"သားရောက်လာပြီကိုး၊ လာ ထိုင်ဦး"

"မာမီ"

"ဟော သမီးလည်း ရောက်လာပြီ၊ လာ လာ ကိစ္စအား လုံးရှင်းရအောင်"

ဦးမင်းလတ်နှင့် ဒေါ်သီတာတို့က ဘာမှမဖြစ်ဘဲ သူတို့ ကို သွက်လက်စွာကြိုသည်။ တကယ်တမ်း ဖြစ်နေတာက ဘယ်သူ့ ကိုမှ စကားမပြောဘဲ ခုံပေါ်မှာ ငေးငိုင်စွာထိုင်နေသည့် ဇေယျ။ ဇေယျနှင့် မလှမ်းမကမ်းမှာ ထိုင်နေသည့် မိန်းမငယ်သားအမိနှစ်ဦး။

"ဘာတွေဖြစ်ကြတာလဲ မာမီ၊ ကိုဇေယျကကော ဘယ်လိုရောက်လာတာလဲ"

မွန်ကကြည့်ပြီး နားမလည်သလိုမေးတော့ ဦးမင်းလတ်

"သမီးက မအိမ်မွန်ဆိုတာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဟုတ်ကဲ့အန်ကယ်"

ယဉ်ကျေးသိမ်မွေ့ ချော့မောလှပသော သူမကိုကြည့်ကာ နောင်လတ် ဘာကြောင့် စွဲလမ်းရတယ်ဆိုတာ သဘောပေါက်သွားရ၏။

"အေး အန်ကယ်က ဟောဒီမောင်နောင်လတ်ရဲ့ ဖခင်ပဲ၊ ဦးမင်းလတ်တဲ့"

"ဪ တွေ့ရတာဝမ်းသာပါတယ် အန်ကယ်"

လူချောလူခန့်ကြီး ဦးမင်းလတ်ကို ကြည့်ပြီး သူမ လေးစားစွာ နှုတ်ဆက်လိုက်၏။

"အေး အဖြစ်အပျက်ကတော့ ဒီလိုကွယ့်၊ ဟောဒီမိန်းကလေးသားအမိဟာ မောင်ဇေယျရဲ့ဇနီးနဲ့ သားပဲ"

"ရှင်"

"ဟင်"

ဦးမင်းလတ်၏ စကားကြောင့် မွန်မျက်နှာတစ်ခုလုံး ဖြူရော်သွားသလို နောင်လတ်မှာလည်း ရုတ်တရက် အံ့သြသွား





ရ၏။

"သေချာအောင်လို့ မောင်ဇေယျကို မာမီခေါ်မေးတော့ ဝန်ခံတယ်လေ သမီး"

"အို"

ဒေါ်သီတာက ကိုဇေယျအား ခွင့်မလွှတ်နိုင်ဟန်ဖြင့် ကြည့်ကာ ပြောသည်။

"ကို ကိုဇေယျ ဒီ ဒီကိစ္စ တကယ်ပဲလားဟင်"

မယုံနိုင်သလို သူမမေးတော့ ဇေယျ လေးလံစွာဖြင့် ခေါင်းညိတ်သည်။

"ကိုယ့်ကိုခွင့်လွှတ်ပါ မွန်"

ကြည့်စမ်း ဒါ ကိုဇေယျ ဝန်ခံလိုက်တာပေါ့။ ကံကောင်းလို့ သူမ ဒီကိစ္စသိလိုက်တာပါလား။

"ရှင် ရက်စက်ယုတ်မာလှချည်လားဟင် ကိုဇေယျ၊ ကျွန်မကို မယားပြိုင်နေရာထားဖို့ စိတ်ကူးခဲ့တယ်ပေါ့လေ"

"ငါ့သမီးလေး အချိန်မီ ကံကောင်းသွားတယ်၊ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကိုမင်းလတ်ကို ကျေးဇူးတင်ရမယ်''

ဒေါ်သီတာက မိခင်တစ်ယောက်အနေဖြင့် ရင်နာစွာပြော၏။

''ဒီမှာ မောင်ဖေယျ''

''ပြောပါ မာမီ''

''ခုချိန်ကစပြီး ငါ့ကို မာမီလို့လည်းမခေါ်နဲ့၊ မင်းရဲ့သွေးသားဖြစ်တဲ့ တူးတူးကိုလည်း ပြန်ခေါ်သွားပါ''

''မာမီ''

တူးတူးအကြောင်းပါလာတော့ မွန် ဟန့်တား၏။

''မာမီ့ကိုမတားနဲ့သမီး၊ သင်းက မာမီတို့ တူးတူးကို ချစ်တာအကြောင်းပြုပြီး ဒီလိုယုတ်မာဖို့ကြံတာ''

အရင်က သဘောကောင်းသလောက် ယခုတော့ ဒေါ်သီတာဒေါသကို ဘယ်သူမှ လိုက်မမီပေ။ ကိုဖေယျက ဒေါ်သီတာရှေ့ ဒူးထောက်လိုက်၏။

''ကျွန်တော် မှားခဲ့ပါတယ် မာမီ၊ မွန်ကို လက်ထပ်ဖို့





စဉ်းစားခဲ့တာ တကယ်ပဲ ကျွန်တော်တို့မိသားစု မခွဲရအောင်လို့ပါ''

''တော်စမ်း ဖေယျ၊ မင်းက ငါ့သမီးအပျိုလေးကို ရောဂါနှစ်ခိုင်းမလို့ မဟုတ်လား''

ဖေယျက မွန့်ကို တောင်းပန်ဟန်ဖြင့် ကြည့်၏။

''ကိုယ့်အပြုအမူဟာ မွန့်အတွက် ခွင့်လွှတ်စရာမဟုတ်ဘူးဆိုတာ သိပါတယ်၊ ဒါကြောင့် မွန့်အပေါ် ပေးဆပ်တဲ့အနေနဲ့ တူးတူးလေးကို ကိုယ် စွန့်လွှတ်ပါမယ်''

''အို ရှင်တကယ်ပြောတာလား ကိုဖေယျ''

မွန်ရင်ထဲ ဝမ်းသာသွားလျက် သေချာအောင်ထပ်မေး၏။ ဖေယျက နောင်လတ်ကို လှမ်းကြည့်သည်။ ထို့နောက် နေရာမှထလျက် မျက်နှာချင်းဆိုင်ကာ

''ဒေါက်တာလက်ထဲကို ကျွန်တော့်သားလေးကို ယုံကြည်စွာ အပ်ခဲ့ပါရစေဗျာ''

''ဟာ စိတ်ချပါ ကိုဖေယျ၊ မွန်ရဲ့သားဟာ ကျွန်တော့်သားပေါ့ပဲ''



www.burmeseclassic.com

www.burmeseclassic.com



နောင်လတ် အမြန်ကတိပေးလိုက်၏။

"ကျေးဇူးပါပဲ ဒေါက်တာ၊ ဒါဆို ကျွန်တော့်ကိုခွင့်ပြုပါ၊ တဲ မီငယ် ပြန်ကြမယ်"

"ဟုတ်ကဲ့ ကိုကို"

မိန်းမငယ်သားအမိကို ခေါ်လျက် ဧယျ ပြန်သွားတာကို အားလုံးကြည့်နေလိုက်၏။

"ဟင်း ကျွန်မကြောင့် ကျွန်မသမီးလေး ရေတိမ်နစ်တော့ မလို့ ကျေးဇူးပါပဲ ကိုမင်းလတ်ရယ်"

ဒေါ်သီတာက ဦးမင်းလတ်ကိုကြည့်ပြီး ပြောသည်။ ဦးမင်းလတ်က ပြုံးပြုံးကြီး ခေါင်းခါယမ်းကာ…

"မလိုပါဘူးဗျာ သားနဲ့သမီးကို သဘောတူပေးတဲ့ မသီတာဆိုတာ ကျုပ်က ကျေးဇူးတင်ရမှာပါ"

လိုတာထက်ပို၍ ရင်းနှီးနေသော လူကြီးနှစ်ယောက်ကို လူငယ်များက နားမလည်သလို ကြည့်လိုက်ကြလေ၏။



www.burmeseclassic.com

"အင်း မေတ္တာစစ် မေတ္တာမှန်တော့ နောက်ဆုံး ကိုနောင်လတ်နဲ့ မွန်တို့ ပေါင်းဆုံရတာပဲနော်"

သည်နေ့ နှစ်ဖက်လူကြီးမိဘများ၏ သဘောတူညီချက်အရ ဒေါက်တာနောင်လတ်နှင့် တက္ကသိုလ်မှ ဆရာမလေး မအိမ်မွန်တို့ တရားရုံးတွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခဲ့ပြီ။

သတို့သား သတို့သမီး၏ သက်သေများအဖြစ် ဒေါက်တာမြစ်နှင့် ဝေတို့က လိုက်ပါကြသည်။

တရားရုံးထဲမှ အပြုံးကိုယ်စီဖြင့် ထွက်လာကြသော ခန့်ညားချောမောသည့် သတို့သား နောင်လတ်နှင့် လှပယဉ်ကျေးသည့် သတို့သမီး မွန်တို့ကို ကြည့်ပြီး ဝေက ကြည်နူးစွာပြောလိုက်ခြင်းပါ။





"ဒါပေါ့ ဝေ၊ နောင်လတ်ရဲ့မေတ္တာက စစ်မှန်တော့ ဖုံးခဲ့ ပြန်ဆုံကြတာ ကိုယ်တော့ နောင်လတ်အတွက် ဝမ်းသာရတာပေါ့"

"အံမယ် ဝေကလည်း မွန် မေတ္တာစစ်မေတ္တာမှန်လို့သာ ကိုနောင်လတ်နဲ့ ဆုံတာမို့ ဝမ်းသာတာပဲနော်"

မြတ်နှင့် ဝေတို့က ကိုယ်စီသူငယ်ချင်းတွေအကြောင်းမှ ဝမ်းသာမှုဖြစ်လျက် အပြိုင်ပြောနေကြခြင်းပါ။

ထိုအချိန်

"မွန်"

"မောင်"

တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်လျက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အပြုံးကိုယ်စီဖြင့် ခေါ်မိကြ၏။

"မောင်တော့ ခုလို မွန်နဲ့ လက်ထပ်လိုက်ရတာသာ အိပ်မက်တစ်ခုလားလို့ အောက်မေ့မိတယ်"

"အဟင်း မောင်ကလည်း ဘယ်လိုလုပ် အိမ်ထောင်ဖြစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လဲရှင့်၊ ဟိုမှာကြည့်ပါဦး မောင့်ဒက်ဒီနဲ့ မွန့်မာမီ၊ ဟိုမှာက ကိုမြဖံနဲ့ ဝေ၊ အားလုံး မွန့်တို့နဲ့ အတူရှိနေတာမဟုတ်လား"

ယယ်စဉ်ကတည်းက ချစ်လာရသော ဒေါ်သီတာကို ဦးမင်းလတ်က မြတ်နိုးသော မျက်လုံးများဖြင့် ကြည့်လျက်…

"လောကကြီးဟာ အံ့သြစရာပဲနော် မသီတာ၊ တစ်ချိန်က မဆုံစည်းခဲ့ရတဲ့ ကိုယ်တို့နှစ်ယောက်ရဲ့ သားနဲ့သမီးဟာ ခုတော့ ဖူးစာလာဆုံနေကြတယ်"

"အဟင်း ဟုတ်တယ်နော် ကိုမင်းလတ်၊ ကျွန်မဖြင့် ဒီတစ်သက် ကိုမင်းလတ်နဲ့ ပြန်ဆုံစရာ မရှိတော့ဘူးလို့ ထင်ခဲ့တာ"

ထိုစကားကြောင့် ဦးမင်းလတ်က အပြုံးဖြင့် ခေါင်းခါ၏။

"ဘာကြောင့် မဆုံရမှာလဲ မသီတာ၊ ကိုယ်ဟာ တစ်သက်လုံး မသီတာကို တမ်းတခဲ့တာပဲ"

"အို"

"ဒီတစ်ကြိမ်မှာလည်း ကိုထပ်ပြီး ခွင့်ယန်ပါရစေ၊ ဟောဒီကမ္ဘာကြီးရဲ့ နောက်ဆုံးရက်ထိ ကိုယ်တို့မိသားစုလေး တစ်စုတည်း





စည်းစည်းလုံးလုံး နေပါရစေလား မသီတာ"

လေးနက်စွာ ဦးမင်းလတ်ပြောလာတော့ ဒေါ်သီတာ ရှင်မှာ နွေးလာရပါသည်။ အရင်က ဒီလူတစ်ယောက်၏ အချစ်ကို သာမန်ပဲဟု ထင်ခဲ့သမျှ ယခုလို တကယ်လေးနက်မှန်း သိလာတော့ မိန်းမပီသစွာ ကရုဏာဖြစ်မိပြီ။

"ကိုယ့်ကို တစ်ခုခုပြောပါဦးလား မသီတာ"

"ကျွန်မ ဘာပြောရမှာလဲ ကိုမင်းလတ်ရယ်၊ ခုချိန်က ကိုမင်းလတ်နဲ့အတူ ကျွန်မလည်း အထီးကျန်နေရသူပါ၊ ဒီလိုအချိန် မိသားစုအားလုံးနဲ့ ကျွန်မလည်း ဘယ်ခွဲချင်ပါ့မလဲရှင်"

"ဟင် ဒါ ဒါဆို ကိုယ်ဝမ်းသာရမှာပေါ့နော်၊ မသီတာ"

"အို ဟိုမှာ သားနဲ့သမီးလာကြပြီ"

ဦးမင်းလတ်က ဝမ်းသာစွာဖြင့် ဒေါ်သီတာလက်ကို ဆွဲလိုက်ချိန် နောင်လတ်နှင့် မွန်တို့ရောက်လာကြ၏။

"ဒက်ဒီနဲ့မာမီ"

"သား"



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

"အဟင်း ကျွန်တော်တို့က ဒက်ဒီနဲ့မာမီတို့ ခုလိုပြန်ဆုံခွင့်ရတဲ့အတွက် သိပ်ကို ဝမ်းသာနေကြတာပါဗျာ"

"မှတ်ပါတယ် မာမီ၊ တစ်သက်လုံး အထီးကျန်ခဲ့တဲ့မာမီနားမှာ ဒက်ဒီရှိနေရင် သမီးကလည်း ကျေနပ်ပါတယ်"

နောင်လတ်နှင့် မွန်တို့၏စကားများအဆုံး လက်ခုပ်သံများထွက်ပေါ်လာလျက်…

"အန်ကယ်နဲ့အန်တီကို ကျွန်တော်တို့လည်း သဘောတူပါတယ်"

"သတို့သား အန်ကယ်နဲ့ သတို့သမီး အန်တီတို့ဘက်က ကျွန်တော်တို့ သက်သေလိုက်ပါမယ်ခင်ဗျာ"

မြစံနှင့်ဝေဝေတို့က ဦးမင်းလတ်နှင့် ဒေါ်သီတာတို့၏လိုက်ဖက်မှုကို ဩဘာပေးရင်း ဝမ်းသာစွာပြောကြသည်။

"အဟွန်း ဟွန်း သားတို့သမီးတို့အားလုံးကို ဒက်ဒီက ကျေးဇူးတင်ပါတယ်ဗျာ"





"အို မာမီလည်း အတူတူပါပဲနော်"

ဦးမင်းလတ်စကားကို ဒေါ်သီတာက အမြန်ဝင်ပြောအပြီး အားလုံး ရယ်မောပျော်ရွှင်လျက်…

"ကဲ ကဲ ဒီနေ့တော့ နှစ်မင်္ဂလာပဲ၊ ခုတော့ သုံးမင်္ဂလာဖြစ်အောင်…

"ဒက်ဒီ မာမီ"

"သား"

"တူးတူး"

အဖြူရောင် ဝတ်စုံလေးနှင့် တူးတူးသည် နောင်လတ်နှင့် မွန်တို့ထံ ပြေးလာ၏။

မတိုးလေးက တူးတူးကို ထိုသို့ခေါ်ဖို့ ကြိုတင်သင်ပေးခဲ့ခြင်းဖြစ်သည်။

တူးတူးကို တွေ့လိုက်တာနှင့် နောင်လတ်မျက်နှာ ပြုံးသွားလျက်…

"သား၊ ဒက်ဒီသား"



www.burmeseclassic.com

www.burmeseclassic.com



အနားရောက်တာနှင့် ဗွေ့ခနဲပွေ့ချီလိုက်လေ၏။ မွန်က တူးတူးကို ချစ်မဝစွာကြည့်ရင်း…

"မာမီတဲ့လား ကလေးရယ်"

ဟု ကြည်နူးစွာဆိုသည်။

"မြေးလေး ဘိုးဘိုးနဲ့ ဘွားဘွားဆီလာပါဦးကွယ်"

ဦးမင်းလတ်နှင့် ဒေါ်သီတာက လှမ်းခေါ်၏။

"ဘိုးဘိုးကြီး သားသားကို အရုပ်တွေဝယ်ပေးရမယ်နော်"

"ဟား ဟား ဝယ်ပေးမှာပေါ့ သားလေးရယ်၊ ဘိုးဘိုးကြီးကို မြေးလေးချစ်လား"

"ချစ်တယ် အများကြီး"

"ဟား ဟား ဟဲ ဘွားအေကြီးကြားတယ်နော်"

ဦးမင်းလတ်က တူးတူးလေးကို ပွေ့ချီလျက် ပါးဖောင်းဖောင်းလေးအား နမ်းလိုက်၏။

ထိုမြင်ကွင်းကို ဒေါ်သီတာ ပီတိဖြစ်စွာကြည့်သည်။

ဦးမင်းလတ်နဲ့ မောင်နောင်လတ်တို့ဟာ သဘောထားပြည့်





ဝသော ယောကျ်ားတွေပါလား။

"ကဲ ကဲ သုံးမင်္ဂလာတော့ဖြစ်သွားပြီ၊ ဒီတော့ အားလုံးလည်း ဗိုက်ဆာပြီမို့"

"ဟိုတယ်မှာ ဘွတ်ကင် အသင့်လုပ်ထားပါတယ်ဗျာ၊ အားလုံး သွားကြပါစို့"

မြဇံက စကားစလိုက်တာနှင့် နောင်လတ်ဝင်ပြောလိုက်သည်။ အားလုံး ဟိုတယ်သို့ ကားကိုယ်စီဖြင့် ထွက်ခဲ့ကြ၏။

"မွန် ပျော်တယ်မဟုတ်လားဟင်"

"အဟင်း မောင်ကော"

"ပျော်တာပေါ့ မွန်ရယ်၊ ဟော့ဒီက မောင်ရဲ့ ချစ်ဦးမွန်ကိုတစ်သက်တာအတွက် ပိုင်ဆိုင်ရတာပဲ"

"အို မောင်ရယ်"

မွန့်အတွက်ကလည်း မောင်ဟာ ချစ်ဦးမောင်ပါပဲရှင်။

"မွန် အချစ်ရယ်"

ကားမောင်းနေသော သူ့ပခုံးပေါ် ခေါင်းလေးမှေးတင်



www.burmeseclassic.com

www.burmeseclassic.com



လျက်နှ မှန်ပြောလိုက်တာကြောင့် သူ့ရင်ထဲ ပီတိသိမ့်သိမ့်ဖြင့် ငြိမ့်ငြိမ့်ခါသွားရလေ၏။

ရှေ့မှာ မြင်နေရသော ချစ်ခရီးလမ်းက လှပသာယာခြင်းအတိဖြင့် ပြီးပြည့်စုံလျက် ရှိနေသည် မဟုတ်လား။

ပျော်ရွှင်ပါစေ။

ရွှေအဥ္စလီ

---

ပြီးပါ၏ ဝ စာပေ

www.burmeseclassic.com